TWO CATS PUBLICATION
မောင်မျိုး စီစဉ်သည်

# သိုးဆောင်းဝစ်တာတစ်လက်ရဲ့မှတ်တမ်း

လုံးချင်းဝတ္ထုသစ်

တာရာမင်းဝေ

အားလုံးကို စွန့်လွှတ်ရရင်တောင်မှ
သတိရခြင်းကို ငါပိုင်တယ်....

SWN design

လင်းဝေဇော်ဒါမှာ

ညတစ်ညပါ…။

မြူနှင်းတွေနဲ့ ဝေရသိမ်မှုန်လင်းနေတဲ့ ညပါ။

လမင်းကလည်း အဝေးကမှုန်ပျပျလှငါ၊ သလိုမျိုးပေါ့။

ကျွန်တော်ဆိုတဲ့ ကောင်ကလေးတစ်ယောက်ရဲ့

ကောင်းကင်ကို အငေးမျက်ဆန်ဆန် ဝိုးဝေ့နေ

တယ်။

ပျံ့ထုံချိုမြတဲ့ ပန်းရနံ့ သင်းကြူကြူတွေ၊ လရောင်

အောက်မှာ အညှိုတောက်တောက်အသွင် ရှိနေ

တဲ့ သစ်ကိုင်းသစ်ခက်တွေ၊ တစ်ချက်တစ်ချက်

မှာ တောင်ပံကိုတစ်လွှာချင်းကိုက်ပြီး ပျံသန်း

သွားတဲ့ ညငှက်တွေ။

အဲဒါတွေအားလုံးရဲ့…

လှပနေသသပိတဲ့ ညအခင်းအကျင်းအောက်မှာ

ကျွန်တော် ကဗျာတစ်ပုဒ် ရေးဖြစ်ခဲ့ပါတယ်။

ကဗျာရဲ့နာမည်က…

မီးတောက်ရစ်သမီ …တဲ့။

ကြောင်နှစ်ကောင်စာအုပ်တိုက်

**(၈)**

အခုလို . . .

လှပအေးစက်နေတဲ့ ညမှာပဲ

ငါ . . . ပျိုးထားတဲ့ မြနှင်းဆီဟာ

ကြယ်တစ်ရာ ခြံရံပြီး ကြွေကျသွားခဲ့တယ်။

တိမ်လွှာမျှင်းကောက်တွေကလည်း

ချစ်သူတစ်ယောက်ရဲ့ မီးအိပ်မက်မှာ

ရွှေမျက်ရည်တွေ စီးလက်လာပြီလို့

မှိုင်းညို့နေတဲ့ ကောင်းကင်ကြီးကို

တီးတိုးပြောကြားလိုက်တယ်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

'ချစ်ခြင်းမေတ္တာ' ဟာ
မှော်ဆရာတစ်ယောက်ရဲ့ နိဂုံးလို
နောက်ဆုံးမှာ
မီးခိုးလုံးများ ဖြစ်သွားရော့မလား...လို့
နှုတ်ခမ်းကိုက်ပြီး... ငါ စဉ်းစားဖူးတယ်...။

လူငယ်တစ်ယောက်ကိုပြုစားဖို့
အဘယ်ဘုရားထံ
နင့်လက်တွေ ဖြန့်ကားတောင်းခံခဲ့သလဲ...
ငါ့ရာဇဝင်ခပ်ကျဲကျဲကို
ငရဲမီးထဲ တွန်းချလိုက်ချင်တယ်။

... ... ... ... ...
... ... ... ... ...





လောကဓံဦးတုန်းက
အလွန်အကြူးသောက်ခဲ့တဲ့ အရက်တစ်ခွက်
ခုမှ... စံပယ်ရွက်ပေါ် မူးလဲ
အသည်းကွဲတယ်...ဆိုတာ
သီချင်းလေးတွေ တိုးတိုးညည်းရင်းက
ထိရှခဲ့တဲ့...သွေးမဲ့ဒဏ်ရာတစ်ချက်ပါ...။

သိုးကျောင်းသားရဲ့ ခံနိုင်ရည်နဲ့
နတ်ဘီလူးတွေရဲ့ သတိရခြင်းမျိုးက
ငါ့ကို... စီးမိုးထားတယ်...။

စက်ရုပ်ကို ဒူးထောက်ကျစေတဲ့
နင့်ရဲ့... မျက်ဝန်းစိမ်းလဲ့မှာ
ငါ... ဘယ်လိုမှ မေ့မရတဲ့
မဟာလက်ာတစ်ပိုင်းတစ်စ... ရှိနေလေရဲ့...။

အဲဒီလိုနဲ့ပဲ
ငါ… ပြန်လည်ချည်နှောင်ခဲ့ပါ့မယ်…
ချစ်သော… ဖဲကြိုးဝါကလေးရယ်…။

လျှပ်စစ်မျှင်တန်းလို
ပူလင်းပြင်းထန်လွန်းတဲ့
သူရူးတစ်ယောက်ရဲ့ ပေါ့ဖက်မှုတွေထဲ…
ခု… ရထားတို့ ဥဩဆွဲလိုက်ကြပြီ…
'…ပြီးဆုံးသွားပါပြီ…
…အားလုံး ပြီးဆုံးသွားပါပြီ…' တဲ့။





(၂)

အံရှေ့လေတွေ တိုက်တုန်းက
ခါးကုန်းနေတဲ့ ငါတို့ရဲ့ မြရာပင်အိုကြီးဟာ
တုန်ယင်ချည့်နဲ့စွာ ယိမ်းထိုးနေတော့တယ်…။

ကျောင်းတော်ရဲ့စည်းအပြင်
နှောင်းရိပ်တွေတလွင်လွင်နဲ့…
ထင်ယောင်ထင်မှား
လမ်းပေါ်မှာ ငါစဉ်းစားတာ…
နင့်အကြောင်း…ခေါင်းစဉ်များစွာပါပဲ။

ထိပ်ထားရယ်…
အီဂျစ်ပြက္ခဒိန်ထဲက
မိုးတိမ်တွေရွာမယ့်နေ့
နင်နဲ့ငါ…ပြန်လည်ဆုံတွေ့ကြရင်……
ဒီအကြောင်းတွေ ပြောပြချင်ပါသေးတယ်…။

ငါက…ဆပ်ပြာပူဖောင်းကို ခိုစီးပြီး
မြင်းမိုရ်တောင်ကြီးနဲ့ တိုက်မိမှာ
စိုးရိမ်ရှာသူ မဟုတ်ခဲ့…
ဒါပေမယ့်…
လေပွေလမ်းကြောင်းများမှာ
တုန်ဝါးဖျော့အေး
'သစ္စာ'ကို ပဲ့တင်သံနဲ့ပဲ ပြန်ပေးနိုင်ခဲ့သူ…။





နိုလာ-စာပေ
ဗ-လမ်း(A)၊ တိုက်(၁၅)၊ အခန်း(၀၀၄)
ဖုန်း- ၅၉၃၁၂၇

ငါ့ကိုသတ်… ငါ့ရင်ဘတ်ကို ထိုးခွဲဖောက်လှန်ကြည့်
ငါ့လက်သီးထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ထားတဲ့
သုညတစ်လုံးပဲ ရှိလိမ့်မယ်။

ဝိုင်ယာကြိုးတွေ
'ထောင်း'ခနဲ မီးပွင့်ပြတ်တောက်ပြီး
ရုတ်ခြည်း မှောင်အတိကျသွားတဲ့
'အန္ဓ'တို့ရဲ့ အိမ်အိုမှာ…
တေလေပီသစွာ… ငါနေတယ်။

တိတ်ဆိတ်… ပြာလဲ့နေတဲ့ည
ရေတွင်းထဲ ခေါင်းငုံ့ပြီး
'………'ကို ချစ်တယ်…လို့
ဘယ်ဆီဘယ်ဝယ်… ဟစ်အော်တမ်းတရတာ
ဘာကြောင့်ပါလဲ…။

ပခုက္ကူ-ငွေရှိ
(၃၀၀)၊နှီးဈေး၊(၃၁)ဘော်ဒါ၊(A)ဆိုင်-ခွဲ
ဖုန်း-၃၆၅၁၂

'အုံ့ပုန်းချစ်'သီချင်းကို
မဆိုချင်ဘဲ ဆိုရတာ
ရွှေရည်စိမ်ထားတဲ့ လက်ပစ်ဗုံးကို
ကိုက်မျိုရသလိုပါပဲ…လို့
အက်ကွဲနေတဲ့ မယ်ဒလင်ကြီးက…
ငါ့ကို ပြောပြတယ်။

အဲဒီလိုနဲ့…
မိုးကိုဆန့်မြောက်ထားတဲ့
မမိနိုင်သောကမ်းလက်တွေဟာ
ဟိုး…တုန်းကလိုပဲ
ငါ့ဆီမှာ…မြေမှုန်တွေ စွန်းထင်းလျက်ပါပဲလေ…။





(၃)

'လူဆိုတာ…
လင်းဝေစိမ်းမြတဲ့ ပန်းညများစွာထက်
သရဲခြောက်,ရာ ညတစ်ညကို… ပိုသတိရတတ်တယ်'…။

ငါသေသွားခဲ့လို့ရှိရင်
ငါ့ရဲ့သင်္ချိုင်းဂူမှာ
ကြက်ခြေခတ်တစ်ခုကိုသာ
မှတ်တိုင်အဖြစ် စိုက်ပေးထားပါ။

တကယ်တော့… အဲဒါဟာ
ငါသိသမျှ လောကဓမ္မကို
အကြွင်းမဲ့ ဖော်ပြသွားခြင်းပဲ ဖြစ်လိမ့်မယ်။

ဟိုးငယ်ငယ်… ကျောင်းမပြေးတတ်ခင်တုန်းက
ခရေပွင့်ပြထားတဲ့ သင်္ချာတစ်ပုဒ်
ငါ့အပေါ်ခုန်အုပ်ပြီး
မင်နီတွေရဲခနဲ သုတ်သွားဖူးတယ်။

ငါ… သတ္တိကောင်းကင်မှာ… နီလွင်ထစ်ချုန်း
တစ်…
နှစ်…
သုံး…
အနက်ရှိုင်းဆုံး ထိုးကျပစ်လိုက်တယ်…။

ထူးလှတယ်တော့လည်း မဟုတ်ပါဘူးလေ…
ကြောက်မက်ဖွယ်ရာလူတွေရဲ့
မဟာဘုတ်ဖေဒင်ထဲမှာမှ
ငါကလည်း 'အဓိပတိဖွား' ဖြစ်ချင်ခဲ့တာကိုး…။





မြောက်လေသွေးတိုင်း မွှေးမြတဲ့မျက်ရည်နံ့တွေ
လူငယ်တစ်ယောက်ရဲ့ လာရာလမ်းမှာ
ခုထက်ထိ သင်းပျံ့ဆွတ်ပေနေတယ်ဆိုတာ
ဘယ်သူကများ… မျှဝေခံစားခဲ့သလဲ…။

အိမ်အပြန် ညများစွာမှာ
ဘယ်သူ့မှ မပြောချင်တဲ့စကားတွေ ပွေ့ပိုက်
ကိုယ့်ကိုယ်ကို… 'လူမိုက်'လို့ ပြန်ခေါ်ခဲ့ရတယ်…။

၁၉၉၃… ၁၉၉၄…
ငါ့ကဗျာလေးတွေ ဆွေးမြည့်ကြေကွဲ
လမ်းဘေးအုတ်ခုံပေါ် လဲကျနေတယ်…။

နှင်းမြားတစ်လက်ရဲ့ အဆိပ်နဲ့
နိမိတ်မကောင်းတဲ့ပုံပြင်
မမြင်ဘူးသောနေ့များ . . . ညများ
ပိတောက်ကိုင်းဖျားမှာ . . . ဝပ်တွားစုရုံး
ငှဲ့ကို . . . ချည်ထုံးခဲ့တာ . . .
(ခု . . . အချိန်တိုင်အောင် . . .)
အလင်းစိမ်းတန်းတွေ ရစ်ပွှာလို့ . . .။





(၄)

မြို့ပြင်လမ်းကွေ့က
တွေ့ခဲ့ဖူးတဲ့ ဂျစ်ပစီတွေလို
ဖြစ်ခဲ့သမျှကို
ရယ်ကာမောကာ ပြန်ပြောနိုင်တဲ့အကျင့်လေး
သွေးအေးအေးနဲ့ ကြိုးစားမွေးနိုင်ခဲ့ပြီ။

. . . . . . . . . . . . . . .
. . . . . . . . . . . . . . .
. . . . . . . . . . . . . . .
. . . . . . . . . . . . . . .

ဘာပဲဖြစ်ဖြစ်...
ကျောက်ခေတ်၊ ကြေးခေတ်
ညျူကလီးယားကင်ဆာ၊ အနာဂတ်ခေတ်
အားလုံးအတွက်
သေချာတဲ့ငါ... ကြေညာချက်ကတော့
နင့်ကိုထာဝရ ချစ်နေမယ်ဆိုတာပါပဲ...။

ထိပ်ထားရယ်...
ဖြစ်နိုင်မယ်ဆိုရင်...
ဂန္ထဝင်ပန်းပုရုပ်ဒ်မှာ...
နန်းသုံးအက္ခရာနဲ့ ခြယ်မှုန်း
နင့်နာမည်လေး စာသုံးလုံးကို
စီရီသီကုံး ပေးချင်တယ်...။

နင့်အပေါ်ထားတဲ့... ငါ့ရဲ့ချစ်ခြင်းမေတ္တာဟာ
မိုးပေါ်ကို ဦးမော့ပြီး
ဝင်းပစွာ... လင်းမြတုန်ခါနေတဲ့...
ရွှေဝါရောင် မီးတောက်မီးလျှံလိုပါပဲ...။

ကြောင်နှစ်ကောင်စာအုပ်တိုက်



ကျောင်းရှေ့က စံပယ်ရုံမှာ
ဗီးနပ်စ်ရဲ့ နက္ခတ်တို့ တလက်လက်ပြာဝေမှုန်သင်း
ကျောင်းခန်းတွင်းမှာ...
လမင်းကလေး သာခဲ့ဖူးတယ်...။

ချစ်သောကျောင်းသွားဖော်ရဲ့
ပန်းရုပ်လွှာကို မျှော်တွေးရင်း
ဆွေးလျှညှိုးခွေ... ဖြေမပြေသူလေးအတ္ထုပ္ပတ္တိ
မြရာပင်ကြီး သိပါတယ်...။

ကမ္ဘာဦးလူတို့လည်း (ဂူနံရံမှာ)
ယယ်ကျွမ်းမျက်နှာဝေဝါး
ပညာရှိကြီးများရယ်...
ပါဠိစာလုံးတွေနဲ့
ငါ့အပေါ် မဆုံးဖြတ်ပါနဲ့ဦး...။

ကြောင်နှစ်ကောင်စာအုပ်တိုက်

"ချစ်သူကိုတောင်
ချစ်တယ်လို့ မပြောရဲတဲ့ကောင်...
ရာစုတစ်ထောင်နေရစ်ခဲ့...
ထိုသို့ဖြင့် စကားမဲ့စေသတည်း"
မြရာပင်ကြီးရဲ့
ညည်းတွားသံ့သံ့ သန်းခေါင်ယံ
ငှက်ဆိုးအုပ်နဲ့အတူ
ရုတ်တရက်လန့်ပျံသွားတယ်...။

ချို့တဲ့သော ဘဝ
ဆန္ဒရဲ့ မပြေလည်မှု
အနီရောင်မှတ်တမ်းတစ်ခုနဲ့ ချစ်သူ့အတွက် ပန်သစ္စာ
ဩော်... ငါ့ကိုလေ
နားလည်ပါ... နားလည်ပါ
နားလည်စမ်းပါ...။





(၅)

အဲဒီနေ့ရက်တွေမှာ
မာန်နတ်ရဲ့ ဘယ်ဘက်လက်က
အနက်ရောင်ကျမ်းချက်တစ်ပိုဒ်ဟာ
ငါ့ကို စီးနင်းတိုက်ခိုက်ဖို့
မြင်းကကြိုးတို့ကို ပြင်လို့ 'သ'လို့ နေခဲ့ပေါ့...။

ဘာပဲပြောပြော
ရွှေနဲ့စက်ဝယ်လို့မရတဲ့
နောက်ဆုံးကလူရဲ့ အတွေ့အကြုံမှာ
သံမှုန်တွေကပ်ပါနေရဲ့
ငါ... ဘာကိုမှ မကြောက်ခဲ့ဘူး...။

ဟောဒီလောကတောက်လျှောက်
'ကျောက်သင်ပုန်းပေါ်က သုညနဲ့စာရင်
ဗလာစာအုပ်ပေါ်က သုညက မြတ်တယ်'တဲ့
အဲဒီအော်သံကို ငါရယ်နေခဲ့တယ်...။

'မင်းကတော့... ဘာလဲ'လို့
အန္ဓတွေက ဝိုင်းမေးတော့
၁...၂...၃...၄...၅
ငါ... အကုန်စဉ်းစားတယ်
၆...၇...၈...၉...၀
တစ်ခုမှ မဟုတ်ဘူး
ငါ့အတွက် ဂဏန်းမရှိဘူး...။

ကြောင်နှစ်ကောင်စာအုပ်တိုက်



သွေးနဲ့ယက်တဲ့ ကတ္တီပါစလို
နီလွှရှင်းတောက်
ကြောက်ခမန်းလိလိလှပတဲ့
နှလုံးသားက ဂီတသံစဉ်
နှင်းဆီဝိညာဉ်မှာ တင်တဲ့ကမ္ဗည်း
လက္ခယ်ညရောက်တိုင်း... ငါ ဂစ်တာတီးနေမယ်...။

ကျဆုံးတော့မယ့် စစ်သူရဲအိုက
ငယ်ဘဝက ဓား နဲ့ ချစ်သူကို
ပြင်းရှစွာ သတိရလိုက်သလိုမျိုး
နင့်ကိုငါ သတိရနေတယ်...။

ကြောင်နှစ်ကောင်စာအုပ်တိုက်

ထိပ်ထားရေ…
ထိပ်ထားရေ…
ထိပ်ထားရေ…
သစ်ခုတ်သမားတွေမရှိတဲ့ တိုင်းပြည်မှာ
ငါ…လယ်သမားဖြစ်ချင်တယ်
နင်… ဘုရင်မ… လာမလုပ်ရဘူးနော်။

တော်တော်ကြာ
တံစဉ်တစ်လက်ရဲ့ ကျင့်ဝတ်မှာ
သန်လျက်အတွက် ပန်းခူးပေးခွင့်မပါလို့
ရှာဇနပုဒ်ရဲ့ မိုးရေထဲမှာ
ငါ…တစ်ယောက်တည်း
မျက်ရည်ဝဲနေရပါဦးမယ်…။





ငါကလည်း ခက်တယ်
ကဗျာတစ်ပုဒ်နဲ့
နေမဝင်အင်ပါယာ
ဘယ်ဟာယူမလဲလို့ မေးလာခဲ့ရင်
ဒုတိယအရာကို ငါ…ငြင်းတယ်…။

အဲဒီလိုနဲ့ပဲ
မှောက်ထားတဲ့
ငါ့ရဲ့ ကံ့ကော်ရွက်ဖဲချပ်ကလေးတွေ
လောကကြီးကိုအမျှဝေရင်း
မြေမျိုခံခဲ့ရတာ…
ကာလများစွာ… ကြာပြီကောလေ…။

(၆)

တောင်ညိုမှာ ပြုတဲ့မိုးတွေ
နင့်မျက်နှာလေးကို တိုးသက်တဲ့အခါ
တောင်ပင်လယ်ကဇော်ဒါတွေဟာ
ဆောက်တည်ရာမရ ဖြစ်ကုန်ကြတယ်...။

ဟေး... ငါပြောမယ်...
အက်ဆစ်တိမ်ခိုး...တို့
မုတ်သုန်ကို နှိုးပါ...
ဒီလူဆိုးအတွက်လည်း
မိုးကြမ်းတို့ တစ်စက်စက် ရွာပါ...။

ကြောင်နှစ်ကောင်စာအုပ်တိုက်



'မထိုက်တန်သူဆိုတာ
လွင့်မျောရမှာပါပဲ...'
ခွဲခွာခြင်းဟာ
ခရမ်းပြာကျည်ဖူးကို
အဆိပ်ချိုတွေလိမ်းသုတ်
နှလုံးသားတည့်တည့်ဆီ
ချိန်ရွယ်မောင်းဖြုတ်လိုက်တယ်...။

သက်ပြင်းဝေဝေ
ခရေတို့နှင်းစက်ဖားလျား
မျက်ရည်ကိုစားတဲ့
ချောက်ချားဖွယ်ရာ စကားမဲ့ည
ငါဟာ... ထက်ပိုင်းချိုးခံခဲ့ရတဲ့
တစ်ခြမ်းပဲ့'လ'ပဲ ဖြစ်တယ်...။

ကြောင်နှစ်ကောင်စာအုပ်တိုက်

အိပ်မက်ထဲက ကမ္ဘာစစ်လို
အရိုးပြိုင်းပြိုင်းညနေအိုက
မြေကိုရှိခိုး…
မြူခိုးတို့ ပျောင်းအိညွတ်တဲ့
လူငယ်ဘဝရဲ့
ညရိပ်တို့ မှုန်ဝေဝမ်းနည်းခဲ့ရတယ်။

အခင်ဆုံးမဖြစ်ခဲ့ပေမယ့်
အခင်ဆုံးတွေအကြောင်းပြောတိုင်း
သတိရမိနေကျ သူငယ်ချင်းတစ်ယောက်ဆီ
ငါ…မရောက် ရောက်အောင် သွားမယ်…။





ပြီးတော့
ခရိုးခရိုင်…လက်ဖက်ရည်ဆိုင်လေးမှာ
ကဗျာအကြောင်း စာအကြောင်းတွေပြောရင်း
ကိုယ့်ကိုယ်ကို… ပြန်လည်ဖန်ဆင်းပစ်မယ်…ကွယ်။

အရက်သမားက
သူတစ်ပါးကိုလွမ်းဆွတ်တာ
ရယ်စရာမဟုတ်ပါဘူး
တစ်ရံတစ်ခါရဲ့
ပြန်မလာတဲ့သူတို့
သိကြဖို့ကောင်းတယ်…။

လေညင်းကလေးရေ…
ငါချစ်မြတ်နိုးရတဲ့ ကမ္ဘာရဲ့ထိပ်ထားကို
သူ့ဆံနွယ်ခက်လေးတွေ
ဖွားခနဲလွင့်ဝဲသွားရုံ
တစ်ချက်လောက် အုံ့သည်းတိုက်ခတ်ပေးပါ…။

လေစီးထဲမှာ
ဖွာကြဲလှပနေရှာမယ့်
သူ့ရဲ့ကေသာဆံမြကို
အဝေးကနေ ရှိုက်မွှေးလွမ်းဆွတ်ပါရစေဦး၊…နော်…။





(၇)

အထီးကျန်တောင်ကို အုပ်စိုးဖို့
နတ်ပြည်ကရွှာချတဲ့
ငါ့အတွက်… အညတရမိုး…ရေ…
နေပါစေတော့…။

အဲဒီညဟာ
တစ်ခြမ်းပဲ့ 'လ'က…
အသက်ပေးပြီး ကာကွယ်ခဲ့ရတဲ့
အလံမလဲမီ…'ည'…ဖြစ်တယ်။

မြက်ရိုင်းက
မိုးကုပ်စက်ဝိုင်းကို နမ်းမရသလိုမျိုး
နေနဲ့လက…
တစ်ယောက်ကိုတစ်ယောက် မပိုင်ဆိုင်နိုင်ကြသလိုမျိုး
ရိုးသားစွာ…တို့ ဝေးလိုက်ကြပါစို့။

ချစ်သူကို မြတ်နိုးရုံနဲ့
အရာရာကို လက်ဖြန့်မိုး စောင့်ရှောက်ချင်တဲ့ လူငယ်
ခု...ခြွင်းချက်နဲ့ လက်နက်ချလိုက်ပါတယ်...။

... ... ... ... ...
... ... ... ... ...
... ... ... ... ...
... ... ... ... ...

တေလေဘဝရဲ့
ပထမဆုံး အမှားတွေကို
လွယ်အိတ်ညှိုထဲထည့်ပြီး
မီးအိမ်လက်ဆွဲ
ရာဇဝင်ထဲမှာ ခရီးဆက်ရဦးမယ်။





ထိပ်ထားရေ...
ကဗျာသည်တို့ရဲ့ တေးတွေနဲ့
ငြိမ်းအေးပျော်ရွှင်... ထာဝစဉ်ချမ်းမြေ့စေသား
ကောင်းသောမိုးသောက်ချိန်၌လည်း
ငြိမ်သက်တည်ကြည်စေ...
ငါ...ဆုတောင်းပေးနေမယ်...။

ပန်းခူးရင်း
သူငယ်ချင်းတွေနဲ့နေရင်း...
စကားပြောရင်း...
သီချင်းလေးတွေဆိုရင်း...
မင်း...ငါ့ကို မေ့သွားမှာပါ...။

... ... ... ... ...

... ... ... ... ...

... ... ... ... ...

... ... ... ... ...

... ... ... ... ...

... ... ... ... ...

... ... ... ... ...

... ... ... ... ...

... ... ... ... ...

... ... ... ... ...

... ... ... ... ...

... ... ... ... ...

... ... ... ... ...

... ... ... ... ... ။





ကျွန်တော့်အတွက်တော့ ကဗျာလေက မိန်းမပျိုပမာ... ချစ်မြတ်လှမ်းမောမှုယ်ကျ အဆင်းနဲ့ ပြုံးရုံလှပါတယ်။

စိတ်ထဲမှာ တကိုပ်ကိုပ်... ဝန်းပြုံး လာတဲ့ လမင်းကလေးလိုပဲ...။

ကျွန်တော့် အယ်အက်ကျင်ခွင်ကို မြူလွင့် တောကပန်းခဲ့တယ်။ အားမြတဲ့ နံနက်ခင်းလှလှတွေ၊ မျောင်ရိပ်မြူးပျံ ချစ်နိုးသူတို့ရဲ့ ခရေညသွေး၊ နောက်ပြီး နက်မှောင်မှုည်း ခက်တဲ့ ချစ်သူရဲ့ ဆံနွယ်မျှင်စတွေ။

ကျွန်တော်တို့ရဲ့ လူငယ်ဘဝ... လှပ... လင်းချင်း... နှင်းဆီတားသွား... စကားသံချိ... အလင်းပျိုတွေ...။

အို... ချစ်သူရေ...

ချစ်သူရေ.....

ချစ်သူရေ.......။

ကျွန်တော်ကသာ မျှော်လင့်နေမိတာပါ။ ကျွန်တော့်မှာ ချစ်သူ မရှိပါဘူး။ ကမ္ဘာကြီး ကောင်းမွန်လေးဟာလည်း ကျွန်တော့်လို ကမ္ဘာကြီးရဲ့ ကောင်းလေးတစ်ယောက် အတွက် စိတ်ကူးယဉ်နဲ့တင် လွင့်နေသွားတဲ့ ချစ်သူတစ်ယောက်ပါပဲ။

သူငယ်ချင်းတွေက...ကျွန်တော့် ကမ္ဘာကို မြင်ပြီး သက်ပြင်းချတယ်။





သံယောဇဉ်၊ လောကဓံနီး၊
မဟာလောကာ၊ ချစ်သောမိုးကြိုးဝါ၊ နောက်ပြီး...
မြဂုဏ်ပင်...အုံ့ပုန်းချစ်၊ မမီနိုင်သော
ကမ်းလက်တွေနဲ့ မြောက်လေသွေးရိုင်း ရွှေ
မြတဲ့ မျက်ရည်ရန်။

ကျွန်တော်နဲ့အတူ သူတို့တွေလည်း ဆွတ်ပျံ့ခဲ့ကြတယ်။

ဝေးခဲ့မှ ဝေးရာပေါ်လေ၊ အဲဒီလို ချစ်သူမျိုး တစ်ယောက်တော့ ဘဝမှာ ဆုံကြည့်ချင်သေးတယ်

အေးစက်စက်လက်ဖက်ရည်တစ်ခွက်၊ မီးမွှန်တစ်ခုလို ပူလင်းလွတ်လပ်တဲ့ စကား တစ်ခွန်း။

ကျွန်တော့်ကို လွမ်းအောင်သွန်းခဲ့တယ်။

There is music in all things, if men had ears.

အရာရာတိုင်းမှာ ဂီတရှိတယ်။ နားရှိနေမယ့်လူတိုင်း အတွက်ပေါ့။

(Geroge Gorden Byron)

(ဂျော့ ဂေါ်ဒင် ဘိုင်ရွန်)

အဲဒါဆိုရင်တော့...

အရာတိုင်းမှာ အချစ်ရှိမှာပဲ...။

နှလုံးသားရှိနေမယ့် လူတိုင်းအတွက်ပေါ့။



အခန်း [၁]

အထားအသို...

တစ်နေ့မှာ သိုးကျောင်းသားတစ်ယောက်က ဝံပုလွေပေါက်စလေးတစ်ကောင်ကို ယူလာတယ်။ အပြစ်မဲ့ပြီး ချစ်စရာကောင်းတဲ့ သတ္တဝါလေးလို့ သူကပြောပေမယ့် မျက်မမြင်အဘိုးကြီးက ခေါင်းခါတယ်။

ဘာပဲဖြစ်ဖြစ် သိုးတွေကြားထဲမှာတော့ ဝံပုလွေရဲ့သားကို မထားသင့်ဘူး လို့ ပြန်ပြောလိုက်တယ်။

[လောကကြီးမှာ အထားအသိုကလည်း
အရေးကြီးတယ်။
ကိုယ့်ကိုယ်ကို ဘယ်မှာထားသင့်သလဲ
ဆိုတာကိုလည်း စဉ်းစားရမယ်။]

ဒိုလာ-၈၁၆ပ
ဗ-လမ်း(A)၊တိုက်(၁၅)၊အခန်း(၀၀၄)
ဖုန်း- ၅၉၃၀၂၇

ကျွန်တော် ဒီနေရာကို စရောက်တာကတော့ ညနေပျိုးချိန်လေးမှာပါပဲ။ ညနေခင်းရဲ့ရသဟာ လွင်လွင်ကလေးနဲ့လှတယ်လို့ ခံစားရတယ်။ ညနေခင်းရဲ့ ချိုလှဲ့ပြေပြစ်တဲ့ လေပြည်ညင်းကိုလည်း ကျွန်တော်က သဘောကျတယ်။

နောက်ပြီး ညနေရီ ပန်းကလေးတွေရဲ့ပွင့်ပုံကို ကျွန်တော်ချစ်တယ်။ သူတို့ရဲ့မွှေးရနံ့ဟာ ကျွန်တော့်တစ်ကိုယ်စာစိုရုံလေး ရွာချလာတဲ့ မိုးလိုပဲ။ ညနေခင်းမှာ အလင်းအေးအေးတွေနဲ့အတူ သင်းတပျံ့ပျံ့ စိုစွတ်ဖို့အတွက် ဒီနေရာကို ကျွန်တော်ရောက်လာတယ်။

မြို့တော်ရဲ့ မော်တော်ကားဟွန်းသံတွေကို ဒီနေရာကနေ

သိပ်မကြားရဘူး။ တိုက်ခေါင်မိုးမြင့်မြင့်တွေကိုတော့ မြင်နေရသေးတယ်။

ဟိုးမှာ...ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ဟိုးမှာ... မြင့်မားလှတဲ့ အမိုးပြာပြာတစ်ခု။ နောက်ပြီးတော့ ဟိုးမှာ... ဝင်အုံ့မှုန်းမှုန်းနေလုံး။

နေလုံးရဲ့နောက်ဘက်အခြမ်းကို မျှော်ကြည့်တဲ့အခါ ညိုပုပုအရောင်ကို မြင်နေရပါတယ်။ ညိုပုပုအရောင်တွေရဲ့နောက်မှာ ဘာထပ်ရှိဦးမလဲ။ သိချင်ပေမယ့် ဘယ်လိုမှ ဝေခွဲမနေတော့ဘူး။

အညိုရောင်ကို ကျွန်တော်က ချစ်တယ်။ ခရစ်ယာန်ဘာသာဝင်တွေရဲ့ အယူအဆအရတော့ အဲဒီအရောင်ဟာ ''ကမ္ဘာဦးနေ့ရဲ့ ပထမဆုံးဆည်းဆာရောင်''တဲ့...။

ထားလိုက်ပါတော့...။

မွန်းကျပ်ရှုပ်ထွေးတဲ့မြို့ပြရဲ့ လူနေရပ်ကွက်ကို ထားခဲ့ပြီး တချို့တချို့ညနေခင်းတွေမှာ ကျွန်တော်...ဒီနေရာကို လာလေ့ရှိတယ်။

မြို့တော်ရဲ့အဝေးတစ်နေရာ မဟုတ်ပါဘူး။ မြို့တော်ထဲမှာပဲ ရှိပါတယ်။ မြို့တော်ရဲ့ အငွေ့အသက်တွေကို အိုက်စပ်စပ် ရှူရှိုက်နေစရာမလိုတဲ့ နေရာပေါ့။ ကောင်းကင်ကို မြင်ရတယ်။ လေညင်းကို





ရှူရတယ်။ ငှက်ကလေးတွေကို ငေးကြည့်ရတယ်။

မြို့တော်ထဲမှာပဲရှိတဲ့ ရေကန်ဖြူဖြူကြီးတစ်ခုရဲ့ ကန်ဘောင်ပေါ်ကို ကျွန်တော်ရောက်နေတာပါ။

ဘာမှ မထူးဆန်းပါဘူး။ ခါတိုင်းနေ့တွေလိုပဲ လာတာပါ။ ခါတိုင်းနေ့တွေလိုပဲ ထိုင်တယ်၊ ခါတိုင်းနေ့တွေလိုပဲပြန်တယ်။ ဒီနေ့က တစ်ခုပဲ ပိုပါတယ်။ အပြန်မှာ...

အဲဒီကောင်ကို စတွေ့တယ်။

အဲဒီကောင်လို့ ကျွန်တော်သုံးနှုန်းတာဟာ ရိုင်းတာမဟုတ်ပါဘူး၊ မတည့်လို့ ခေါ်တာပါ။ နည်းနည်းတော့ ကွဲတယ်ထင်ပါတယ်။ များများကြီးကွဲအောင်လည်း ကျွန်တော် ရှင်းမပြတတ်ဘူး။

အပြန်မှာ...

လမ်းဓာတ်မီးတချို့ဟာ ထွန်းစလင်းစရှိနေပြီ။ တစ်နေကုန်နေပူထဲမှာရပ်နေရတဲ့ ပိန်ခြောက်ခြောက် လူကြီးတစ်ယောက်ရဲ့ ချွေးဥဝါဝါကြီးလိုပဲ...။

မြေပေါ်ကို ပြုတ်မကျဘဲ နဖူးစပ်မှာ တွဲလဲခိုနေတယ်။

လျှောက်လာရင်းနဲ့ အမှောင်ပို့ပို့မှာ လူတစ်ယောက်ရပ်နေတာကို တွေ့ပါတယ်။ သူ့ဘာသာရပ်နေတယ်လို့ပဲ ထင်မိတယ်။ ကိုယ့်ဘာသာလျှောက်လာတဲ့ ကျွန်တော်က ဆက်လျှောက်ရုံပေါ့။

သူ့နံဘေးက ကျွန်တော်ဖြတ်တဲ့အထိ သူဟာ ငြိမ်ငြိမ်သက်သက်ရပ်နေတယ်။ သူ့ကို ကျွန်တော်ကျော်စပြုချိန်ကျမှ သူက အသက်ဝင် လှုပ်ရှားပြတယ်။

“ဟေ့ကောင်”

အဲဒါ...ကျွန်တော့်နာမည်တော့ မဟုတ်ဘူး။ ဒါပေမယ့် ကျွန်တော့်ကိုခေါ်တာ ဖြစ်မယ်။

ကျွန်တော် လှည့်ကြည့်လိုက်တယ်။ အမှောင်ဝါးဝါးထဲမှာ သူ့မျက်နှာကို ရိုးတိုးရိပ်တိတ်မြင်ရတယ်။ ကျွန်တော်နဲ့ရွယ်တူလူငယ် တစ်ယောက်ပါပဲ။

အဲဒါနဲ့...

“ငါ့ကို ခေါ်တာလား”

သူက လေသံပြတ်ပြတ်နဲ့ တုံ့ပြန်တယ်။

“ဟုတ်တယ်”

“ဘာလုပ်မလို့လဲ”

အခြေအနေက ရန်ပွဲတစ်ခုဆီ တာစူနေတယ်လို့ ခံစားရတယ်။ ရတယ်လေ ဖြစ်စရာရှိရင်လည်း ဖြစ်လိုက်ရုံပေါ့။

ဒါပေမယ့် ခက်တာက သူ့ကို ကျွန်တော်မသိဘူး။ ဘယ်သူမှန်းမသိတဲ့လူနဲ့ ရန်ဖြစ်ရမှာထက်စာရင် သားရေကွင်းတစ်ကွင်းကို





ဆွဲဆန့်နေရတာကမှ အပျင်းပြေဦးမယ်လို့ ကျွန်တော်ထင်တယ်။

အဲဒီအချိန်မှာပဲ...

ပြဿနာကို ကျွန်တော် သဘောပေါက်သွားတယ်။ အဲဒီကောင်ရဲ့အနားကို ခွေးကြီးတစ်ကောင် ပြေးလာတယ်။ သူ့ခွေးဖြစ်ပုံ ရတယ်။

သူ့ကို ခုမှ သိရပေမယ့် သူ့ခွေးကိုတော့ ကျွန်တော်သိတာ ကြာပါပြီ။

ကျွန်တော်က မေးလိုက်တယ်။

“အဲဒါ...မင်းခွေးလား”

“သိပ်ဟုတ်တာပေါ့”

ကျွန်တော် ရယ်ချင်သွားတယ်။ အမှန်က “မင်းရဲ့ခွေးလား” လို့ မေးရမှာပါ။ အခု “မင်းခွေးလား”လို့ မေးလိုက်တာက သူ့ကို လူလို့ မသတ်မှတ်သလို ဖြစ်နေတယ်။

“သိပ်ဟုတ်တာပေါ့”လို့ သူ့ဘာသာ ဝန်ခံတာကတော့ ကျွန်တော် မတတ်နိုင်ဘူးလေ။

အောက်သိုးသိုးလေသံနဲ့ သူက ပြောတယ်။

“ညနေက ငါ့ခွေးကို လုပ်ထည့်လိုက်တာ မင်းလား”

“ဘယ်လိုလုပ်လိုက်တာကို ပြောတာလဲ”

ပြောပြီး ကျွန်တော်က သူ့ခွေးဆီ လှမ်းကြည့်ပါတယ်
သူ့ခွေးက မြေကြီးကို တရှုံ့ရှုံ့နမ်းနေတယ်။ ခြေလှမ်းအရွေ့တွေ
လည်ပင်းက ခေါင်းလောင်းကြီးက 'ဂလောင် ဂလောင်'မြည်တယ်
ခွေးက အကြီးကြီးပဲ။ လှလည်းလှတယ်၊ မျိုးကောင်းမျိုးသ
ခွေးမှန်း သိသာတယ်။ ဒါပေမယ့် ကြောက်စရာတော့ မကောင်းဘူ
ပေါတာကြီးပါ။ (ပေါလည်းပေါ 'တာ'လည်း'တာ'တယ်။ အခုတော
သူ့သခင်နဲ့ ရန်ဖြစ်မလား မပြောနိုင်တဲ့ ကျွန်တော့်ကို ခရာတာတ
နှုတ်ဆက်နေတယ်။)

''ညနေက ငါ့ခွေးရဲ့လည်ပင်းမှာ အမှိုက်အိတ်ကြီး စွပ်ပေးနေခ
လိုက်တာ မင်းမဟုတ်လား''

ဒါမျိုးကတော့ ဝန်ခံရမှာပေါ့လေ။ ကိုယ်ကလည်း လုပ်လိုက်
တာကိုး။ သွက်သွက်လက်လက် ခေါင်းညိတ်ပြလိုက်တယ်။

''အေး...ဟုတ်တယ်''

''ဟုတ်တယ်...ဟုတ်လား''

''ဟုတ်တယ်...ဆို''

သူက ကျွန်တော့်ကို ရန်မူမလို မျက်လုံးပြူးနဲ့ကြည့်ပါတယ်
ပြီး...

''ဘာကိစ္စ မင်း အဲဒီလိုလုပ်ရတာလဲ''





''အမြင်ကပ်လို့ပေါ့ကွာ''

''ဘာကွ...''

သူ ယောင်ယမ်းပြီး လက်သီးကို ဆုပ်ပါတယ်။ နောက်မှ
...စိတ်ကို အနိုင်နိုင်ပြန်ထိန်းလိုက်ရသလို ထပ်မေးပါတယ်။ ဘာ
...ရှားမှုကိုမှ မလုပ်သေးပါဘူး။

''ဘာကိစ္စ အမြင်ကပ်ရတာလဲ၊ ငါ့ခွေးက မင်းစားခွက်ကို
...တားလို့လား''

ကျွန်တော် ရယ်လိုက်တယ်။ သူက ရှုတင်းတင်းနဲ့ ကြည့်
ကျွန်တော့်အဖြေကို စောင့်တယ်။ သူ့ကို နည်းနည်းမှ
...ကြောက် မိတဲ့အတွက် ကျွန်တော် အားနာပါတယ်။ ဒါပေမယ့်...
ပြောရမယ့်စကားကို ဆက်ပြောလိုက်တယ်။

''မင်းခွေးက...''

''ပြော...ဘာဖြစ်လဲ''

''လည်ပင်းမှာ ခေါင်းလောင်းကြီးနဲ့''

''အေး...အဲဒါဘာဖြစ်လဲ၊ ငါတပ်ပေးထားတာ''

''ဘာလဲ...မင်းခွေးက သိပ်ကိုက်တတ်လို့လား၊ ငါတွေ့တာ
...တော့ ခွေးပေါ်ကြီးပါ''

အဲဒီလိုပြောတော့လည်း သူမခံနိုင်ဘူး၊ အောင့်သက်သက်

ဖြစ်သွားပုံရတယ်။ လွတ်ခနဲ ပြန်အော်တယ်။

"သူ့ဘာသာ ကိုက်ကိုက် ပေါ်ပေါ်၊ငါ့ဘာသာ ခေါင်းလောင်း
တပ်ထားတာ ဘာဖြစ်လဲ"

"အေး...ဖြစ်တယ်ကွ"

သူ ဒေါသတွေနဲ့ စိတ်ဝင်စားလာပုံရတယ်။

"ပြောစမ်းပါဦး၊ ဘာဖြစ်သလဲ"

"ငါ့ဘာသာ အိမ်ထဲ အေးအေးဆေးဆေး စာဖတ်နေတယ်
လမ်းမက ခေါင်းလောင်းသံကြားလို့ အမှိုက်သိမ်းတဲ့ကား အောက်မေ
ပြီး ထွက်ထွက်လာတယ်၊ မင်းခွေးကြီး ဖြစ်ဖြစ်နေတယ်"

"ဩ..."

"ကြာတော့လည်း ငါလည်း စိတ်မရှည်ဘူး၊ မင်းခွေးကြီး
လည်ပင်းမှာပဲ အမှိုက်အိတ် ချိတ်ပေးလိုက်တယ်၊ ဒါပဲ"

"ဩ..."

သူ ဘာဆက်ပြောရမလဲမသိ ဖြစ်နေတယ်။

"မင်းခွေးကို ငါ ရိုက်လည်းမရိုက်ဘူး၊ ရေနွေးပူနဲ့လည်း
မလောင်းဘူး၊ လုပ်သင့်လုပ်ထိုက်တာလေးကို လုပ်ပေးလိုက်တာ
ဒါပဲ...ခွေးကတော့ ဘာမှသိမှာ မဟုတ်ဘူး၊ သူ့သခင်ဖြစ်တဲ့ မင်းက
ဆင်ခြင်ပေါ့ကွာ"





ပြောပြီး ကျွန်တော် လှည့်ထွက်ခဲ့တယ်။ နောက်ကများ
သူ တစ်ခုခုလှမ်းလုပ်မလားလို့ သတိထားပါသေးတယ်။ ဒါပေမယ့်
ဘာမှတော့ သူ မလုပ်ပါဘူး။

"တောက်"

သူ့ဘာသာ ပါးစပ်ထဲမှာ လျှာကို ပျောက်အိုးလုပ်ဖောက်ရင်း
ကျန်ရစ်ခဲ့တယ်။ ကျွန်တော်ဘက်ကတော့ အေးအေးဆေးဆေးပါပဲ။

သူ့ခွေးကြီးမှ မဟုတ်ပါဘူး၊ သူကိုယ်တိုင် လည်ပင်းမှာ
ခေါင်းလောင်းဆွဲပြီး ထွက်လာရင်လည်း အမှိုက်အိတ်ကြီးကို ကျွန်တော်
လိုက်ချိတ်ပေးလိုက်မှာပဲ။

ဘယ်ပစ္စည်းကို ဘယ်မှာထားရမယ်ဆိုတာ ကျွန်တော်သိပါ
တယ်။

**လောကကြီးမှာ သူဟာ လူသားတစ်ယောက်ရဲ့ အထားအသိုအတတ်ကို
မတတ်သေးဘူး။**

ဒါကြောင့် အမှိုက်ကားတွေမှာ ပါတတ်တဲ့ခေါင်းလောင်းကို
သူ့ခွေးလည်ပင်းမှာ လာတပ်ထားတာပေါ့။

# အခန်း [၂]

## တစ်စိတ်တစ်ပိုင်း

တစ်ခါက မြည်းတစ်ကောင် ချောက်ထဲကျလို့ ကျခင်ဖြစ်လို့ သူ့သခင်က အမြီးကို ဆွဲထားတယ်တဲ့။ ဒါပေမယ့် မြည်းက ရုန်းကန်နေလို့ သူ့သခင်က လွှတ်ချလိုက်ရတယ်။

[ကျွန်တော် စဉ်းစားမိတယ်၊
အမြီးကို မိတာဟာ
တစ်ကောင်လုံးကိုမိတာ မဟုတ်ဘူး။
တစ်စိတ်တစ်ပိုင်းကို ရတာဟာ
တစ်ခုလုံးကို ရတာမဟုတ်ဘူး။]

နောက်တစ်နေ့နံနက်မှာပဲ ကျွန်တော်နဲ့ အဲဒီကောင် ပြန်ဆုံကြပါသေးတယ်။ ကျွန်တော်တို့လမ်းထိပ်က ကိုထွန်းဝေမြင့်ရဲ့ လက်ဖက်ရည်ဆိုင်မှာပါ။

ကျွန်တော်က စာပို့သမားခေါ်လို့ လာတာပါ။ ဆိုင်ထဲရောက်ကဲ့အခါ စာပို့သမားနဲ့အတူ လူငယ်တစ်ယောက်ထိုင်နေတာကို တွေ့တယ်။ ပထမတော့ သူ့မှန်းမသိဘူး။

''ဟာ...လာဗျာ၊ ထိုင်''

စာပို့သမားက ကျွန်တော့်ကို ခွေးခြေဆွဲပေးတယ်။ ဒီကောင်က ကျွန်တော့်ကို လှည့်ကြည့်တယ်။

"ဩော်"

"ဩ"

ကျွန်တော့်ကိုကြည့်ပြီး မျက်နှာအမူအရာ ပြောင်းသွားမှ သူဟာ သူမှန်း ကျွန်တော့်အတွက် သေချာသွားတယ်။ သူကတော့ ကျွန်တော့်ကို ကောင်းကောင်းမှတ်မိပါတယ်။ အင်းလေ…ဒါလည်း ဖြစ်သင့်ပါတယ်။

ကျွန်တော် သူ့ကို မှတ်မိတာထက်စာရင် သူ ကျွန်တော့်ကို မှတ်မိတာက ပိုပြီး ကြီးကျယ်လေးနက်သင့်တာပေါ့။

ကျွန်တော် သူတို့ဝိုင်းမှာ ဝင်ထိုင်လိုက်တယ်။ စာပို့သမား ကိုငွေတိုးက…

"ကိုလင်းဝေ ဘာသောက်မလဲ"

ကိုလင်းဝေလို့ ကျွန်တော့်ကို ခေါ်လိုက်သံကြားတော့ ဟိုကောင် ဆတ်ခနဲ လှည့်ကြည့်တယ်။ သူ့အကြည့်က တစ်မျိုးပဲ။ ကျွန်တော်က မသိချင်ယောင်ဆောင်နေလိုက်ပြီး…

"ကျဆိမ့်ပါပဲ"

"ဟော့ကျဆိမ့် ရှယ်တစ်ခွက်"

ကျွန်တော်သောက်ဖို့အတွက် ကိုငွေတိုးက သူ့ပါးစပ်နဲ့ မှာပေးတယ်။ လက်ဖက်ရည်လာချပြီးချိန်မှာ…





"သောက်ဗျာ…ကိုလင်းဝေ"

အဲဒီလိုပြောပြီး ကိုငွေတိုးရဲ့မျက်နှာဟာ ဟိုကောင့်ဘက် လှည့်သွားတယ်။ သူတို့ပြောလက်စ စကားကို ဆက်ပြောတယ်။

"လက်ဖက်ရည်ဆိုတာ မြေအိုးလေးနဲ့ နည်းနည်းလေး ဖျော်တာအကောင်းဆုံးဗျ။တရုတ်လက်ဖက်ခြောက်ထက်စာရင် အိန္ဒိယ လက်ဖက်ခြောက်ကိုသုံးတာ ပိုကောင်းတယ်"

"ဟုတ်ကဲ့"

ဟိုကောင်က ဖဝေဖဝါနဲ့ ခေါင်းညိတ်တယ်။ ကိုငွေတိုးက ကျွန်တော့်ကိုပါ လှည့်ကြည့်လို့…

"ဟုတ်ကဲ့…ဟုတ်ကဲ့"

ကျွန်တော်ကလည်း ဘာမှန်းမသိဘဲ လိုက်ခေါင်းညိတ်ပေးလိုက်တယ်။ ကိုငွေတိုး ကျေနပ်သွားတယ်။ သူ့စကားကို ရှေ့ဆက်လေရဲ့။ (ဘယ်သူကမှတော့ ကိုယ့်စကား ကိုယ်နောက်ပြန်ဆုတ်ဖို့ မစဉ်းစားကြပါဘူး။)

"အင်္ဂလန်မှာဆိုရင် ဂိုဏ်းနှစ်ဂိုဏ်းကွဲတယ်၊ လက်ဖက်ရည်ထဲကို နို့ထည့်ရမယ်ဆိုတဲ့ဂိုဏ်းနဲ့ နို့ထည့်ပြီးမှ လက်ဖက်ရည် ငှဲ့ရမယ်ဆိုတဲ့ဂိုဏ်း"

ဟိုကောင်က…

''ဟုတ်ကဲ့...''

ကျွန်တော်ကလည်း...

''ဪ...အင်း''

''နေ့လယ်စာစားပြီးချိန်မှာ လက်ဖက်ရည်သောက်တာလည်
အရမ်းကောင်းတယ်။ အဲဒီအလေ့အထကို အင်္ဂလန်နိုင်ငံက ဘဒ်
မြို့စားကတော်က စထွင်သွားတာပေါ့''

'ဒုက္ခပဲ'လို့ ကျွန်တော်တွေးလိုက်မိတယ်။ 'ပြဿနာ'
ဆိုတာလောက်တော့ ဟိုကောင်လည်း တွေးမှာပဲ။ အဲဒီအချိန်မှာပဲ...

''ဗျို့...ကိုငွေတိုး''

ကိုငွေတိုးရဲ့ အသိတစ်ယောက်က ကျွန်တော်တို့ထိုင်နေတဲ
ဝိုင်းရှေ့ ရောက်လာတယ်။ ကိုငွေတိုးက မတ်တတ်ထရပ်လိုက်တယ်
သူတို့တွေ စကားတီးတိုးပြောကြတယ်။

''လာခဲ့မယ်...လာခဲ့မယ်၊ ညနေ လာခဲ့မယ်''

ဟိုလူ ထွက်သွားတယ်။ ကိုငွေတိုးဟာ သူ့ထုံးစံအတိုင်
ပြုံးပြုံး ပြုံးပြုံးနဲ့ ဝိုင်းမှာပြန်ထိုင်တယ်။

''သူ ကျောက်တစ်ပွင့်ရထားတယ်တဲ့၊ အဲဒါကို ကာလ
တန်ဖိုး ဘယ်လောက်ရှိသလဲလို့ သွားကြည့်ပေးရမယ်''

ကျွန်တော်က အံ့ဩသွားသလို ဟိုကောင်လည်း မျက်ခုံးတွ





သွားတယ်။

''ကိုငွေတိုးက အဲဒါတွေ ကြည့်တတ်လား''

ကျွန်တော်က မေးတော့...

''ဟုတ်ကဲ့၊ ဒီအလုပ် ဝင်မလုပ်ခင်တုန်းကဆို မိုးကုတ်မှာ
ကျွန်တော့်ခြေရာချည်းပဲ''

''ဪ''

''ဩ''

ကိုငွေတိုးက တဟဲဟဲရယ်တယ်။

''ကျွန်တော်က အတွေ့အကြုံအရမ်းများတယ်ဗျ''

''အင်းကောင်းပါတယ်၊ အတွေ့အကြုံများတာ ကောင်းတာ
ပေါ့''

အဲဒီစကားက ဟိုကောင်ပြောတာပါ။

သူပြောပြီးမှ ကျွန်တော်က...

''အတွေ့အကြုံတိုင်းကတော့လည်း မကောင်းဘူးဗျ၊ တချို့
အတွေ့အကြုံတွေကတော့ 'တန်'တယ်၊ တချို့အတွေ့အကြုံတွေ
ကတော့ မ'တန်'ဘူး''

ဟိုကောင့်စကားကို 'ဟုတ်ကဲ့'လို့ ပြောခဲ့တဲ့ ကိုငွေတိုးဟာ
ကျွန်တော့်စကားကိုလည်း 'ဟုတ်ကဲ့'လို့ ပြောပါတယ်။ ပြီးမှသူ့

ဘာသာ အူကြောင်ကြောင်ဖြစ်နေတယ်။

ဟိုကောင်က ကျွန်တော့်ကို မသိမသာ ငဲ့စောင်းကြည့်ပြီး သူ့စကားကို သူ ဆက်အတည်ပြုတယ်။

''အတွေ့အကြုံတွေဟာ ဘဝရဲ့အမွှေးနံ့သာတွေပဲဗျ။ အဲဒီလို အင်္ဂလိပ်စကားပုံရှိတယ်။ ကိုငွေတိုးလည်း ကြားဖူးမှာပေါ့၊ Varity is the spice of life ဆိုတာလေ''

''ဪ...အမ်း ဟုတ်ကဲ့''

ကျွန်တော်ကလည်း...

''အတွေ့အကြုံရှာတာဟာ တစ်ခါတစ်ခါ အမှားလည်း ဖြစ်သွားတတ်တယ်ဗျ။ ဆိုရိုးရှိတယ်... 'ရေလယ်မှာ မြင်းပြောင်း မစီးရဘူး'တဲ့၊ အင်္ဂလိပ်လိုတော့ Don't change horses in midstream လို့ ဆိုတယ်''

''ဗျာ...အင်း၊ ဟုတ်ကဲ့''

ကိုငွေတိုးတော့ ဒုက္ခပဲ။(တစ်နည်း) ကိုငွေတိုးတော့ ပြဿနာ ပဲ။

အဲဒီအချိန်မှာ ဟိုကောင်က ကြားဖြတ်ပြီး...

''ဒါနဲ့ ကိုငွေတိုး...''

''ဟုတ်ကဲ့''





''ကျွန်တော့်ကို ဘာဖြစ်လို့ ဒီကို ချိန်းတာလဲ''

ဒီကောင့်ကိုလည်း ကိုငွေတိုးက ဒီဆိုင်ကို ချိန်းထားတာပါ လား။ ဘာဖြစ်လို့ပါလိမ့်။ သူသိချင်တဲ့မေးခွန်းက ကျွန်တော်သိချင် တဲ့မေးခွန်း ဖြစ်နေတယ်။

''အဟမ်း...''

ကိုငွေတိုးက စကားပြောဖို့ ချောင်းရှင်းတယ်။ ချောင်းဆို တာက လည်ချောင်းကို ပြောတာပါ။

''ဒီလိုဗျ...ခင်ဗျားတို့နှစ်ယောက်ကို မှာစရာရှိလို့ ကျွန်တော် ခေါ်တာ။ ခင်ဗျားတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် သိပုံ မပေါ်ဘူး''

''အင်း''

ကျွန်တော်က ဟိုကောင့်ကို တစ်ချက်စွေကြည့်ရင်း ဖြေ လိုက်တယ်။

''အင်း...အဲဒါဆို ကျွန်တော် မိတ်ဆက်ပေးမယ်၊ ကဲ... ကိုဝေလင်း၊ သူ့နာမည်က ကိုလင်းဝေတဲ့''

ဟိုကောင့်ဘက်လှည့်ပြီး ကျွန်တော့်နာမည်ကို မိတ်ဆက် ပေးတာပါ။ ဟိုကောင်က မသက်မသာမျက်နှာနဲ့ ခေါင်းညိတ်တယ်။ ကိုငွေတိုးက သူ့ကိုပဲ ဦးတည်ပြီး ကျွန်တော့်အကြောင်း ဆက်ပြော

တယ်။

"ခင်ဗျားနေတာက အိမ်အမှတ်(၄၃)၊ ကိုလင်းဝေက (၃၄)"

"အင်း..."

"ခင်ဗျားအဖေက ဦးစိုးမြင့်၊ သူ့အဖေက ဦးမြင့်စိုး"

"အင်း"

"ခင်ဗျားအဖေက အင်္ဂလိပ်ဆရာဝန်၊ သူ့အဖေက နာမည်ကျော် မြန်မာသမားတော်ကြီး"

"... ..."

ဟိုကောင်က ဘာမှတောင် ပြန်မပြောနိုင်တော့ဘူး...။ ကျွန်တော်လည်း ဘယ်လိုကြီးဖြစ်လာသလဲ မသိဘူး၊ နည်းနည်းတော့ အသည်းယားလာသလိုပဲ။

ကိုငွေတိုးက သူ့စကားကို သူဆက်တယ်...။

"ခင်ဗျားတို့နှစ်ယောက်က တစ်လမ်းထဲနေပြီး တစ်ယောက်နဲ့တစ်ယောက် မသိကြဘူး၊ ကျွန်တော်ကတော့ ခင်ဗျားတို့နှစ်ယောက်လုံးကို သိတယ်။ ပြောသင့်တာကို ပြောထားရမယ်"

"ဟုတ်ကဲ့"

"စာတိုက်က စာလာရင် ခင်ဗျားတို့နှစ်ယောက်ကို မှားလာနိုင်တယ်။ ကျွန်တော်ကတော့ လူခွဲပြီးသိလို့ အကြောင်းမဟုတ်ဘူး





တည့်တည့်လာပေးနိုင်တယ်။ ကိုဝေလင်းရဲ့ဆေးဆိုင်နဲ့ ကိုလင်းဝေရဲ့ ဗီဒီယိုခွေအငှားဆိုင်ကလည်း နာမည်ပြောင်းပြန်ဖြစ်နေတယ်"

ဩော်...ကျွန်တော်သိပြီ၊ ဒါဆိုရင် လမ်းထဲက 'ပန်းပွင့်' ဆိုတဲ့ ဆေးဆိုင်က ဒီကောင့်ဆိုင်ပေါ့။ ကျွန်တော့်ဗီဒီယိုခွေအငှားဆိုင်က 'ပွင့်ပန်း' လေ။ အဲဒါတော့ ကျွန်တော်သိတယ်

ဒါပေမယ့် ခက်တာက ကိုငွေတိုးရဲ့ ရည်ရွယ်ချက်ကို အပြည့်အဝ ကျွန်တော် သဘောမပေါက်သေးဘူး။

"ကျွန်တော်က ပြောင်းရဲတော့မယ်၊ ကျွန်တော့်အစား နောက်စာပို့သမားလာမှာ၊ ခင်ဗျားတို့စာချင်း မှားခဲ့ရင် ကိုယ့်ဘာသာ လဲယူကြ။ အဲဒါကြောင့် ခင်ဗျားတို့ကို ကျွန်တော် ခေါ်မိတ်ဆက်ပေးတာ"

"ဩော်..."

"ဩ..."

လိုရင်းကိုတော့ သဘောပေါက်သွားပြီ။ စိတ်ထဲမှာတော့ ကသိကအောက်ကြီးပါပဲ။ ကျွန်တော်နဲ့ ပြောင်းပြန်လိုက်ဖြစ်နေတဲ့ အဲဒီကောင်ကို ကျွန်တော် တည့်တည့်ကြည့်လိုက်တယ်။ (သူကလည်း ကျွန်တော့်လိုပဲပေါ့...။)

လက်ဖက်ရည်ဆိုင်က ပြန်လာတော့ စဉ်းစားမိတယ်။

ဘယ်အရာမဆို တစ်စိတ်တစ်ပိုင်းကိုသာ တူလို့ရမယ်၊ တစ်ခုလုံးကို တူလို့မရဘူး။

တစ်စိတ်တစ်ပိုင်းကိုသာ ပြောင်းပြန်လုပ်လို့ရမယ်၊ တစ်ခုလုံးကို ပြောင်းပြန် လုပ်လို့ မရဘူး။

ထင်တာပဲ...။



## အခန်း [၃]

## အထိတ်တလန့်

မြင်းတွေက… သူတို့အစာကို စားဖို့ လုပ်တယ်။

ဒါပေမဲ့…မြင်းစားခွက်တွေကြားမှာ ခွေးအိပ်ရာလည်း ရှိတယ်။ ခွေးက ထ,ထဟောင်လို့ သူတို့ မစားကြရဘူးတဲ့…။

[အဲဒီခွေးကိုပါ စားလိုက်ရင် ပြီးရော…
နော်…။]

နိ(လ)၇-၀၁၆၉
ဗ-ထောင်(A)၊ တိုက်(၁၅)၊ အခန်း(၀၀၄)
ဖုန်း- ၅၉၃၁၂၇

ကျွန်တော်က ပြန်ပြောပြတော့ ကျော်တင့်နဲ့ အေးလွင်က တဟားဟား ရယ်တယ်။

''ဖြစ်မှ ဖြစ်ရလေကွာ''

''အေးလေ...ပေါက်တီးပေါက်ရှာ''

သူတို့နဲ့အတူ လိုက်ရယ်နေမိပေမယ့် စိတ်ထဲကတော့ တစ်ခုခုကို မကျေမနပ်ဖြစ်နေမိတယ်။

''ငါလည်း...ဘာကို ဒေါသထွက်ရမလဲ မသိဘူး''

''မင်းနဲ့ ဒီကောင်နဲ့ လမ်းထဲမှာ ဒီနောက်ပိုင်း ဆုံဆုံနေသေးလား''

''အင်္ဂနွေးအဝင်အထွက်တော့ လမ်းထဲမှာ ဆုံရင် ဆုံနေရတာပဲ''

ကျော်တင်က...

''မင်း ဘာကိစ္စ... ငါ့ကို လိုက်ခွတိုက်နေရတာလဲဆိုပြီး ဆွဲထိုးလိုက်ပါလား... ဟား ဟား ဟား''

အေးလွင်ကလည်း ဝင်နောက်တယ်။

''အေးလေ၊ မင်းက သိုင်းတတ်တာပဲဟာ''

ကျွန်တော်က မဲ့ပြုံးနဲ့ ခေါင်းညိတ်ပြလိုက်တယ်။

''ဟုတ်ပါတယ်၊ အဲဒီကိစ္စကိုလည်း ငါ ထည့်စဉ်းစားပါတယ်''

နှစ်ယောက်သား နားရွက်ထောင်သွားကြတယ်။

''ငါက သိုင်းတတ်နေတယ်၊ အဲဒါကြောင့် ဒီကောင်က သိုင်းပြောင်းပြန် တတ်လိမ့်မယ်''

စကားအဆုံးမှာ သုံးယောက်သား ဝါးခနဲရယ်လိုက်ကြတယ်။ ရေနွေးအိုးကြီးတည်ရင်း ကဗျာအကြောင်း၊ စာအကြောင်းစဉ်းစားနေတဲ့ ဆိုင်ရှင်ကိုထွန်းဝေမြင့်တောင် လန့်သွားတယ်။

ရယ်သံတွေအဆုံးမှာ အေးလွင်က....

''တစ်လမ်းတည်းနေပြီး တစ်ယောက်နဲ့တစ်ယောက် မသိ





တာက ရန်ကုန်မြို့ရဲ့ ဖက်ရှင်လို ဖြစ်လာပြီနော်''

ဟုတ်တော့လည်း ဟုတ်ပါတယ်။ တစ်လမ်းတည်းမပြောနဲ့ တစ်တိုက်တည်းနေပြီးတောင် တစ်ခန်းနဲ့တစ်ခန်းမသိကြဘူး။ အေးလွင်ပြောသလို ဖက်ရှင်ဖြစ်နေကြပြီလား။ အဲဒါဆိုရင် အဲဒီဖက်ရှင်ကို ဘယ်သူတွေက စဝတ်ခဲ့ကြတာလဲ။

လက်ဖက်ရည်ဆိုင်က ထလာကြတော့ နံနက်ကိုးနာရီကျော်နေပြီ။

''ငါတို့က အဲဒီလူကို မြင်တော့ မြင်ဖူးနေတယ်ကွ၊ ဒါပေမယ့် ခင်းနဲ့ ပြောင်းပြန်ဖြစ်နေမှန်းတော့ ဘယ်သိမလဲ။ သူ့နာမည်ကိုလည်း မသိဘူး၊ သူ့ဆေးဆိုင်မှာလည်း မဝယ်ဖူးဘူး၊ ငါ့မှာလည်း ဘာရောဂါမှ မရှိဘူး''

ကျော်တင့်က အဲဒီလို ဟစ်ကြွေးပါတယ်။

''ငါလည်း အဲဒီလိုပဲပေါ့''

လို့ အေးလွင်က လိုက်ပြောတယ်။ ကျွန်တော်က ဘာမှ ပြန်မပြောဘဲ ပြုံးနေလိုက်တယ်။

''ဟော့ကောင်တွေ...ဟိုမှာ''

အေးလွင်ညွှန်ပြရာကို လိုက်ကြည့်တော့ ကျွန်တော်တို့ကို ကျောပေးထားပြီး လမ်းပေါ်မှာ ဘာကို ငုံ့ကောက်နေမှန်းမသိတဲ့

ကောင်မလေးနှစ်ယောက်ကို တွေ့ရတယ်။

ကျွန်တော်တို့ရှေ့ မလှမ်းမကမ်းမှာပါ။ ကျွန်တော်တို့က သူတို့နောက်က လိုက်လျှောက်သလို ဖြစ်နေတာပေါ့။

သူတို့ငုံ့ကောက်လိုက်တာက ကျောက်စိမ်းနားဆွဲလေး တစ်ဖက်ပါ။ တန်ဖိုးသိပ်ကြီးပုံမပေါ်တဲ့ ကပ်နားကပ်တစ်ဖက်ပါ။

ကောင်မလေးတစ်ယောက်က အဲဒီနားကပ်ကို လက်ထဲမှာ ကိုင်ကြည့်နေရင်း...

''ဘယ်ကောင်မလေး ကျပျောက်ခဲ့တဲ့ နားကပ်လည်း မသိပါဘူးဟယ်''

သူ့အဖော်ကောင်မလေးကို ပြောတာပါ။ စကားအဆုံးမှာ သူ့ဘာသာ ရယ်လိုက်သေးတယ်။ ဆက်ပြောတယ်။

''သနားပါတယ်...၊ သူ့ခမျာ နားဟောင်းလောင်းကြီး ဖြစ်နေမှာပဲ''

အသံကလေးက နားထောင်လို့ ကောင်းတယ်။ ကျွန်တော်တို့က သူတို့ကို မမြင်ရပါဘူး။ ဘာရည်ရွယ်ချက်မှလည်း ရှိလို့မဟုတ်ပါဘူး။ ကျွန်တော် နောက်ချင်လာတယ်။

အဲဒါနဲ့...

သူတို့ကို ကျော်တက်လိုက်တယ်။ လက်ကုတ်ပြီး ခေါ်လာ





လို့ ကျော်တင့်နဲ့အေးလွင်လည်း တစ်ပြိုင်တည်းပါလာတယ်။

ကျွန်တော်က မြေကြီးပေါ်က ပြောင်းဖူးစေ့လေးတစ်စေ့ကို ငုံ့ကောက်လိုက်တယ်။ လက်ထဲမှာ လှည့်ပတ်ကိုင်ကြည့်ရင်း...

''ဘယ်ကြက်မ ကျပျောက်ခဲ့တဲ့ ပြောင်းဖူးစေ့လည်း မသိပါဘူးကွာ''

ခုနက ကောင်မလေးလိုပဲ စကားအဆုံးမှာ ရယ်လိုက်တယ်။ ပြီး... ဆက်ပြောလိုက်တယ်။

''သနားပါတယ်ကွာ...သူ့ခမျာ နှုတ်သီးဟောင်းလောင်းနဲ့ နေနေရမှာပဲ''

ကျော်တင့်နဲ့ အေးလွင်က ပထမတော့ အောင့်ထားပါသေးတယ်။ ဒါပေမယ့် မရလိုက်ဘူး။ ရယ်ချင်တာကို အောင့်ထားရတာဟာ ပါးစပ်ကို လေနဲ့ ကလိထိုးနေတာ ခံရသလိုပါပဲ။ 'ပူး'ခနဲ ပေါက်ကွဲသံကြီးနဲ့ ရယ်လိုက်ကြတယ်။

ကျွန်တော်ကတော့ ကိုယ့်ပြက်လုံး ကိုယ်ပြန်မရယ်ဘူးလေ။ ကျော်တင့်က ရယ်ရင်းတန်းလန်း ကျွန်တော့်လက်ထဲက ပြောင်းဖူးစေ့ကို ဆွဲလွှင့်ပစ်တယ်။ အေးလွင်ကလည်း ကျွန်တော်တို့ နှစ်ယောက်ကို လမ်းဘေးဆွဲချတယ်။

နောက်က ကောင်မလေးတွေကို လမ်းဖယ်ပေးခိုင်းတာပါ။

ကောင်မလေးနှစ်ယောက် ကျွန်တော်တို့ကို ကျော်တက်သွားတယ်။ ခြေကိုလည်း ဆောင့်နင်းသွားတယ်။

ကျွန်တော်နောက်လိုက်တဲ့ ကောင်မလေးက ကျွန်တော့်ကို ဖျတ်ခနဲ လှည့်ကြည့်တယ်။ ဒါပေမယ့် ကျွန်တော်ကတော့ သူ့ကို ပြန်မကြည့်ဘူး၊ မသိချင်ယောင် ဆောင်နေလိုက်တယ်။

အေးလွင်တို့တိုက်ခန်းပေါ်ရောက်မှ ကျော်တင့်က ပြောတယ်။

“ခုနကောင်မလေး ဘယ်လိုလဲ၊ သဘောမကျဘူးလား”

ကျွန်တော်က သူ့ကို ပြန်မေးရတယ်။

“လှလား...”

“ဟင်...မင်းမြင်တဲ့အတိုင်းပဲလေ၊ ဒီလိုကောင်မလေးမျိုးကိုမှ မလှဘူးပြောရင် ဘယ်လိုကောင်မလေးကို လှတယ် ပြောတော့မှာလဲ”

ကျွန်တော် ခေါင်းတဆတ်ဆတ် ညိတ်နေမိတယ်။

“ခက်တာက ငါက သူ့ကို မကြည့်လိုက်မိဘူးကွ၊ မျက်နှာကိုတောင် မမြင်လိုက်ဘူး”

“ဒါပေါ့...ယောကျ်ားလေးဆိုတော့ ကန္ဒြေထိန်းရတာပေါ့”

အဲဒီအချိန်မှာပဲ အေးလွင်က ဝင်ပြောတယ်။

“ကျော်တင့်...မင်း အဲဒီကောင်မလေးကို မသိဘူးလား”





သွားတယ်။

“ကိုငွေတိုးက အဲဒါတွေ ကြည့်တတ်လား”

ကျွန်တော်က မေးတော့...

“ဟုတ်ကဲ့၊ ဒီအလုပ် ဝင်မလုပ်ခင်တုန်းကဆို မိုးကုတ်မှာ ကျွန်တော့်ခြေရာချည်းပဲ”

“ဪ”

“ဩ”

ကိုငွေတိုးက တဟဲဟဲရယ်တယ်။

“ကျွန်တော်က အတွေ့အကြုံအရမ်းများတယ်ဗျ”

“အင်းကောင်းပါတယ်၊ အတွေ့အကြုံများတာ ကောင်းတာပေါ့”

အဲဒီစကားက ဟိုကောင်ပြောတာပါ။

သူပြောပြီးမှ ကျွန်တော်က...

“အတွေ့အကြုံတိုင်းကတော့လည်း မကောင်းဘူးဗျ၊ တချို့အတွေ့အကြုံတွေကတော့ ‘တန်’တယ်၊ တချို့အတွေ့အကြုံတွေကတော့ မ‘တန်’ဘူး”

ဟိုကောင့်စကားကို ‘ဟုတ်ကဲ့’လို့ ပြောခဲ့တဲ့ ကိုငွေတိုးဟာ ကျွန်တော့်စကားကိုလည်း ‘ဟုတ်ကဲ့’လို့ ပြောပါတယ်။ ပြီးမှသူ့

ဘာသာ အူကြောင်ကြောင်ဖြစ်နေတယ်။

ဟိုကောင်က ကျွန်တော့်ကို မသိမသာ ငဲ့စောင်းကြည့်ပြီး သူ့စကားကို သူ ဆက်အတည်ပြုတယ်။

''အတွေ့အကြုံတွေဟာ ဘဝရဲ့အမွှေးနံ့သာတွေပဲဗျ။ အဲဒီလို အင်္ဂလိပ်စကားပုံရှိတယ်။ ကိုငွေတိုးလည်း ကြားဖူးမှာပေါ့၊ Varity is the spice of life ဆိုတာလေ''

''ဩော်...အမ်း ဟုတ်ကဲ့''

ကျွန်တော်ကလည်း...

''အတွေ့အကြုံရှာတာဟာ တစ်ခါတစ်ခါ အမှားလည်း ဖြစ်သွားတတ်တယ်ဗျ။ ဆိုရိုးရှိတယ်... 'ရေလယ်မှာ မြင်းပြောင်းမစီးရဘူး' တဲ့၊ အင်္ဂလိပ်လိုတော့ Don't change horses in midstream လို့ ဆိုတယ်''

''ဗျာ...အင်း၊ ဟုတ်ကဲ့''

ကိုငွေတိုးတော့ ဒုက္ခပဲ။(တစ်နည်း) ကိုငွေတိုးတော့ ပြဿနာပဲ။

အဲဒီအချိန်မှာ ဟိုကောင်က ကြားဖြတ်ပြီး...

''ဒါနဲ့ ကိုငွေတိုး...''

''ဟုတ်ကဲ့''





''ကျွန်တော့်ကို ဘာဖြစ်လို့ ဒီကို ချိန်းတာလဲ''

ဒီကောင့်ကိုလည်း ကိုငွေတိုးက ဒီဆိုင်ကို ချိန်းထားတာပါလား။ ဘာဖြစ်လို့ပါလိမ့်။ သူသိချင်တဲ့မေးခွန်းက ကျွန်တော်သိချင်တဲ့မေးခွန်း ဖြစ်နေတယ်။

''အဟမ်း...''

ကိုငွေတိုးက စကားပြောဖို့ ချောင်းရှင်းတယ်။ ချောင်းဆိုတာက လည်ချောင်းကို ပြောတာပါ။

''ဒီလိုဗျ...ခင်ဗျားတို့နှစ်ယောက်ကို မှာစရာရှိလို့ ကျွန်တော် ခေါ်တာ။ ခင်ဗျားတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် သိပုံမပေါ်ဘူး''

''အင်း''

ကျွန်တော်က ဟိုကောင့်ကို တစ်ချက်စွေကြည့်ရင်း ဖြေလိုက်တယ်။

''အင်း...အဲဒါဆို ကျွန်တော် မိတ်ဆက်ပေးမယ်၊ ကဲ... ကိုဝေလင်း၊ သူ့နာမည်က ကိုလင်းဝေတဲ့''

ဟိုကောင့်ဘက်လှည့်ပြီး ကျွန်တော့်နာမည်ကို မိတ်ဆက်ပေးတာပါ။ ဟိုကောင်က မသက်မသာမျက်နှာနဲ့ ခေါင်းညိတ်တယ်။ ကိုငွေတိုးက သူ့ကိုပဲ ဦးတည်ပြီး ကျွန်တော့်အကြောင်း ဆက်ပြော

တယ်။

"ခင်ဗျားနေတာက အိမ်အမှတ်(၄၃)၊ ကိုလင်းဝေက (၃၄)"

"အင်း..."

"ခင်ဗျားအဖေက ဦးစိုးမြင့်၊ သူ့အဖေက ဦးမြင့်စိုး"

"အင်း"

"ခင်ဗျားအဖေက အင်္ဂလိပ်ဆရာဝန်၊ သူ့အဖေက နာမည်ကျော် မြန်မာသမားတော်ကြီး"

"........"

ဟိုကောင်က ဘာမှတောင် ပြန်မပြောနိုင်တော့ဘူး...။ ကျွန်တော်လည်း ဘယ်လိုကြီးဖြစ်လာသလဲ မသိဘူး၊ နည်းနည်းတော့ အသည်းယားလာသလိုပဲ။

ကိုငွေတိုးက သူ့စကားကို သူဆက်တယ်...။

"ခင်ဗျားတို့နှစ်ယောက်က တစ်လမ်းထဲနေပြီး တစ်ယောက်နဲ့တစ်ယောက် မသိကြဘူး၊ ကျွန်တော်ကတော့ ခင်ဗျားတို့နှစ်ယောက်လုံးကို သိတယ်။ ပြောသင့်တာကို ပြောထားရမယ်"

"ဟုတ်ကဲ့"

"စာတိုက်က စာလာရင် ခင်ဗျားတို့နှစ်ယောက်ကို မှားလာနိုင်တယ်။ ကျွန်တော်ကတော့ လူခွဲပြီးသိလို့ အကြောင်းမဟုတ်ဘူး





တည့်တည့်လာပေးနိုင်တယ်။ ကိုဝေလင်းရဲ့ဆေးဆိုင်နဲ့ ကိုလင်းဝေရဲ့ ဗီဒီယိုခွေအငှားဆိုင်ကလည်း နာမည်ပြောင်းပြန်ဖြစ်နေတယ်"

ဩော်... ကျွန်တော်သိပြီ၊ ဒါဆိုရင် လမ်းထဲက 'ပန်းပွင့်' ဆိုတဲ့ ဆေးဆိုင်က ဒီကောင့်ဆိုင်ပေါ့။ ကျွန်တော့်ဗီဒီယိုခွေအငှားဆိုင်က 'ပွင့်ပန်း'လေ။ အဲဒါတော့ ကျွန်တော်သိတယ်။

ဒါပေမယ့် ခက်တာက ကိုငွေတိုးရဲ့ ရည်ရွယ်ချက်ကို အပြည့်အဝ ကျွန်တော် သဘောမပေါက်သေးဘူး။

"ကျွန်တော်က ပြောင်းရတော့မယ်၊ ကျွန်တော့်အစား နောက်စာပို့သမားလာမှာ၊ ခင်ဗျားတို့စာချင်း မှားခဲ့ရင် ကိုယ့်ဘာသာ လဲယူကြ။ အဲဒါကြောင့် ခင်ဗျားတို့ကို ကျွန်တော် ခေါ်မိတ်ဆက်ပေးတာ"

"ဩော်..."

"ဩ..."

လိုရင်းကိုတော့ သဘောပေါက်သွားပြီ။ စိတ်ထဲမှာတော့ သိကအောက်ကြီးပါပဲ။ ကျွန်တော်နဲ့ ပြောင်းပြန်လိုက်ဖြစ်နေတဲ့ အဲဒီကောင်ကို ကျွန်တော် တည့်တည့်ကြည့်လိုက်တယ်။ (သူကလည်း ကျွန်တော့်လိုပဲပေါ့...။)

လက်ဖက်ရည်ဆိုင်က ပြန်လာတော့ စဉ်းစားမိတယ်။

ဘယ်အရာမဆို တစ်စိတ်တစ်ပိုင်းကိုသာ ဘူလို့ရမယ်၊ တစ်ခုလုံးကို ဘူလို့မရဘူး။

တစ်စိတ်တစ်ပိုင်းကိုသာ ပြောင်းပြန်လုပ်လို့ရမယ်၊ တစ်ခုလုံးကို ပြောင်းပြန်လုပ်လို့ မရဘူး။

ထင်တာပဲ...။

⚜



## အခန်း[၃]

## အထီးတ်တာလန့်

မြင်းတွေက… သူတို့အစာကို စားဖို့ လုပ်တယ်။

ဒါပေမဲ့…မြင်းစားခွက်တွေကြားမှာ ခွေးအိပ်ရာလည်း ရှိတယ်။ ခွေးက ထ,ထဟောင်လို့ သူတို့ မစားကြရဘူးတဲ့…။

[အဲဒီခွေးကိုပါ စားလိုက်ရင် ပြီးရော…
နော်…။]

ကျွန်တော်က ပြန်ပြောပြတော့ ကျော်တင့်နဲ့ အေးလွင်က တဟားဟား ရယ်တယ်။

''ဖြစ်မှ ဖြစ်ရလေကွာ''

''အေးလေ...ပေါက်တီးပေါက်ရှာ''

သူတို့နဲ့အတူ လိုက်ရယ်နေမိပေမယ့် စိတ်ထဲကတော့ တစ်ခုခုကို မကျေမနပ်ဖြစ်နေမိတယ်။

''ငါလည်း...ဘာကို ဒေါသထွက်ရမလဲ မသိဘူး''

''မင်းနဲ့ ဒီကောင်နဲ့ လမ်းထဲမှာ ဒီနောက်ပိုင်း ဆုံဆုံနေသေးလား''

''အင်္ဂုအဝင်အထွက်တော့ လမ်းထဲမှာ ဆုံရင် ဆုံနေရတာပဲ''

ကျော်တင့်က…

''မင်း ဘာကိစ္စ… ငါ့ကို လိုက်ခွတိုက်နေရတာလဲဆိုပြီး ဆွဲထိုးလိုက်ပါလား…၊ ဟား ဟား ဟား''

အေးလွင်ကလည်း ဝင်နောက်တယ်။

''အေးလေ၊ မင်းက သိုင်းတတ်တာပဲဟာ''

ကျွန်တော်က မဲ့ပြုံးနဲ့ ခေါင်းညိတ်ပြလိုက်တယ်။

''ဟုတ်ပါတယ်၊ အဲဒီကိစ္စကိုလည်း ငါ ထည့်စဉ်းစားပါတယ်''

နှစ်ယောက်သား နားရွက်ထောင်သွားကြတယ်။

''ငါက သိုင်းတတ်နေတယ်၊ အဲဒါကြောင့် ဒီကောင်က သိုင်းပြောင်းပြန် တတ်လိမ့်မယ်''

စကားအဆုံးမှာ သုံးယောက်သား ဝါးခနဲရယ်လိုက်ကြတယ်။ ရေနွေးအိုးကြီးတည်ရင်း ကဗျာအကြောင်း၊ စာအကြောင်းစဉ်းစားနေတဲ့ ဆိုင်ရှင်ကိုထွန်းဝေမြင့်တောင် လန့်သွားတယ်။

ရယ်သံတွေအဆုံးမှာ အေးလွင်က…

''တစ်လမ်းတည်းနေပြီး တစ်ယောက်နဲ့တစ်ယောက် မသိ





တာက ရန်ကုန်မြို့ရဲ့ ဖက်ရှင်လို ဖြစ်လာပြီနော်''

ဟုတ်တော့လည်း ဟုတ်ပါတယ်။ တစ်လမ်းတည်းမပြောနဲ့ တစ်တိုက်တည်းနေပြီးတောင် တစ်ခန်းနဲ့တစ်ခန်းမသိကြဘူး။ အေးလွင်ပြောသလို ဖက်ရှင်ဖြစ်နေကြပြီလား။ အဲဒါဆိုရင် အဲဒီဖက်ရှင်ကို ဘယ်သူတွေက စဝတ်ခဲ့ကြတာလဲ။

လက်ဖက်ရည်ဆိုင်က ထလာကြတော့ နံနက်ကိုးနာရီကျော်နေပြီ။

''ငါတို့က အဲဒီလူကို မြင်တော့ မြင်ဖူးနေတယ်ကွ၊ ဒါပေမယ့် မင်းနဲ့ ပြောင်းပြန်ဖြစ်နေမှန်းတော့ ဘယ်သိမလဲ။ သူ့နာမည်ကိုလည်း မသိဘူး၊ သူ့ဆေးဆိုင်မှာလည်း မဝယ်ဖူးဘူး၊ ငါ့မှာလည်း ဘာရောဂါမှ မရှိဘူး''

ကျော်တင့်က အဲဒီလို ဟစ်ကြွေးပါတယ်။

''ငါလည်း အဲဒီလိုပဲပေါ့''

လို့ အေးလွင်က လိုက်ပြောတယ်။ ကျွန်တော်က ဘာမှ ပြန်မပြောဘဲ ပြုံးနေလိုက်တယ်။

''ဟော့ကောင်တွေ…ဟိုမှာ''

အေးလွင်ညွှန်ပြရာကို လိုက်ကြည့်တော့ ကျွန်တော်တို့ကို ကျောပေးထားပြီး လမ်းပေါ်မှာ ဘာကို ငုံ့ကောက်နေမှန်းမသိတဲ့

ကောင်မလေးနှစ်ယောက်ကို တွေ့ရတယ်။

ကျွန်တော်တို့ရှေ့ မလှမ်းမကမ်းမှာပါ။ ကျွန်တော်တို့က သူတို့နောက်က လိုက်လျှောက်သလို ဖြစ်နေတာပေါ့။

သူတို့ငုံ့ကောက်လိုက်တာက ကျောက်စိမ်းနားဆွဲလေး တစ်ဖက်ပါ။ တန်ဖိုးသိပ်ကြီးပုံမပေါ်တဲ့ ကပ်နားကပ်တစ်ဖက်ပါ။

ကောင်မလေးတစ်ယောက်က အဲဒီနားကပ်ကို လက်ထဲမှာ ကိုင်ကြည့်နေရင်း...

''ဘယ်ကောင်မလေး ကျပျောက်ခဲ့တဲ့ နားကပ်လည်း မသိ ပါဘူးဟယ်''

သူ့အဖော်ကောင်မလေးကို ပြောတာပါ။ စကားအဆုံးမှာ သူ့ဘာသာ ရယ်လိုက်သေးတယ်။ ဆက်ပြောတယ်။

''သနားပါတယ်...၊ သူ့ခမျာ နားဟောင်းလောင်းကြီး ဖြစ်နေမှာပဲ''

အသံကလေးက နားထောင်လို့ ကောင်းတယ်။ ကျွန်တော် တို့က သူတို့ကို မမြင်ရပါဘူး။ ဘာရည်ရွယ်ချက်မှလည်း ရှိလို့မဟုတ် ပါဘူး။ ကျွန်တော် နောက်ချင်လာတယ်။

အဲဒါနဲ့...

သူတို့ကို ကျော်တက်လိုက်တယ်။ လက်ကုတ်ပြီး ခေါ်လာ





လို့ ကျော်တင့်နဲ့အေးလွင်လည်း တစ်ပြိုင်တည်းပါလာတယ်။

ကျွန်တော်က မြေကြီးပေါ်က ပြောင်းဖူးစေ့လေးတစ်စေ့ကို ငုံ့ကောက်လိုက်တယ်။ လက်ထဲမှာ လှည့်ပတ်ကိုင်ကြည့်ရင်း...

''ဘယ်ကြက်မ ကျပျောက်ခဲ့တဲ့ ပြောင်းဖူးစေ့လည်း မသိပါ ဘူးကွာ''

ခုနက ကောင်မလေးလိုပဲ စကားအဆုံးမှာ ရယ်လိုက်တယ်။ ပြီး... ဆက်ပြောလိုက်တယ်။

''သနားပါတယ်ကွာ...သူ့ခမျာ နှုတ်သီးဟောင်းလောင်းနဲ့ နေနေရမှာပဲ''

ကျော်တင့်နဲ့ အေးလွင်က ပထမတော့ အောင့်ထားပါသေး တယ်။ ဒါပေမယ့် မရလိုက်ဘူး။ ရယ်ချင်တာကို အောင့်ထားရတာ ဟာ ပါးစပ်ကို လေနဲ့ ကလိထိုးနေတာ ခံရသလိုပါပဲ။ 'ဗွူး'ခနဲ ပေါက်ကွဲသံကြီးနဲ့ ရယ်လိုက်ကြတယ်။

ကျွန်တော်ကတော့ ကိုယ့်ပြက်လုံး ကိုယ်ပြန်မရယ်ဘူးလေ။ ကျော်တင့်က ရယ်ရင်းတန်းလန်း ကျွန်တော့်လက်ထဲက ပြောင်းဖူးစေ့ ကို ဆွဲလွှင့်ပစ်တယ်။ အေးလွင်ကလည်း ကျွန်တော်တို့ နှစ်ယောက်ကို လမ်းဘေးဆွဲချတယ်။

နောက်က ကောင်မလေးတွေကို လမ်းဖယ်ပေးခိုင်းတာပါ။

ကောင်မလေးနှစ်ယောက် ကျွန်တော်တို့ကို ကျော်တက်သွားတယ်။ ခြေကိုလည်း ဆောင့်နင်းသွားတယ်။

ကျွန်တော်နောက်လိုက်တဲ့ ကောင်မလေးက ကျွန်တော့်ကို ဖျတ်ခနဲ လှည့်ကြည့်တယ်။ ဒါပေမယ့် ကျွန်တော်ကတော့ သူ့ကို ပြန်မကြည့်ဘူး၊ မသိချင်ယောင် ဆောင်နေလိုက်တယ်။

အေးလွင်တို့တိုက်ခန်းပေါ်ရောက်မှ ကျော်တင့်က ပြောတယ်။

''ခုနကောင်မလေး ဘယ်လိုလဲ၊ သဘောမကျဘူးလား''

ကျွန်တော်က သူ့ကို ပြန်မေးရတယ်။

''လှလား...''

''ဟာ...မင်းမြင်တဲ့အတိုင်းပဲလေ၊ ဒီလိုကောင်မလေးမျိုးကိုမှ မလှဘူးပြောရင် ဘယ်လိုကောင်မလေးကို လှတယ် ပြောတော့မှာလဲ''

ကျွန်တော် ခေါင်းတဆတ်ဆတ် ညိတ်နေမိတယ်။

''ခက်တာက ငါက သူ့ကို မကြည့်လိုက်မိဘူးကွ၊ မျက်နှာကိုတောင် မမြင်လိုက်ဘူး''

''ဒါပေါ့...ယောကျ်ားလေးဆိုတော့ ကန္ဒြေထိန်းရတာပေါ့''

အဲဒီအချိန်မှာပဲ အေးလွင်က ဝင်ပြောတယ်။

''ကျော်တင့်...မင်း အဲဒီကောင်မလေးကို မသိဘူးလား''





ကျော်တင့်က ခေါင်းခါတယ်။

''ဟင့်အင်း...မသိဘူး၊ ဘာဖြစ်လို့လဲ''

အေးလွင်က ချက်ချင်း ပြန်မဖြေသေးဘဲ ပြုံးစိပြုံးစိ လုပ်နေတယ်။ ခဏကြာမှ...

''လင်းဝေ''

ကျွန်တော့်ဘက်လှည့်ပြီး ပြောတယ်။

''မင်းနဲ့ ဝေလင်းနဲ့က ဘယ်လိုရေစက်မှန်းကို မသိဘူးကွ''

''ဟေ...''

လာပြန်ပြီလား...။ ကျွန်တော် နည်းနည်းလန့်သွားတယ်။ မျက်လုံးပြူးနဲ့ မေးလိုက်မိတယ်။

(အထိတ်တလန့် မလုပ်ကြပါနဲ့။)

''ဘာဖြစ်ပြန်ပြီလဲ...''

''ပထမအချက်...''

အေးလွင်က လက်ညှိုးတစ်ချောင်း ထောင်ပြတယ်။

''အဲဒီကောင်မလေးဟာ ဝေလင်းနဲ့တွဲနေတဲ့ ကောင်မလေးပဲ...''

ကျော်တင့်ကပါ စိတ်ဝင်စားသွားတယ်။

''ဟေ...ဟုတ်လား၊ သေချာလား၊ သူတို့က သမီးရည်းစား

လား…''

အေးလွင်က သူ့နှာခေါင်းတစ်ပေါက်ကို လက်ညှိုးနဲ့ကုတ်ပြီး ပြန်ဖြေတယ်။

''အဲဒါတော့ ငါလည်းမသိဘူးလေ၊ အထင်ပြောရရင် သမီးရည်းစားတော့ မဟုတ်လောက်သေးဘူး၊ ဒါပေမယ့် တွဲတော့ တွဲနေတယ်၊ အဲဒါမျိုးပေါ့''

''ဩော်…''

ကျွန်တော်က အဲဒီလောက်ပဲရေရွတ်လိုက်ပေမယ့် ကျော်တင့်က ဆက်တိုက် ဆက်တိုက် ဆက်မေးတယ်။

''အဲဒီကောင်မလေးအကြောင်း မင်းဘယ်လောက်သိလဲ၊ ဘယ်မှာနေတာလဲ''

အေးလွင်က အဲဒီမေးခွန်းတွေကို တိုတိုတုတ်တုတ်ပဲ ပြန်ဖြေတယ်။

''မသိဘူး''

ပြီးမှ သူ့စကားရဲ့ မူလ Theme အတိုင်း သူဆက်ပြောတယ်။

''ဒုတိယအချက်…''

ဒီတစ်ခါလည်း လက်ညှိုးနှစ်ချောင်းပဲ ထောင်ပြပါတယ်၊





''လင်းဝေကို ကောင်မလေးက လှည့်ကြည့်သွားတယ်၊ ကောင်မလေးရဲ့မျက်နှာ အမူအရာတစ်မျိုး ဖြစ်သွားတယ်။ အဲဒါပြသနာပဲ၊ တစ်ခုခုတော့ ထူးဦးမယ်ထင်တယ်''

ရုတ်ခြည်းဆိုသလိုပဲ ကျော်တင့်ရဲ့မျက်နှာဟာလည်း တည်ငြိမ်သွားတယ်။ ခပ်လေးလေး ခေါင်းညိတ်လိုက်ရင်း…

''ဟုတ်တယ်…အဲဒါကိုတော့ ငါသိလိုက်တယ်၊ ငါလည်းမင်းလိုပဲ ခံစားရတယ်''

ခက်တာက သူတို့ချည်းပဲ ခံစားနေတယ်။ ကာယကံရှင်ဖြစ်တဲ့ ကျွန်တော်က ဘာမှတောင် မသိဘူး။

(အင်းလေ…ခံစားရပါတယ်၊ ဒါလည်း ခံစားစရာပဲပေါ့။)

''ငါနဲ့ ဘာဖြစ်စရာအကြောင်း ရှိမှာလဲကွာ၊ ဝေလင်းနဲ့သူနဲ့ တွဲနေတဲ့ဟာပဲ''

''မင်းနဲ့လည်း တွဲမလာဘူးလို့မှ မပြောနိုင်ဘဲ၊ တကယ်ကြိုက်ရင် ကြိုးစားကြည့်ပါလားကွ၊ ကောင်မလေးက လှတယ်''

''ဟင်…မြင်တောင် မမြင်လိုက်ရပါဘူး ဆိုမှ''

ရယ်ကြရပြန်ပါတယ်။ အဲဒီညက အိပ်မက် မက်တယ်။ ကျွန်တော်နဲ့ အဲဒီကောင်မလေးနဲ့ ရည်းစားဖြစ်တော့မလို့တဲ့။ ဝေလင်းက ကန့်လန့်ကန့်လန့် လုပ်နေတယ်။

'ကျွန်တော်က သူ့ကို စားပစ်လိုက်မှာနော်...'

လို့ ပြောလိုက်တယ်။

တစ်ခုပဲ...။ ကျွန်တော်မမြင်ဖူးလိုက်တဲ့အတွက် အိပ်မက်ထဲမှာ ကောင်မလေးက 'မျက်နှာ'ပါမလာဘူး။

⚜



## အခန်း[၄]

## စိမ်းစိမ်းစိုစို

မြည်းတစ်ကောင် စာဖတ်တာကို ခွေးက နားထောင်တယ်။ စာထဲမှာ မြည်းစာအမျိုးမျိုး၊ မြက်အမျိုးမျိုးနဲ့ ပဲအမျိုးမျိုးအကြောင်း ပါတယ်။ မြည်းက ခွေးကို နှစ်သိမ့်လေရဲ့

မိုးရွာတဲ့အခါ... အမဲသားအကြောင်း ရေးထားတဲ့ စာရွက်လို အသုံးဝင်လာလိမ့်မှာပေါ့... တဲ့။

[မျှော်လင့်ရင်တော့ မျှော်လင့်ပေါ့။
ဒါပေမယ့် စာရွက်ထဲမှာ
မြက်တွေ ပဲတွေတောင်
ဖြစ်ထွန်းနေခဲ့ပြီဆိုတော့...
မိုးလည်း...ရွာပြီးရောပေါ့...။]

မီးတောက်ရစ်သမ်ကဗျာကို ဖတ်ပြီးတဲ့အခါမှာ ကျော်တင့်နဲ့ အေးလွင် တွေဝေနေကြပါတယ်။

ကျော်တင့်က…

''မင်း အဲဒီကောင်မလေးနဲ့ ပြန်တွေ့သေးလား''

ကျွန်တော် ခေါင်းကုတ်လိုက်မိတယ်။

''မင်း တကယ်အောက်မေ့နေလို့လား၊ ငါက စိတ်ကူးယဉ်ပြီး လျှောက်ရေးထားတာ''

ကျော်တင့်ရဲ့မျက်ခုံးဟာ အတွန့်ချိုးသွားတယ်။ အေးလွင်ကလည်း ကျွန်တော့်ကို မသင်္ကာသလို ကြည့်လို့ ရယ်ရသေးတယ်။

''မင်း မလျှို့နဲ့လေကွာ''

ကျွန်တော့်ကို အဲလို ပြောင်ကြီးအစ်လိုက်တာက အေးလွင်ပါ။

''ဟ…မလျှို့ပါဘူးကွ၊ ငါ့မှာ ရည်းစားဆိုလို့ ခုထိ တစ်ယောက်မှတောင် မရှိသေးဘူး၊ ရှိရင် မင်းတို့ သိရမှာပေါ့''

သူတို့က မကျေနပ်ပါဘူး။ 'မီးတောက်ရစ်သမ်'ကဗျာ စာရွက်ကို ကျွန်တော့်ရှေ့ ပြန်ပစ်ချတယ်။

''ဒါဖြင့် ဒီကဗျာက…''

ခက်တော့တာပါပဲ။ ကျွန်တော် အကျပ်ရိုက်နေပါတော့တယ်။ သူတို့က… ကျွန်တော့်မျက်နှာကို စေ့စေ့လိုက်ကြည့်နေကြတယ်။

သူတို့နဲ့ ကျွန်တော် မျက်လုံးချင်းဆုံတော့ သူတို့ သေသေချာချာ အကဲခတ်တယ်။ ကျွန်တော်ကလည်း ခပ်တည်တည်ပဲ။

ခဏကြာမှ ကျော်တင့်က…

''ဒါဖြင့် ဒီကဗျာက တကယ်မဟုတ်ဘူးပေါ့၊ ဟုတ်လား''

''အေး…မဟုတ်ပါဘူးဆို''

''ဒါဖြင့်…ဒီထဲက ကောင်မလေးကလည်း တကယ်မရှိဘူးပေါ့''

''အေး…မရှိဘူး''





''ဒါဖြင့် မင်း ဘယ်လိုလုပ် ရေးလဲ''

''ဟင်…ငါ့ဘာသာ စိတ်ကူးယဉ်ပြီး ရေးတာပါဆို''

ပြဿနာက ဒုံရင်းပြန်ရောက်သွားပြန်တယ်။

အေးလွင်က ဖြတ်ပြောတယ်။

''လင်းဝေ…''

''ပြော…''

''ဒါက တကယ်ပဲ မင်းဟာမင်း စိတ်ကူးနဲ့ဖန်တီးလိုက်တဲ့ ကဗျာလား''

''ကောင်းပြီသူငယ်ချင်း…၊ အဲဒါဆိုရင်တော့…''

စကားအဆုံးမှာ အေးလွင်က ကျွန်တော့်ကို လက်ကမ်းပါတယ်။ ကျွန်တော်က ပြန်ပြီး လက်ကမ်းပေးလိုက်တော့ ကျွန်တော့် လက်ကို ခါယမ်းချီးကျူးတယ်။

''ကွန်ဂရက်ကျူလေးရှင်းပဲ သူငယ်ချင်း''

ကျော်တင့်က ရယ်တယ်။

''ငါလည်း သူ့လိုပါပဲကွာ၊ မင်းကဗျာက တော်တော်တော့ ဆွဲဆောင်နိုင်တာပဲ၊ တကယ်လို့တောင် ထင်ရတယ်''

ကျွန်တော်ကတော့ သွားဖြဲလေးနဲ့ပေါ့။

''အေး…ငါကလည်း တကယ်လို့ထင်ရအောင် တမင်ရေး

ခဲ့တာ၊ နောက်ပြီး အဲဒီကဗျာကြီးရေးနေချိန်မှာလည်း အတော်ရှာနိဝင် နေတယ်''

''ဘယ်လို ရှာနိဝင်တာလဲ၊ ရည်းစားလည်း မထားဘူးသေးဘဲနဲ့ အချစ်ကဗျာကို မင်းက ဘယ်လိုလုပ် ရှာနိဝင်တာလဲ''

''အဲဒါကိုပြောရမယ်ဆိုရင်တော့ အတော်နက်နဲတယ်ကွ...''

ကျွန်တော့်စကားအဆုံးမှာ အေးလွင်က 'လုပ်လာပြီ' လို့ ရေရွတ်ပါတယ်။

ကျော်တင့်မျက်နှာကလည်း ပြုံးပြုံးကြီးနဲ့ မဲ့သွားတယ်။ အောင့်အည်းသည်းခံထားရတဲ့လေသံနဲ့...

''နက်နဲရင်လည်း နက်နဲပါစေကွာ၊ နည်းနည်းတော့ ရှင်းပြပါဦး၊ ငါတို့ ပညာယူကြရတာပေါ့...''

''အဟမ်း...ဒီလိုကွ''

ကျွန်တော်က စကားစဖို့ ပြင်ပါတယ်။ သူတို့ကလည်း စိတ်ဝင်တစား နားထောင်နေကြပါတယ်။ ဒါပေမယ့် ကျွန်တော်က ဘယ်က စပြောရမှန်းမသိ ဖြစ်နေတယ်။

''ပြောလေကွာ...''

ကျော်တင့်က 'ကင်ပေတိုင်'လေသံနဲ့ လှမ်းအားပေးပါတယ်၊ အဲဒါနဲ့...





''ဒီလိုကွ...''

''အင်း...ပြော''

''အဲဒီတုန်းက ငါ့မှာချစ်သူ မရှိဘူး...''

ပြီးမှ...ကိုယ့်စကားကိုယ် ကြိုရှင်းထားရသေးတယ်။

''အခုလည်း မရှိပါဘူး၊ အဲဒီတော့ကွာ ငါပြောချင်တာက အဲဒီကဗျာကြီးရေးတဲ့အချိန်မှာ ငါ့မှာချစ်သူ မရှိဘူး''

အေးလွင်က...

''အေးပါကွာ...ဒီလောက်လည်း ကြွားမနေပါနဲ့၊ ပြောမှာသာ ဆက်ပြော''

''ဒီကဗျာကို ရေးတဲ့အချိန်မှာ... ငါ့အာရုံထဲမှာ ချစ်သူ တစ်ယောက်ကို ဖန်ဆင်းကြည့်တယ်။ ငါ့ရဲ့ချစ်သူပေါ့...''

''အင်း...ဟုတ်ပြီ''

''တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြတယ်''

အေးလွင်က ''ဟေ...ဟော့''တဲ့။

ကျော်တင့်ကလည်း ''စိတ်ကူးထဲမှာဆိုတော့လည်း ယုံရမှာပေါ့ သူငယ်ချင်းရာ...''တဲ့။

ကျွန်တော် နည်းနည်းကျွဲမြီးတိုသွားတယ်။

''မင်းတို့ အဲလိုဆိုရင်တော့ ငါ ဆက်မပြောတော့ဘူး''

အဲဒီတော့လည်း နှစ်ယောက်လုံးက ကျွန်တော့်ကို ရယ်ပြကြတယ်။

''အေးပါကွာ…ပြောပါ၊ ဆက်ပြောပါ''

''အဲဒီချစ်သူရယ် ငါရယ် အရမ်းချစ်ရက်နဲ့ မမျှော်လင့်ဘဲ ခွဲလိုက်ကြရတယ်''

''ဘာဖြစ်သွားလို့လဲ''

''ဘာဖြစ်ဖြစ်ကွာ၊ ငါ့စိတ်ကူးထဲမှာ အဲလိုအကြောင်းပြချက်တွေ မပါဘူး၊ မမျှော်လင့်ပဲ ကွဲသွားရတဲ့ ချစ်သူတစ်ယောက်ပေါ့၊ အဲလို ငါ ခံစားယူလိုက်တာ''

''အင်း…ဟုတ်ပြီ''

''အဲဒီ စိတ်ကူးခံစားချက်နဲ့ ငါ ဒီကဗျာကြီးကို ရေးတာပဲ''

''တကယ်လို့ထင်ရအောင် အချို့အချက်တွေကို ထည့်ရေးထားရတာကရော ဘာလို့လဲ၊ ဥပမာ ခုနှစ်သက္ကရာဇ်တွေ၊ ကျောင်းရှေ့က မြရာပင်တို့၊ ဘာတို့''

''သြော်…ဒါကတော့ ကဗျာတစ်ပုဒ်ရဲ့ Time and Space အနေနဲ့ ထည့်ရေးတာပေါ့၊ ငါ့ပတ်ဝန်းကျင်ကလည်း ဒါတွေရှိတာပဲ''

''သြော်…''

''ငါ ဆက်မပြောတော့ဘူး…ဒါပဲ''





''အင်း…''

သူတို့လည်း ဆက်မမေးကြတော့ဘဲ ငြိမ်သက်သွားတယ်။

ကျော်တင့်က…

''လင်းဝေ''

''ဟေ…''

''မင်းက ဘာလို့ ဒီအချိန်ထိ ရည်းစားမရှိရသေးတာလဲ''

ဒီစကားကတော့ ကျွန်တော့်ကို အရိုက်ထိုးတဲ့ စကားပါပဲ။ ချက်ချင်းဆိုသလိုပဲ မကျေမချမ်း တုံ့ပြန်လိုက်တယ်။

''အောင်မာ…မင်းတို့ကျတော့ရော''

ကျော်တင့်နဲ့ အေးလွင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြပါတယ်။ ပြီး…ကျွန်တော့်ဘက်ကို စပ်ဖြဲဖြဲနဲ့ ပြန်လှည့်လာတယ်။

''ငါတို့က ရည်းစားတွေအများကြီး ထားခဲ့ဖူးတယ်ကွ၊ ခုမှ မထားချင်တော့လို့ မထားတာ၊ မင်းက ခုချိန်ထိ တစ်ယောက်မှ မထားရသေးတာ၊ ငါတို့နဲ့ မင်းနဲ့ မတူဘူး၊ အခု ငါတို့မေးတာကိုပြော၊ ဒီအချိန်ထိ မင်းက ဘာလို့ ရည်းစားမရှိရသေးတာလဲ''

''အဟဲ…''

ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးလေးဖြစ်သွားတယ်။ အဝေးကို

တစ်ချက် လှမ်းငေးလိုက်ရင်း...

''မင်းတို့မရယ်ဘူးဆိုရင် ငါပြောပြချင်တာ တစ်ခုရှိတယ်''

အဲလိုပြောကတည်းက ဟိုနှစ်ကောင်က ရယ်ကြပါတယ်...။

''တော်ပြီ...၊ မင်းတို့ အဲလိုရယ်မယ်ဆိုရင်တော့ မပြောတော့ဘူး''

''အေး အေး... မရယ်တော့ဘူး၊ ပြောပါ...ပြောပါ'' လို့ သူတို့က ရယ်သံကြီးနဲ့ လာပြောပြန်ပါတယ်။

ကျွန်တော် ဘာမှမပြောတော့ဘဲ နေလိုက်တယ်။

''တကယ်မပြောတော့ဘူးပေါ့...''

''အေး...''

''ပြောပါကွ၊ မင်းကလည်း...''

''ဟင့်အင်း...မပြောတော့ဘူး''

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မျက်နှာရှုံ့ပြကြတယ်။ အေးလွင်က စကားလမ်းကြောင်းကို ပြန်ရွှေ့တယ်။

''မင်းကဗျာထဲက ကောင်မလေးကိုရော မင်း သတိရတုန်းပဲလား''

ကျွန်တော် ကြောင်သွားတယ်။ အေးလွင်က သူ့စကားကို သူ ကပျာကယာ ဆက်ရှင်းတယ်။





''ဒီလိုလေကွာ...၊ မင်းစိတ်ကူးထဲက ဖန်ဆင်းထားတဲ့ ကောင်မလေး၊ မင်းကဗျာထဲက ထိပ်ထားဆိုတဲ့ကောင်မလေး၊ အဲဒီ ကောင်မလေးကို မင်း သတိရသေးလားလို့ မေးတာ၊ အာရုံ ပြန်ပြန် မဝင်ဘူးလား''

အဲဒီမေးခွန်းအတွက် အေးလွင်ကို ကျွန်တော် အင်မတန် ကျေးဇူးတင်သွားတယ်။

''ဟာ...သိပ်သတိရတာပေါ့ သူငယ်ချင်းရာ...''

ကျော်တင့်က ဝင်မေးတယ်။

''ဘယ်လိုအချိန်တွေမှာ သတိရတာလဲ...''

''ငါတစ်ယောက်တည်းရှိနေတဲ့ အချိန်တွေ၊ ကိုယ့်ဘဝကို ကိုယ်စိတ်ပျက်နေတဲ့ အချိန်တွေ၊ ခံစားချက်တစ်ခုကို ရင်ဖွင့်ချင်နေတဲ့ အချိန်တွေ၊ အဲလိုအချိန်တွေမှာ သူ့ကို ငါ သိပ်သတိရတာပေါ့''

''အပြင်က တကယ့်ချစ်သူတွေကတော့ မတွေ့ရရင် သေမလောက်ခံစားရတယ်တဲ့၊ မင်းကရော...''

အဲဒီမေးခွန်းကို ဖြေတဲ့အချိန်မှာ တစ်လောကလုံး တိတ်ဆိတ်သွားသလိုပဲ။ ကျွန်တော့်တစ်သံတည်း...

''ငါကတော့ စိတ်ကူးထဲက ချစ်သူကို၊ တွေ့ရရင် သေမလောက် ခံစားမိလိမ့်မယ် ထင်တယ်''

အရှုံးလို့များ ထင်ကြမလား။ ကဗျာဆရာလုပ်မှတော့ မထူးတော့ပါဘူး။

ကျွန်တော့်အတွက် မိုးတွေလည်း ရွာပြီးရောပေါ့လေ...။



# အခန်း (၅)

## မခြောက်မချွေ့

ဝက်ဝံက ပြောတယ်။

သူဟာ အကြင်နာတရား ကြီးမားတယ်တဲ့။ သေနေတဲ့လူကို ဘယ်တော့မှ မစားဘူးတဲ့။

မြေခွေးက ပြုံးတယ်။။

ဝက်ဝံက အရှင်လတ်လတ်ကိုမှ ကိုက်စားတတ်တာကိုး…။

[အကြင်နာတရား ကြီးမားတတ်တဲ့
ဝက်ဝံရဲ့ကိုက်စားမှုကို မခံချင်ဘူးဆိုရင်
တစ်နည်းပဲရှိတယ်။
လဲ… သေ… လိုက်…။]

အခန်းကျဉ်းလေးတစ်ခုပါပဲ။ ဒါပေမယ့် ကျွန်တော့်အတွက်တော့ အကယ်ဒမီကျောင်းတော်ကြီးလည်း ဖြစ်ပါတယ်။ ကျွန်တော့်ဆရာဟာ ပလေတို မဟုတ်ပါဘူး။ ဒါပေမယ့် အတွေးအခေါ်မှာ ရင့်ကျက်ပြည့်ဝပါတယ်။

ဒီလိုဆရာမျိုးနဲ့ တွေ့ရကြုံရတာ ကိုယ့်ဘဝအတွက် တံခွန်တစ်လက် ရတာပဲလို့ ထင်မြင်မိတယ်။ သိပ္ပံခေတ်ရဲ့ နောက်ဆုံးနည်းပညာတွေကို သင်ပေးတဲ့ဆရာတော့ မဟုတ်ပါဘူး။ ရပ်ကွက်ထဲမှာ ပခုံးချင်း ခဏခဏဝင်တိုက်မိနေကျ အင်္ဂလိပ်စာဆရာတွေထဲက တစ်ယောက်ပါပဲ။

ထူးခြားတာဆိုလို့ နည်းနည်းပဲရှိတယ်။ အင်္ဂလိပ်စာကို အနုပညာမြောက်အောင် သင်ပေးနိုင်တယ်။ အဲဒီ 'နည်းနည်းကလေး ထူးခြားမှု'ကြောင့်ပဲ ဆရာဟာ ကျွန်တော့်အတွက် အားလုံးနဲ့ကွဲတယ်။

အခုလည်း ဆရာဟာ ကျွန်တော့်ကို အင်္ဂလိပ်ကဗျာတစ်ပုဒ် သင်ပေးတယ်။ 'ဝီလျံသက္ကရေး'ရဲ့ 'ကျစ်ဆံမြီး'ဆိုတဲ့ ကဗျာပါ...။ ကဗျာက ဟာသကဗျာပေါ့။ အဲဒါကြောင့် ရှားတယ်။

"ဒီကဗျာဟာ သရော်ထားတဲ့ကဗျာပဲ။ ပညာရှိဆိုတဲ့ ပုဂ္ဂိုလ် တွေ ပညာရှင်တွေဟာ တစ်ခါတစ်ခါမှ မလိုတာကို ဇာချဲ့ တွေးတတ် တယ်။ အဲဒီလိုနဲ့ သူ့ဘာသာ တစ်နေရာတည်းမှာ ပတ်ချာလည်နေ တတ်ကြတယ်"

"ဟုတ်ကဲ့..."

ကျွန်တော်က စကားထောက်ပေးတော့ ဆရာကပြုံးတယ်။

"အဲဒါမျိုး မြင်ဖူးလား"

"ဟုတ်...ဟုတ်ကဲ့"

မြင်ဖူးသလိုလိုတော့ ရှိတာပဲလေ။ ဒါပေမယ့် ဆရာ မပြ ကျောကုန်းကို ပြန်ကုတ်ရတာတောင် နည်းမကျဘူး မဟုတ်လား အဲဒါကြောင့် ဆရာ့ပြောစကားကို ကျွန်တော် ဆက်နားထောင်နေ လိုက်တယ်။





"ဒီကဗျာထဲမှာ ကျစ်ဆံမြီးလုလှကြီးရှိတဲ့ ပညာရှိကြီးဟာ အခံရခက်နေတယ်"

"ဟုတ်ကဲ့"

"ဘာဖြစ်လို့လဲဆိုတော့ သူ့ကျစ်ဆံပြီးရဲ့အလှကို သူများ တွေသာ မြင်ရပြီး သူ့ဘာသာသူ ပြန်မမြင်ရဘူး"

"ဟုတ်ကဲ့"

"အဲဒါနဲ့ ကျစ်ဆံမြီးကို နေရာပြောင်းပစ်ပြီး ရှေ့ကိုရွှေ့ဖို့ အဓိဋ္ဌာန်ပြုလိုက်တယ်"

"ဟုတ်"

ကျွန်တော် နည်းနည်းလန့်သွားတယ်။ ရှေ့မျက်နှာ နောက် ထားတယ်လို့သာ ဆိုရိုးစကား ကြားခဲ့ဖူးတာပါ။ နောက်စေ့ကို ရှေ့ရွှေ့ မှာတော့ မကြားဖူးဘူး။

ဆရာက...

"အဲဒီလိုနဲ့ သူဟာ သူ့ကျစ်ဆံမြီးကို ရှေ့ရောက်အောင် ရွှေ့တယ်။ ထူးထူးဆန်းဆန်း နည်းလမ်း မဟုတ်ပါဘူး၊ သူ့ကိုယ်ကို ပတ်ချာလည်ပြီး ရွှေ့နေတာ၊ ဟား...ဟား..."

ပြောရင်း ဆရာက သဘောကျတယ်။ ကျွန်တော်လည်း ပြုံးမိတယ်။ ဒါမျိုးတော့ ကျွန်တော်လည်း လုပ်တတ်တာပေါ့။

သူ့လိုပဲ ကျွန်တော်လည်း ငယ်ငယ်က တစ်ခါဖြစ်ဖူးတယ်။ တင်ပါးအထက်မှာ မြီးညှောင်းရိုးရှိနေတာကို ကျွန်တော်က ရှက်နေတယ်။ ကျွန်တော့်ကို လူတွေက နောက်ကကြည့်နေရင် မြီးညှောင့်ရိုးကို လိုက်ကြည့်နေတယ်လို့ပဲ ထင်တယ်။ စိတ်မလုံဘူး။

အဲဒီလိုနဲ့ လူကွယ်ရာရောက်ရင် မြီးညှောင်းရိုးလေးကို ပြန်စမ်းပြီး ကိုယ်ထဲကို တွန်းတွန်းသွင်းရတာ အမောပဲ။ အပြင်ကို ရှည်ထွက်လာပြီး အမြီးဖြစ်လာမှာ ကြောက်တယ်။

အဲဒီအချိန်မှာပဲ...

''ဩော်...အေး...လာကြ''

ကျွန်တော့်နောက်က ခုံတန်းမှာ လူအချို့ ဝင်ထိုင်တာကို ကြားရပါတယ်။ ထုံးစံအတိုင်း ကျွန်တော်က လှည့်မကြည့်ဘူး။ နောက်ကနေ 'အော်ဒီကလုံး' ရေမွှေးနံ့ပျပျကလေးရနေတယ်လို့ ခံစားရတယ်။

''အဲဒီပညာရှိကြီးဟာ ဘယ်လိုပဲ ပတ်ချာလှည့်လှည့် သူ့ကျစ်ဆံမြီးက သူ့နောက်မှာပဲ တွဲလောင်းကပ်နေတယ်တဲ့''

ကဗျာကို ရှင်းလို့ ပြီးသွားပါပြီ။

ဆရာက ဝေါဟာရတွေနဲ့ ကဗျာဖွဲ့ထုံးကို အသေးစိတ် ဆက်ရှင်းတယ်။နားထောင်ရင်း ကျွန်တော်လေးစားခြင်းမက လေးစား





လာတယ်။ ကျွန်တော့်နောက်က နှစ်ယောက်တော့ ဘယ်လိုသဘောရှိတယ် မသိဘူး၊ သူတို့ရဲ့အသံကို ဘယ်လိုမှ မကြားရဘူး။

စာလာသင်တာကလည်း ပါးစပ်ကြီးတွေ ပိတ်လို့။

''ဒီကဗျာဟာ သရော်စာမို့လို့ ဒဿနအမြင့်ပါတယ်။ အားလုံးကိုသိတဲ့ ပညာရှိဟာ ကိုယ့်ကိုယ်ကို မသိဘူး ဖြစ်နေတယ်''

အစချီပြီး ကဗျာရဲ့ဒဿနကို ဆရာက ဆက်ရှင်းပါတယ်။ နောက်ဆုံးမှာ စိတ်ဝင်စားစရာအကောင်းဆုံးအချက်တစ်ချက် ပါလာတယ်။

''ကဲကွာ...ဘာဒဿနမှမပါဘူး ထားဦး၊ ဟာသစာကလေးတွေ ဖတ်ရတာ မင်းတို့ အပျင်းမပြေဘူးလား''

''ခစ်ခစ်...ပြေတာပေါ့''

မိန်းကလေးသံပါ။ ကျွန်တော့်နောက်က ထွက်လာတာပါ။ ကျွန်တော် လန့်သွားတယ်။

မသိမသာ... ကျွန်တော့်မြီးညှောင်းရိုးကို လက်နဲ့ အထဲပြန်တွန်းသွင်းလိုက်ပါတယ်။

''လောကမှာ အပျင်းပြေဖို့ဆိုတာ အင်မတန်လိုအပ်တယ်''

''ဟုတ်''

အဲလိုပြောလိုက်တာ ကျွန်တော် မဟုတ်ပါဘူး။ ကျွန်တော် နောက်က 'နံ့သာရှင်မ' လေးပါ။

ဆရာက ကျွန်တော့်ကိုကျော်ပြီး သူ့ကိုကြည့်တယ်။ သတိ ဟန်နဲ့ မေးတယ်။

''ဝေလင်း မပါဘူးလား''

''မပါဘူး ဆရာ၊ သမီးတို့နဲ့ မတွေ့ဘူး၊ တူတူလာတာ မဟုတ်ဘူး''

''ညည်းတို့နှစ်ယောက်တည်းပဲပေါ့''

''ဟုတ်ကဲ့...''

ဒီသင်တန်းက အင်္ဂလိပ်စာပေရဲ့ အလင်္ကာသဘောတရား တွေကို ပို့ချတဲ့ သင်တန်းပါ။ အင်မတန်ရှားပါးတဲ့ သင်တန်းမျိုးပါ။ သင်ပေးနိုင်တဲ့ဆရာက ရှားသလို သင်ယူချင်တဲ့ကျောင်းသားလည်း နည်းပါးလှပါတယ်။

အခုပဲကြည့်...။ သင်တန်းသားက ကျွန်တော်ရယ် နောက် က နှစ်ယောက်ရယ်၊ ပေါင်း... သုံးယောက်တည်း။

ဆရာက သူ့စကားကို ပြန်ဆက်တယ်။

''လူလောကကြီး ဖွံ့ဖြိုးတိုးတက်လာတာ ပျင်းတတ်တဲ့ စိတ်ကြောင့်ပဲ။ ပင်ပင်ပန်းပန်းနဲ့ အချိန်အကြာကြီးလုပ်ရမှာကို ပျင်းတဲ့





အခါ သက်သက်သာသာနဲ့ အချိန်တိုတိုအတွင်း ပြီးမယ့်နည်းလမ်း တွေကို ရှာဖွေလာကြတယ်။ အဲဒီလိုနဲ့ နည်းပညာသစ်တွေ ပေါ်ထွန်း လာလို့ လူ့ယဉ်ကျေးမှု ဖွံ့ဖြိုးလာတာပဲ''

''အင်း...ဟုတ်မယ်နော်၊ ခစ်ခစ်...သမီးတို့တော့ အဲဒီ စကားကို အရမ်းသဘောကျတာပဲ''

နောက်က ကောင်မလေးတွေ ဆရာ့စကားကို သဘောတွေ့ နေကြတယ်။ ပျင်းမတွေ နေမှာပေါ့။

(သူတို့ထက်ဆိုးတဲ့ ဟို...'ဝေလင်း' ဆိုတဲ့ပျင်းကတော့ သင်တန်းတောင် လာမတက်ဘူး။)

နာရီဝက်လောက် ဆက်သင်အပြီးမှာ ဆရာက သင်တန်းကို ဖြတ်တယ်။

''ကဲ...ဒီနေ့အဖို့တော့ ဒါလောက်ပါပဲ''

နောက်ကကောင်မလေးတွေက အတွန့်တက်ကြသေးတယ်။

''ဆရာ...၊ ပျင်းတာ အပြစ်မရှိဘူးပေါ့နော်''

ဆရာက ဘာမှပြန်မပြောဘူး၊ တဟဲဟဲရယ်နေတယ်။ ဆရာ က အဲဒီလိုပဲ အရမ်းသဘောကောင်းတယ်။

ကျွန်တော်က စဉ်းစားနေမိတယ်။ နောက်က ကောင်မလေး နှစ်ယောက်ဟာ ဟိုတစ်နေ့က ကျွန်တော်နောက်ခဲ့တဲ့ ကောင်မလေး

[illegible]တယ်။ ဝေလင်းဆီလာတယ်ဆိုတာ ဒီသင်တန်းကို တက်ဖို့

[illegible]တာ ဖြစ်နိုင်တယ်။

မြန်းခနဲ ကျွန်တော် လှည့်ကြည့်လိုက်တယ်။

''ဟင်...''

''အယ်...''

ပထမတော့ ဘာစကားမှမပြောဖြစ်ကြဘူး။ တစ်ယောက်ကို တစ်ယောက် ငေးကြည့်နေမိကြတယ်။ ဆရာကတော့ မရိပ်မိဘူး။ နောက်ဘက်ခန်းထဲ ဝင်သွားပြီ။

အဖော်ကောင်မလေးကတော့ ဘေးကနေ မျက်လုံးကလေး ဝိုင်းလို့ပေါ့။

ကျွန်တော့်ရင်ထဲမှာ ပျော်သလို၊ ဝမ်းသာသလို ခံစားနေရတယ်။ ကျေနပ်တယ်။ ကျွန်တော်ဟာ ပညာရှိအစစ်အမှန်ပဲ၊ နောက်ကိုလှည့်ကြည့်လိုက်ချိန်မှာ ကျွန်တော်ရဲ့ကျစ်ဆံမြီးလေးကို တွေ့လိုက်တယ်လေ။

''နင်ကိုး...''

သူက ဘာမှပြန်မပြောဘူး၊ ကျွန်တော့်ကိုလည်း ပြန်မကြည့်ဘူး၊ သူ့စာအုပ်တွေကိုပဲ ငုံ့သိမ်းနေတယ်။

(ကျွန်တော့်ကိုလည်း စာအုပ်တစ်အုပ်လို သိမ်းယူသွား





တွေးနေတာ ဖြစ်နိုင်တယ်။)

ဟိုတစ်နေ့က ကျော်တင့်နဲ့အေးလွင်ပြောတာ အမှန်ပါပဲ။ ''ကောင်မလေး မင်းကိုကြည့်ပြီး မျက်နှာ တစ်မျိုးဖြစ်သွားတယ်'' တဲ့။

ဟုတ်တာပေါ့...ဖြစ်ရမှာပေါ့။ ကျွန်တော်တို့ကြားမှာ အဲဒီလိုဖြစ်စရာ နောက်ခံအကြောင်းတရားတွေ ရှိထားတယ်။

သူ...မတ်တတ်ထရပ်တယ်။ ပြန်တော့မယ်ပေါ့။

ကျွန်တော်က သူ့ရှေ့က ခဏပိတ်ရပ်လိုက်ပြီး...

''ငါ နင့်ကို သိပ်သတိရတာပဲ''

သူက မျက်လုံးလှန်ကြည့်တယ်။ သိပ်လှတာပဲ...။

ကျွန်တော်က ဆက်ပြောလိုက်တယ်။

''ငါ တကယ်ပြောနေတာ''

သူက ကျွန်တော့်ရှေ့က ချာခနဲလှည့်ထွက်တယ်။ တစ်ခွန်းပဲ ပြောသွားတယ်။

''လဲသေလိုက်''

ကျွန်တော် ပြုံးနေလိုက်တယ်။ သူဟာ အကြင်နာတရား ကြီးမားတတ်တဲ့ ဝက်ဝံမလေးလား၊ ကျွန်တော့်ကို အရှင်လတ်လတ် မစားချင်လို့ ဒီစကားကို သူပြောတာ ဖြစ်မယ်။

ဘာပဲဖြစ်ဖြစ် ရပါတယ် ဝက်ဝံမရယ်...။ နင်နဲ့ ခုလိုပြန်ဆုံ

တွေ့ရတာကို…

ငါပျော်တယ်။



## အခန်း [၆]

## ဒယိမ်းဒယိုင်

တစ်နေ့မှာ တောင်ကြီးတစ်ခုလုံးဟာ တုန်ခါနေတယ်တဲ့။ ဘာဖြစ်မှာလဲဆိုတာကိုသိချင်ဇောနဲ့ လူတွေက အပြေးအလွှား လာကြည့်ကြတယ်။

နောက်ဆုံးမှာ တောင်ခေါင်းထဲက ကြွက်ကလေး တစ်ကောင် ထွက်လာတာကိုပဲ တွေ့ရတယ်တဲ့။

[ပုံပြင်ကတော့ ဒါပါပဲ။ဘာမှလည်း မဟုတ်
ပါလားဆိုပြီး... လူတွေက တောင်ကြီးကို
သရော်ကြတယ်။
ကျွန်တော်ကတော့ တောင်ကြီးကို စာနာ
တယ်။ ကြွက်အရှင်တစ်ကောင် သူ့ဗိုက်ထဲ
ကို ရောက်နေလို့ သူ တုန်ခါယိမ်းထိုးရတဲ့
ကိစ္စပဲ။
မကျေနပ်ရင် ကိုယ့်ဗိုက်ထဲ ကိုယ်...
ယင်ကောင်အရှင်တစ်ကောင် ထည့်ထား
ကြည့်ပါလား။]

လွန်ခဲ့တဲ့နှစ်ကာလတစ်ခုမှာ ကျွန်တော်သူ့ကို ရည်းစားစကား လိုက်ပြောဖူးပါတယ်။

မြန်မာ–အင်္ဂလိပ်အဘိဓာန်ကတော့…

ရည်းစား/ ji: za: / **n** sweetheart.

ရည်းစားထား/ ji: za: hta: / **v** have a sweetheart

ရည်းစားသနာ/ji: za: thana/ **n** see ရည်စားသနံ, n.

ရည်းစားသနံ/ji: za: thanan/ **n** same as ရည်းစား, n.

လို့ ဖွင့်ဆိုပါတယ်။ ရည်းစားသနာနဲ့ ရည်းစားသနံဆိုတာကို ကျွန်တော် ခွဲမသိပါဘူး။ ထားလိုက်ပါတော့…။ ကျွန်တော် သူ့နဲ့

ရည်းစားဖြစ်ချင်ပါတယ်။ အဲဒါကြောင့် ရည်းစားစကား လိုက်ပြောပါတယ်။)

''ဒီစာလေး ယူသွားပါလားဟာ...''

ကျွန်တော့်စကားကို သူက မကြားသယောင် ပြုပါတယ်။ မျက်နှာထားတင်းတင်းနဲ့ ခြေလှမ်းမမှားရအောင် စိတ်ထဲကနေ ဘယ်ညာ ဘယ်ညာရေပြီး လျှောက်သွားပါတယ်။

''နင့်လို လှတဲ့ ကောင်မလေးတစ်ယောက်မှာ ရည်းစားရှိသင့်တယ်။ မိန်းမပျိုဆိုတာ မောင်တစ်ကျိပ်ပင် ရှိလင့်ကစား...အဲအဲ''

ကျွန်တော့်စကားကို ရှေ့မဆက်ရဲဘူး၊ လင်တစ်ယောက်ရှိသင့်ကြောင်း ဆက်သုံးရမှာ နည်းနည်း 'ကီး'မြင့်နေတယ်။ လှည့်ပြီး ပါးပိတ်ရိုက်လိုက်ရင် အခက်ပဲ။

''ငါဆိုလိုချင်တာကဟာ...ဟို...''

သူက ကျွန်တော့်ကို ဖျတ်ခနဲ လှည့်ကြည့်ပါတယ်။ သူ့ရဲ့အကြည့်ပြင်းထန်မှုကြောင့် ကျွန်တော်ရဲ့ မီးညှောင်းရိုးလေးတောင် အပြင်ကို ကန်ထွက်လာတယ်လို့ ထင်ရတယ်။

''နင်...ကိုယ့်လမ်းကိုယ်သွားရင် ကောင်းမယ်''

''ဒါ...ငါ့လမ်းပဲ''

ဟုတ်ပါတယ်။ သူရယ် ကျွန်တော်ရယ်က အိမ်ပြန်ကြဖို့





လမ်းတူပါတယ်။ ဒီတစ်လမ်းပဲ ရှိတယ်။ အဲဒီတော့ သူက...

''နင့်ဘာသာနင် သွားခိုင်းနေတာ''

''ဟင်...ငါ့ဘာသာငါ သွားတာပဲဟာ''

အဲဒါလည်း ဟုတ်တာပါပဲ...။ ကျွန်တော့်ခြေထောက်နဲ့ ကျွန်တော့်ဖိနပ်နဲ့ ကျွန်တော့်ဘာသာ သွားနေတာပါ။ သူက ကျွန်တော့်ကို ဆွဲခေါ်နေရတာ မဟုတ်ပါဘူး။

သူ့မျက်နှာက ပိုမှုန်သွားတယ်။

''နင်...စကားကို ကပ်မပြောနဲ့''

ကျွန်တော်က သူနဲ့ လူချင်း နည်းနည်းခွာလိုက်ပါတယ်။ စောစောကနဲ့ လက်တစ်ဆစ်လောက် ပိုကွာသွားပြီးမှ...

''ငါ ကပ်မပြောပါဘူး''

''နင်...နင်နော်''

သူ ဒေါဖောင်းလာပါတယ်။ သူဟာ ကျွန်တော်တို့မြို့ကလေးရဲ့ အလှဆုံးကောင်မလေးပါ။ သူ ဒေါဖောင်းတာကလည်း ချစ်စရာလေးပါပဲ။

ကျွန်တော် ဘာမှဆက်မပြောရသေးခင် သူက ကျွန်တော့်ကို ခွဲချက်တင်ပါတယ်။

''နင် ငါ့ကို အရမ်းနှောက်ယှက်တယ်''

''ဟင်...ဘာဖြစ်လို့လဲ''

''ဟိုနေ့ကလည်း ငါတို့အိမ်ပတ်ပတ်လည်မှာ လှည့်ပြီး နင်လာထိုင်နေတယ်၊ အဲဒါ ဘာသဘောလဲ''

''ဩော်...အဟဲ''

သူပြောမှ သတိရပြီး ကျွန်တော် ရယ်ချင်သွားတယ်။ သူက စူအောင့်အောင့်လေသံနဲ့ ဆက်ပြောတယ်။

''နင့်ကိုယ်နင် ဘာကောင် အောက်မေ့နေလဲ၊ ငါ့ဒေါ်ကြီးက နင့်ကို လုံးလုံးကြည့်လို့ရတာ မဟုတ်ဘူး''

''ငါသိသားပဲ...''

သိပါတယ်၊ မသိချင်လို့လည်း မရပါဘူး။ သူ့ကို ပိုးရင်းပန်းရင်းနဲ့ မလွှဲသာမရှောင်သာ သူတို့အိမ်နားကို ကျွန်တော်က သွားသွားနေရပါတယ်၊ သူတို့အဒေါ်ကြီးက ကျွန်တော့်ကို မေးပါတယ်။

''နင် ဒီအိမ်နားမှာ ဘာလာလာ လုပ်နေတာလဲ''

ကျွန်တော်က ဘာမှ ပြန်မပြောဘူး။ ပေကပ်ကပ်နဲ့ ပြန်ကြည့်နေလိုက်တယ်။

''နင် ငါ့တူမကို လာပိုးနေတာ မဟုတ်လား''

သူ့ကို လာပိုးတာမဟုတ်ကြောင်းတော့ သူသိပါတယ်။

(သူကလည်း အပျိုကြီးလေ...။)





တစ်ဆက်တည်း ကျွန်တော့်ကို အော်ထည့်လိုက်တယ်။

''နင် မှတ်ထား''

ဘာများပါလိမ့်လို့ ကျွန်တော်က စဉ်းစားနေတာပေါ့။

''နင် ဒီအိမ်ရိပ်ကို လုံးဝ လာမနင်းနဲ့''

''ဂလိုလား''လို့ပြောပြီး ကျွန်တော် လှည့်ထွက်ခဲ့တယ်။ နောက်နေ့ကျတော့ ကျွန်တော်ဟာ နံနက်မိုးလင်းကတည်းက သူတို့ရဲ့ အိမ်ကြီးနားကို ထမင်းချိုင့်နဲ့ ရောက်သွားပါတယ်။

အိမ်ရဲ့ အရိပ်မကျတဲ့ဘက်မှာထိုင်ပြီး သူတို့အိမ်ထဲကို မသိသာ ကြည့်နေလိုက်တယ်။ ထမင်းစားချိန်ကျတော့ ထမင်းစားတယ်။ နေက လည်နေတော့ အိမ်အရိပ်ကလည်း လည်နေတယ်။

အရိပ်ကိုရှောင်ပြီးလိုက်ထိုင်နေရတဲ့ ကျွန်တော်လည်း 'လည်' နေတော့တာပေါ့။

'လူလည်ကြီးလေ'...လေ။

သူတို့အဒေါ်ကြီးကတော့ နဂိုကတည်းက ကျွန်တော့်ကို ကြည့်မရရတဲ့ ကြားထဲ အဲဒီအဖြစ်အပျက်နောက်ပိုင်းမှာ ပိုဆိုးသွားတယ်။

''နင် ဟိုနေ့ကလည်း ငါ့စားပွဲမှာ ဘာတွေလာရေးသွားလဲ သိဘူး''

သူ့အိပ်ခန်းထဲက စားပွဲမဟုတ်ပါဘူး။ တက္ကသိုလ်ကျောင်းတော်ကြီးက သူ့ စာသင်စားပွဲကို ပြောတာပါ။ သူနဲ့ကျွန်တော်ဟာ တစ်ခန်းတည်း မဟုတ်ပေမယ့် တစ်တန်းတည်းတွေပါ။

"ဘာရေးလို့လဲ"

"အင်္ဂလိပ်လိုတွေလေ၊ နင်ရေးသွားတာ"

"အေးလေ... ဟုတ်ပါတယ်၊ အင်္ဂလိပ်လိုတွေ ငါလာရေးသွားတာ ဟုတ်ပါတယ်။ ဒါပေမယ့် 'I Love you very much indeed' ဆိုတာကို နင် မဖတ်တတ်ဘူးလား"

"အဲဒါကိုပြောတာ မဟုတ်ဘူး၊ နောက်တစ်ကြောင်း ပါသေးတယ်"

"ဩော်...အဲဒါလား"

ကျွန်တော်...ခေါင်းကဆံပင်တွေကို ဖွနေလိုက်တယ်။ သူက ကျွန်တော့်ကို မျက်လုံးထောင့်ကပ်ကြည့်ရင်း...

"အဲဒါ ဘာအဓိပ္ပာယ်လဲ"

နောက်တစ်ကြောင်းက I don't want to ececle လို့ ရေးထားတာပါ။ ececle ကို သူ ဘာမှန်းသိပုံ မပေါ်ဘူး။ ကျွန်တော် တော်တော်နဲ့ ပြန်မဖြေတော့ သူက မကျေမနပ်နဲ့ ဆက်ပြောနေတယ်။





"ငါ အဘိဓာန်မှာလည်း လှန်ကြည့်ပြီးပြီ၊ ဆရာတွေကိုလည်း လိုက်မေးပြီးပြီ။ အဲဒီစာလုံး မရှိဘူးတဲ့။ နင် ဘယ်ချောင်ကြိုချောင်ကြားက စကားလုံးကို လာရေးထားတာလဲ၊ ဘာမဟုတ်တာရုတ်လုပ်ထားတာလဲ"

သူက ဒီစာလုံးကို အင်္ဂလိပ်စာပေရဲ့ ရှေးအသုံးအနှုန်းလို့များ ထင်နေမလား မသိပါဘူး။

ကျွန်တော်က လေပျော့ကလေးနဲ့...

"ငါ နင့်ကို တကယ်ချစ်တာပါ၊ တချို့ကောင်တွေလို အီစီကလီလာလုပ်နေတာ မဟုတ်ဘူးလို့ ပြောချင်တာပါ"

သူ သဘောမပေါက်သေးဘူး။

"ဘာဆိုင်လဲ၊ ငါမေးနေတာ ဟိုစာလုံးရဲ့အဓိပ္ပါယ်ကို မေးနေတာ"

"အေးလေ...ငါလည်း အဲဒါပဲပြောနေတာ၊ ငါ နင့်ကို အီစီကလီ မလုပ်ချင်ပါဘူးဟာ"

"အယ်..."

တစ်ခုခုကို သတိတရ တွေးလိုက်မိသလို သူ့မျက်လုံးတွေ အရောင်တောက်သွားတယ်။ မျက်တောင်ကိုတဖျပ်ဖျပ်ပုတ်ခတ်ရင်း...

"ဩော်...နင် ဒါကို ရေးတာလား"

"အေးပေါ့ဟ"

ကျွန်တော် မြန်မာလိုပြောနေတဲ့ 'အီစီကလီ'ဟာ ကျွန်တော် အင်္ဂလိပ်လိုရေးထားခဲ့တဲ့ ececle မှန်း သူသိသွားတယ်။

အဲဒီခဏမှာ သူ ဘာမှဆက်မပြောဘူး၊ ရယ်ချင်နေတယ်။ ကျွန်တော်က အဲဒါကို အခွင့်အရေးယူပြီး ကျွန်တော့်စာလေးကို သူ့လွယ်အိတ်ထဲ ထိုးထည့်လိုက်တယ်။

"ဟာ...ဘာလုပ်တာလဲ"

အမေးကို အမေးနဲ့ တုံ့ပြန်လိုက်တယ်။

"အဲဒါ... ငါ ဘယ်တော့ အဖြေပြန်ရမလဲ"

"အောင်မာ"

သူ့နှုတ်ခမ်းက စူပုံ့ထွက်လာတယ်။ ကျွန်တော့်ကို ပြန်ကြည့်တဲ့ သူ့မျက်ဝန်းအစုံမှာ မကျေနပ်မှုတွေရယ်၊ စိတ်လှုပ်ရှားမှုတွေရယ်...။

ကျွန်တော်ကပဲ ရက်ချိန်းသတ်မှတ်ပေးလိုက်ပါတယ်။

"အိမ်ရောက်ရင် ဖတ်ကြည့်လိုက်လေ၊ တစ်ညစဉ်းစားရင် တော်ပြီပေါ့ဟာ၊ ငါ့ကို မနက်ဖြန်ခါကျ အရင်အဖြေပြန်ပေးပေါ့... နော်"

ပြောပြီးပြီးချင်း ကျွန်တော် လှည့်ထွက်ခဲ့တယ်။ သူလည်း





နဝေတိမ်တောင်နဲ့ တစ်ယောက်တည်း ဆက်လျှောက်သွားတယ်။

ကျွန်တော် ပီတိတွေဖြစ်နေတယ်။

"စောစောစီးစီး ရည်းစားစကားလိုက်ပြောရတာ တယ်အဆင်ပြေတာပဲ"

အဲဒီလိုတောင် ညည်းတွားမိသေးတယ်။

မနက်ရှစ်နာရီခွဲပဲ ရှိပါသေးတယ်။ အဲဒီတုန်းက ဒီလိုပဲ ကျွန်တော်တို့နှစ်ယောက်က ကျူရှင်တစ်ကျောင်းတည်းပါ။ ကျူရှင်က အပြန်မှာ သူ့ကို ရည်းစားစကား လိုက်ပြောတာပါ။

အဲဒီအကြောင်း နီးစပ်ရာသူငယ်ချင်းတွေကိုတောင် ကြွားလိုက်သေးတယ်။ သူတို့က မယုံတယုံပါပဲ။

"မနက်ဖြန် အဖြေလာပေးမှ ကြည့်ပေါ့"လို့ ကျွန်တော် ကြုံးဝါးလိုက်တယ်။

ချိန်းထားတဲ့နေရာမှာ ရှူးအပြည့်နဲ့ သွားစောင့်နေလိုက်တယ်၊ ဒါပေမယ့် ဘာမှထူးမလာဘူး။ သူ့ကိုလည်း ကျွန်တော် ပြန်မတွေ့တော့ဘူး။

အဲဒီနံနက်မှာပဲ သူတို့တွေ အိမ်ပြောင်းသွားကြတယ်တဲ့။ ကျွန်တော့်ကို အဖြေလေးတောင် လာပေးမသွားဘူး။ အိမ်ပြောင်းမယ့်ကိစ္စကို သူ့ကြီးဒေါ်ကြီးကလည်း ကျွန်တော့်ကို နည်းနည်းပါးပါး

တောင် ကြိုမပြောဘူး။ ခုတော့ ကျွန်တော့်မှာ အရှုးကြီးလိုပဲ။

မျိုးကြီးတို့က ဝိုင်းဟားကြတယ်။ သူက ကျောင်းပါ ထွ

သွားလို့ ကျွန်တော့်အတွက် ဘာသဲလွန်စမှ မရလိုက်ဘူး။ ကျွန်တေ

ကလည်း သဲကြီး မဲကြီး လိုက်မစုံစမ်းပါဘူး။ ဥစ္စာရင်းမှန်

ပြန်တွေ့ လိမ့်မယ်ဆိုပြီး စောင့်နေလိုက်တယ်။ ဟော... အခုတေ

ပြန်တွေ့ပြီ။

**ကျွန်တော့်ဗိုက်ထဲမှာ ယင်ကောင်တစ်ကောင်ဝင်ပြီး ပျံနေသလိုပါ**

⚜



# အခန်း[၇]

## အဝန်းအပိုက်

နိုလာ-စာပေ
ဗ-လမ်း(A)၊တိုက်(၁၅)၊အခန်း(၀၀၄)
ဖုန်း- ၅၆၃၁၂၇

တစ်ခါက… ဓါးပြတစ်ယောက်ရဲ့ ညည်းသံတစ်ခု ရှိဖူးတယ်။

'နာမည်ကြီးဘဏ်တိုက်တစ်ခုကို ဖောက်ထွင်းချင်တယ်။ပြီး…ယောက္ခမကြီးလက်ဖွဲ့ရာကို ထားခဲ့ချင်တယ်'တဲ့…။

ပခုက္ကူ-ဂျပ်ဒို

နောက် သုံးလေးရက်ကြာတဲ့အခါမှာ ကျွန်တော်ဟာ ရွှေတိဂုံဘုရားပေါ် ရောက်နေပါတယ်။ တစ်လမှာ တစ်ခါလောက်တော့ ကျွန်တော်က ဘုရားတက်လေ့ရှိပါတယ်။

ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ ဘုရားပေါ်မှာနေရတာ စိတ်ချမ်းမြေ့တယ်။ ကိုယ့်စိတ်ကိုယ် ရေချိုးချလိုက်သလို စင်ကြယ်အေးမြတဲ့ ရသကို ဘုရားပေါ်မှာ ကျွန်တော် ရတတ်တယ်။

ရင်ပြင်ပေါ်မှာထိုင်ပြီး ဆည်းလည်းခတ်သံတွေကို နားထောင်နေရတာဟာ ကျွန်တော့်ရဲ့ စိတ်ဘဝကို သာယာစေတယ်။ အခုလည်း ဓာင်းတန်းတစ်ခုဘေးမှာ အေးအေးလူလူထိုင်ရင်း ကြည်လင်တဲ့

ညနေခင်းကို ဖြတ်သန်းနေလိုက်တယ်။

'ဒေါင်...ဒေါင်...ဒေါင်''

ခေါင်းလောင်းထိုးသံက တစ်ချက်ချင်းမှန်မှန် ထွက်လာတယ်။ ဝတ်ရွတ်သံ၊ ဘုရားကျမ်းစာဆိုညည်းသံ၊ ပြီးတော့ ကလေးသူငယ်တွေရဲ့ အပြစ်ကင်းစင်တဲ့ ရယ်သံ။

ကြားရတာ ကျက်သရေရှိလှပါတယ်။

အော်သံတွေနဲ့ဝေးရာကို ကျွန်တော် ဒီလိုပဲ ထွက်ပြေးလာတတ်တယ်။

ချစ်သူစုံတွဲတွေဆီကိုလည်း ငေးကြည့်နေမိတယ်။ သူတို့တွေဆိုရင် စကားပြောတာ တိုးတိုးလေးပြောကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ကပ်လျက်တည်ရှိနေကြလေတော့ ကျွန်တော်မနှစ်မြို့တဲ့ အော်သံယဉ်ကျေးမှုဟာ သူတို့ကြားမှာ မရှိဘူး။

ကျွန်တော်နဲ့ကျွန်တော့်ကောင်မလေး (လောလောဆယ်တော့ ဝေလင်းကောင်မလေး)လည်း အတူတူ ဘုရားလာဖူးရင် သိပ်ကောင်းမှာပဲ။

ဖြစ်တာမဖြစ်တာ အပထား၊ ဘဝအဆက်ဆက် ပေါင်း ပါစေသားလို့ သူနဲ့အတူ ဆုတောင်းယူချင်တယ်။ ဒီနေရာမှာ အစွန်း ထွက်ပြဿနာတော့ ရှိတယ်။ နောက်ဘဝမှာ သူက လူပဲဆက်ဖြစ်ပြီး





ကျွန်တော်က မျောက်တစ်ကောင်ကောင်ဖြစ်နေရင်တော့ အခက်ပေါ့။ ဆုတောင်းဆုပြည့်ခဲ့ရင် ကျွန်တော့်အတွက် နာစရာမရှိပေမယ့် သူ့အတွက်တော့ သိပ်မနိပ်လှဘူး။

''ဟောဒီက ကျောင်းဒကာမကြီးကလည်း အလှူငွေ ါးဆယ်ကျပ်၊ ဘယ်လက်က တစ်ဆုပ်ကြဲလို့ ညာလက်ကတစ်လှည်း င်ပါစေဗျား၊ အခုလိုလှူဒါန်းရခြင်း၏အကျိုးကျေးဇူးကြောင့် ကျန်းမာ သာပေါက် နိဗ္ဗာန်ရောက်ပါစေ''

အလှူဒါန်းပြုတယ်ဆိုတာ သူတစ်ပါးကောင်းစားဖို့အတွက် ကိုယ့်ပိုင်ဆိုင်မှုကို စွန့်လွှတ်ပြီး ကူညီတာပါ။ ကိုယ့်ကိုယ်ကို လောဘ ည်းပါးအောင် လေ့ကျင့်ပေးတာပါ။

ခုတော့...

''ဟင်''

ကျွန်တော် အံ့ဩသွားတယ်။ ဝေလင်းရယ် သူ့/ကျွန်တော့် ောင်မလေးရယ်၊ ကောင်မလေးရဲ့ ကြီးတော်ရယ်...၊ နောက် ယောက် သုံးယောက်ရယ်ကို တွေ့လိုက်ရလို့ပါ။

သူတို့ ဘုရားလာဖူးကြပုံပေါ်တယ်။

''ဟဲ့...မောင်ဝေလင်း၊ မင်း ရေသပ္ပာယ်ပြီးပလား။ နေလ ရားမှာ ငါ ပုတီးစိပ်ချင်သေးတယ်။ ဒီပေါ်တက်လာရင် ဒီဘုရားမှာ

ပုတီးစိပ်ရမှ ငါက ထမင်းစားဝင်တာဟဲ့...ဟဲဟဲ''

အော်သံကြီး...။

ကောင်မလေးရဲ့ကြီးတော်ကြီးဆီက ထွက်လာတဲ့ အော်သံကြီး။ ကျွန်တော့်ကို တစ်ခါက 'နင် ဒီအိမ်ရိပ်တောင် လာမနင်းနဲ့'လို့ အော်လိုက်ဖူးတာလည်း ဒီအသံကြီးပဲ။

ကျွန်တော် စိတ်နည်းနည်းညစ်သွားတယ်။ ဝေလင်းနဲ့ ကောင်မလေး ဘုရားအတူဖူးနေတာကိုလည်း မကြည့်ချင်ဘူး။

ကျွန်တော် ထိုင်နေရာက ထလိုက်တယ်။ သူတို့ ကျွန်တော့်ကို မမြင်သေးခင်မှာပဲ ကျွန်တော် ရှောင်ထွက်လာခဲ့တယ်။

ကိုယ့်ဘာသာ ရင်ပြင်တော်ရဲ့ လွတ်ရာကျွတ်ရာဘက်တွေ ဆီမှာ ခိုနေလိုက်တယ်။ ကိုယ့်အတွေးနဲ့ကိုယ် ထိုင်နေတုန်း...

''ဒကာကြီး...ဒကာကြီး''

''ဘုရား''

အလန့်တကြား လှည့်ကြည့်လိုက်တော့ နောက်မှာ ကိုရ နှစ်ပါး ရောက်နေတယ်။ တကယ့်ကိုရင်အစစ်တွေပါ။ သူတို့သိချ တာကို လာမေးကြတာပါ။

''ဒကာကြီး အင်္ဂလိပ်စာ တတ်လား''

''တင်ပါ့...တတ်ပါတယ်...''





''ဒီမှာ ကိုရင်တို့ အငြင်းအခုံဖြစ်နေလို့ ရှင်းပေးစမ်းပါ''

''တင်ပါ့၊ ပြောပါဦး''

ကိုရင်နှစ်ပါးက ဘာတွေငြင်းလာကြလဲတော့ မသိပါဘူး၊ သူတို့သိချင်တာကို မေးတယ်။

''GAS ဆိုတာ ဘာအဓိပ္ပာယ်လဲ ဒကာကြီး''

''အဲဒါ ဓာတ်ငွေ့ကိုပြောတာ ကိုရင်''

''အင်းဟုတ်ပြီ...၊ ဒါပေါ့''

မေးသူ ကိုရင်က ကျွန်တော့်အဖြေကို ဘဝင်ကျသွားပြီး သူ့ဘေးကကိုရင်ကို ပခုံးစွန်းနဲ့ လှမ်းတိုက်တယ်။

''ငါ...မပြောဘူးလား''

ပြီး ကျွန်တော့်ကို လှည့်ရှင်းပြတယ်။

''ဓာတ်ငွေ့ပါဆိုတာကို ဒီကိုရင်က မဟုတ်ဘူးလို့ အတင်းငြင်းနေတယ်''

ဟိုကိုရင်ကလည်း သိပ်လျှော့သေးပုံ မပေါ်ပါဘူး။ မကျေချမ်း ပြန်ပြောတယ်။

''ငါလည်း သေသေချာချာ မှတ်ထားတာပဲကွာ...'GAS' ထည့်သည်'တဲ့''

ဆက်လက်ငြင်းခုံပြီး ကျွန်တော့်အပါးက ခွာသွားကြတော့

တယ်။

ဘုရားပေါ်မှာ ခဏကြာ ဆက်ထိုင်နေလိုက်ပြီးမှ ကျွန်တော် ပြန်ဆင်းလာခဲ့တယ်။ စိတ်မသက်သာစရာ မြင်ကွင်းတစ်ခုကိုလည်း မြင်လိုက်ရတယ်။

ကောင်မလေးတစ်ယောက်…၊ ခေတ်မီမီ ဝတ်စားထားတဲ့ လှတပတ ကောင်မလေးတစ်ယောက်ပေါ့။

သူ့ကောင်လေးနဲ့ ပြုံးပြုံးရွှင်ရွှင်စကားတွေ ပြောနေရင်းက လေတစ်ချက်ဖြတ်အတိုက်မှာ ခေါင်းပေါ်ကဆံပင်ကြီး ကျွတ်ကျတယ်။

“ဟင်”

“ဟာ”

ကောင်မလေးခမျာ ချက်ချင်းဆိုသလို ခေါင်းတုံးမလေး ဖြစ်သွားတယ်။ သူ့ဆံပင်တုကြီးက အောက်ဘက်ဆီမှာ ပုံပျက်ရှုပ်ပွလို့။

“ဟဲ့…ဘယ်လိုဖြစ်တာတုံး၊ အမလေး…ဟားဟား… ဟားဟား ဖြစ်မှ ဖြစ်ရလေဟယ်…၊ ဒီကောင်မလေးဟာ…”

အော်သံကြီး…။

ကျွန်တော်လန့်သွားတယ်။ လှည့်ကြည့်မိတော့ စိတ်ပိုညစ်ရတယ်။ ဒီကြီးတော်ကြီးနဲ့ကတော့ ခက်နေပါပြီ။ သူ့ဘေးမှာရှိတဲ့





ဝေလင်းတို့ ကောင်မလေးတို့ကတော့ ရယ်ကျဲကျဲ ဖြစ်ရုံလောက်ပါပဲ။

“ဟားဟား… ဘုရားပေါ် လာပြီးတော့ကွယ်၊ ကိုယ့်ဆံပင်ကတောင် မမြဲလို့ ကိုယ့်ခေါင်းမှာ မနေတဲ့ဟာ၊ သူများဆံပင်အတုကြီးများ ယူစွပ်ထားရသလား၊ ဒုက္ခ…ဒုက္ခ”

အဲဒီလိုပြောနေရင်းနဲ့ပဲ ကျွန်တော့်အချစ်တော်‘ကြီးတော်ကြီး’ဟာ ပါးစပ်ထဲက သွားအတုကြီး ကျွတ်ကျလာပါတယ်။

“ဟား ဟား…ဟား ဟား ဟား”

သူ့ကို လက်ညှိုးထိုးပြီး ကျွန်တော် အော်ရယ်ပစ်လိုက်တယ်။ သူတို့ လန့်သွားတယ်။ ကျွန်တော့်ကို အခုမှ မြင်ကြတာကိုး…။

ကြီးတော်ကြီးရဲ့ သွားအတုကို ပြန်ကောက်ပြီး ကျွန်တော့်ကို ဘုကြည့်ကြည့်ပြီး သူတို့တွေ ခပ်သုတ်သုတ် ဆင်းသွားကြတယ်။

ဒါတောင်မှ ကြီးတော်ကြီးက သွားတုပြန်တပ်ပြီး…

“ဟဲ့…မောင်ဝေလင်း၊ သမီးကိုတွဲဦး”တဲ့…။

အလကားပါ။ ဒီကောင်… မတွဲရဲပါဘူး။ အခန့်မသင့်ရင် လက်ဖွေရာကျန်ခဲ့မယ့် ကိစ္စကိုး…။

# အခန်း[၈]

## အလျော်အစား

နကျယ်တစ်ကောင်က သူ့ (မျက်လုံးနှစ်လုံးကြား မှာ) လာကိုက်ခဲတာကို မခံနိုင်တော့တဲ့မြွေဟာ သူ့ခေါင်းကို မောင်းလာနေတဲ့ လှည်းဘီးအောက်ကို ထိုးသွင်းလိုက်တယ်။

သူနဲ့အတူ နကျယ်လည်း သေသွားတယ်တဲ့။

[မိနစ်ကိုးဆယ်လုံးလုံး နိုင်ခဲ့တဲ့ နကျယ်ကောင်ဟာ အချိန်ပိုမှာ သရေကျခံလိုက်ရတာပဲ၊ ကမ္ဘာ့အထူးဆန်းဆုံး ကစားပွဲတစ်ခုပေါ့။]

ကျွန်တော်ရယ်၊ ကျော်တင့်ရယ်၊ အေးလွင်ရယ်၊ ရထားဘူတာတစ်ခုထဲ ရောက်နေကြပါတယ်။ ဘယ်ကိုမှ သွားမလို့ မဟုတ်ပါဘူး။ သူငယ်ချင်းတွေဆိုတော့ ကျွန်တော်ရှုးသမျှ သူတို့လည်း လိုက်ရှုးကြတာပါ။

ဘူတာထဲမှာက ခရီးသွားမယ့်သူတွေ၊ လိုက်ပါပို့ဆောင်သူတွေ အုတ်အုတ်ကျက်ကျက် ဆူညံနေကြတယ်။

ကျွန်တော်တို့ရှေ့မှောက်မှာ ရထားသံလမ်းကြီးက စင်းစင်းလဲလို့. . .။

''ကျော်တင့်''

''ဟင်''

''မြေပေါ်မှာလဲနေတဲ့ ရထားသံလမ်းကြီးက မှောက်ခုံလား ပက်လက်လား''

''သည်းခံပါကွာ၊ အဲဒါမျိုးတော့ ငါ့လာမမေးစမ်းပါနဲ့''

အေးလွင်က ရယ်တယ်။ ကျွန်တော်တို့တစ်တွေ တစ်စီးပြီး တစ်စီးဆိုက်လာတဲ့ ရထားတွေကို စောင့်ကြည့်နေလိုက်ကြတယ်။

ဥသြသံပေးပြီး ရထားကြီးတွေ ဝင်လာကြ၊ လူတွေက တက်ကြ ဆင်းကြ။ ဥသြသံပေးပြီး ရထားကြီးတွေက ပြန်ထွက်သွားကြ၊ ဘူတာရုံကြီးခမျာ ရင်ဟောင်းလောင်းပွင့်ပြီး ကျန်ရစ်ခဲ့ရ၊ ကျွန်တော့်စိတ်တွေ နွေးထွေးအုံ့ပျလာတယ်။

''ကျော်တင့်''

''ဟင်...ဘာလဲ''

ဘာမေးဦးမလို့လဲဆိုတဲ့အကြည့်နဲ့ ကျော်တင့်က ကျွန်တော့်ကို အူယားဖားယား ပြန်ကြည့်ပါတယ်။

''ဟိုနေ့က ဝေလင်းရဲ့ဆေးဆိုင်မှာ မင်း ဆေးသွားဝယ်တယ် မဟုတ်လား''

''အေး...ဝယ်တယ်၊ ဘာဖြစ်လို့လဲ''

''မင်းကို ဘယ်လိုဆက်ဆံလိုက်လဲ၊ ကောင်းကောင်းမွန်မွန်





ပဲ မဟုတ်လား''

''ကိုယ့်ဆိုင်မှာ ဈေးလာဝယ်တဲ့လူကို ကောင်းကောင်းမွန်မွန် မဆက်ဆံလို့ ရမလားဟ''

''အေးပါ...အေးပါ၊ ပြီးတာပါပဲ''

ကျော်တင့်ကို ကျွန်တော့်သူငယ်ချင်းမှန်းသိနေလို့ ဝေလင်းက ပြုပြုငြင်ငြင်ဆက်ဆံမလားလို့ စိုးရိမ်မိတာပါ။ ကျွန်တော့်ကို ကြည်ဖြူမှာမဟုတ်တာကတော့ သေချာတယ်။ အစတည်းက တစ်ယောက်နဲ့ တစ်ယောက် ပြောင်းပြန်ဖြစ်နေလို့ ကြည့်ရကြတာမှ မဟုတ်ဘဲ။

အခု ကောင်မလေးတစ်ယောက်ရဲ့ ပြဿနာကပါ ကြားဝင်လာတယ်။

''အခု သူနဲ့တွဲနေတဲ့ ကောင်မလေးက မင်းနဲ့ ဟိုတုန်းက ဘယ်လိုအနေအထားရှိခဲ့တယ်ဆိုတာရော သူ သိလား...''

အဲဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး။ သူသိမယ် ထင်တာပါပဲ။

''သိရင် သိမှာပေါ့ ကျော်တင့်ရာ...''

''နေပါဦး၊ မင်းက ရည်းစားစကားပြောပြီး နောက်တစ်နေ့မှာ အဖြေရမယ်ဆိုပြီး သွားစောင့်နေတာပေါ့''

''အေး''

"သူက မလာဘူးလား..."

"အဲဒီမနက်ပဲ အိမ်ပြောင်းသွားပါတယ်ဆိုမှ ဘယ်လိုလုပ် လာမတုံး၊ ငါ့မှာ တစ်ယောက်တည်း အူကြောင်ကြောင်နဲ့"

ကျွန်တော့်ကို သနားစရာသတ္တဝါတစ်ကောင်လို ကြည့်ပြီး သူတို့ ရယ်ကြပါတယ်။

"အဲဒါဆို မင်းနဲ့ သူနဲ့ ကွဲသွားကြတာက နဝေတိမ်တောင် ကြီး ကွဲသွားကြတာပေါ့၊ လွမ်းရမလို မလွမ်းရမလိုနဲ့"

"အေးပေါ့ကွာ...၊ သတိတရဖြစ်စရာလည်း ဘာမှ မရ လိုက်ဘူး"

"အဖြေကလည်း ဘယ်လိုနေမှန်း မသိဘူး၊ ဟုတ်လား"

"ဟဲဟဲ...ဟဲ"

ကျွန်တော် ရယ်နေလိုက်တယ်။

မြန်မာပြည်သိန်းတန်ရဲ့ သီချင်းထဲကအတိုင်းပါပဲ၊ 'မျှော်သာ မျှော်သည် မယုံကြည်' ပါပဲ။ တစ်ညတည်းနဲ့တော့ ကျွန်တော့်ကို အဖြေပြန်မပေးဘူးဆိုတာ ကျွန်တော်သိပါတယ်။

အဲဒီအချိန်မှာပဲ အေးလွင်ရဲ့ အမေးစကားတစ်ခုက ဖြတ်ဝင် လာတယ်။

"လင်းဝေ"





"မင်းက ကဗျာဆရာဆိုတော့ တွေးတတ်မှာပေါ့၊ ငါ သီချင် တာတစ်ခု မေးမလို့"

"မေးလေ...၊ ဘာများလဲ"

"ချစ်သူနှစ်ဦး ခွဲခွာကြမယ် ဆိုပါတော့ကွာ၊ ဘယ်လိုအချိန် မှာ ခွဲခွာတာ အကောင်းဆုံးဖြစ်မလဲ"

"နေ့တစ်နေ့ရဲ့ ဘယ်အချိန်က အကောင်းဆုံးလဲလို့ မေးတာ လား"

"အေးပေါ့"

ထွေထွေထူးထူး စဉ်းစားနေစရာမလိုပါဘူး။ အာရုံထဲမှာ ပေါ်တာတွေကို လျှောက်ပြောပစ်လိုက်တယ်။

"နေရောင်ခြည်ပွင့်ခါစ သာသာယာယာမနက်ခင်းတစ်ခုမှာ ခွဲရတာ ကောင်းမယ်ထင်တယ်။ မနက်ခင်း ပန်းလေးတွေကပွင့်လို့၊ လေကလည်း ပြည်ပြည်အေးအေး တိုက်လို့၊ လျှောက်ရတဲ့ လမ်း ကလေးကလည်း ခြောက်သွေ့ဝင်းဝါလို့ အဲလိုအချိန်မျိုးမှာ ခွဲခွာရတာ ကောင်းတယ်လို့ ထင်တယ်၊ နောက်ပြီး..."

ခပ်လှမ်းလှမ်းမှ ရထားတွဲပျက်ကြီးဆီ ငေးကြည့်နေမိတယ်။ စကားကို မဆက်ဖြစ်သေးဘူး။ ကျော်တင့်နဲ့ အေးလွင်ကလည်း ငြိမ်သက်နားစွင့်နေကြတယ်။

ခဏကြာမှ…

''နောက်ပြီး မှောင်ရီပျိုးစပြုနေခင်းတစ်ခုဟာလည်း ခွဲခွာဖို့ ကောင်းတဲ့အချိန်ပေါ့။ ကောင်းကင်မှာ ငှက်ကလေးတွေက အိပ်တန်း ပြန်နေပြီ၊ ပတ်ဝန်းကျင်ကလည်း လင်းမှာလိုလို မှောင်မှာလိုလို မပီ ဝိုးတဝါးကြီး။ ဆည်းဆာရောင်ရဲ့ လွမ်းစရာကောင်းမှုကို ဘယ် တက်ကနီကာလာကမှ မယှဉ်နိုင်ဘူး။ အဲလိုအချိန်မျိုးမှာ ခွဲရတော့မယ့် ချစ်သူနှစ်ယောက် လမ်းကလေးတစ်လမ်းမှာခေါင်းငုံ့ပြီး လမ်းလျှောက် လာရတာ ဘယ်လောက်ကြေကွဲစရာ ကောင်းမလဲ''

စကားအဆုံးမှာ အားလုံးငြိမ်သက်နေကြတယ်။ သူတို့ကော ဘာကို လွမ်းသလဲ။ သူတို့ကော ဘယ်သူ့ကို ခွဲခဲ့ရဖူးသလဲ။

မာယာတွေ ရစ်သိုင်းထားတဲ့ လောကခံတရားရဲ့အောက်မှာ ဘယ်လူသားကမှတော့ ဒဏ်ရာမကင်းခဲ့ပါဘူး။

''ကြောက်စရာကောင်းတဲ့ ခွဲခွာခြင်းတစ်ခုလည်း ရှိသေး တယ်လို့ ငါထင်တယ်''

စကားကို ဆက်ပြောလိုက်တော့ သူတို့တွေ ကျွန်တော့်ကို တစ်ချက်ကြည့်တယ်။ အဝေးကိုငေးရင်း နှုတ်ခမ်းကိုကိုက်ထားရင်း သက်ပြင်းသဲ့သဲ့ ချလိုက်တယ်။

''အခုလို ဘူတာရုံတစ်ခုရဲ့ ညဘက်အချိန်မှာပေါ့ကွာ။ ဒီလို





လည်း စည်ကားနေတဲ့ဘူတာရုံ မဟုတ်ဘူး…။ လူတစ်ယောက်စ နှစ်ယောက်စပဲ ရှိမယ်၊ ဘူတာရုံက မီးတွေထိန်ထိန်လင်းနေမယ်၊ ရထားသံလမ်းကတော့ အမှောင်ထဲဝင်ပြီး ပျောက်သွားလိမ့်မယ်။ အဲဒီ လိုဘူတာရုံထဲမှာ ခွဲရတော့မယ့်ချစ်သူနှစ်ယောက် ရှိနေကြတယ် ဆိုပါစို့…''

စကားကို ခဏနားလိုက်တယ်။ ပြီးမှ…

''သူတို့ဟာ ဘူတာထဲက နာရီအိုကြီးရဲ့ မြည်သံတစ်ချက် ချက်ကို ထိတ်လန့်တကြား နားထောင်နေကြမယ်။ ပျံ့ပျံ့လွင့်လွင့် ရောက်လာမယ့် ရထားဥသြဆွဲသံစူးရှရှကြီးကို စိုးရိမ်မျက်လုံးတွေနဲ့ စောင့်စားနေကြမယ်။ ရထားကြီး ဝင်လာပြီဆိုပါစို့…။ ခွဲသွားရမယ့် လူရယ် ကျန်နေရစ်ခဲ့ရတဲ့လူရယ် ရင်ထဲမှာ ဆို့နေကြလိမ့်မယ်။ နောက်တော့…တစ်ယောက်က ရထားကြီးခေါ်ရာကို လိုက်သွားရလိမ့် မယ်၊ ဘဝမှာ ဘာဆက်ဖြစ်မလဲမသိဘူး…။ တစ်ယောက်က တိတ်ဆိတ်လင်းထိန်နေတဲ့ ဘူတာရုံကြီးထဲမှာ ထီးထီးကျန်ရစ်ခဲ့မယ်။ မကြာသေးခင်ကမှ ရှိနေတဲ့ သူ့အဖော်လေး ခု မရှိတော့ဘူး။ အပြန်လမ်းကို သူတစ်ယောက်တည်း ပြန်ရတော့မယ်''

ဆက်မပြောချင်တော့ဘူး…။

ပင့်သက်ကို ခပ်ကြမ်းကြမ်း ရှိုက်လိုက်တယ်။ ကျော်တင့်နဲ့

အေးလွင်ကလည်း အတွေးကိုယ်စီ ဝေနေကြပြီ။ သုံးယောက်သား စကားမဲ့သွားကြတယ်။

အားလုံးရဲ့ရင်ထဲမှာ ဆွတ်ပျံ့စိတ်ကလေးနဲ့ လွမ်းသွားတယ်။ ဘူတာရုံကို ရထားတစ်စီး ဝင်လာတယ်။ ခရီးသည်တွေ တက်ကြ ဆင်းကြ။

ခဏကြာတော့ ဘူတာက ပြန်လာခဲ့ကြတယ်။ ကျွန်တော်က အဲဒီလို ဘူတာရုံမှာ သွားထိုင်တတ်တဲ့အကျင့်လည်း ရှိတယ်။ ကဗျာဆရာတစ်ယောက်ရဲ့ အကျင့်လို့ သတ်မှတ်ပြီး ကျော်တင့်နဲ့အေးလွင်က ဘာမှ မဝေဖန်ကြပါဘူး။ အားရင် အားသလို သူတို့တောင် လိုက်လိုက်လာကြသေးတယ်။

ဒီနေ့လည်း အဲဒီလိုမျိုးပဲပေါ့။

အပြန်လမ်းမှာ အေးလွင်က မေးတယ်။

''လင်းဝေ''

''ဟင်...''

''ကောင်မလေးရဲ့နာမည်က ဘယ်သူတုံးကွ''

အဲဒီအမေးစကားကြောင့် ကျွန်တော် ပြုံးမိတယ်၊ ဟိုတုန်းက အရိပ်တွေကိုလည်း စိတ်ထဲမှာ ပြန်မြင်လာတယ်။

သူက ကျောင်းမှာ သိပ်လှတယ်လေ။ လူသိများတဲ့ ကျောင်း





သူတစ်ယောက်ပါပဲ...။ ဒါပေမယ့် ကိုယ့်ဘာသာ စာကြည့်တိုက်ထဲ အောင်းနေတတ်တဲ့ ကျွန်တော်က သူ့နာမည်ကို မသိဘူး။

မျိုးကြီးကိုလည်း မေးမကြည့်မိဘူး။

တစ်နေ့ကျတော့ စာကြည့်တိုက်ထဲမှာ သူ စာလာဖတ်တယ်။

''အောင်မာ... အလာကြီးပါလား''

အဲဒီလိုတောင် ကျွန်တော်တွေးလိုက်မိသေးတယ်၊ ကျွန်တော်က စာဖတ်တဲ့မိန်းကလေးတွေကို လေးစားတယ်။ သူ စာဖတ်နေတဲ့ စားပွဲရှေ့ကို ကျွန်တော် မယောင်မလည်သွားလုပ်တော့ သူ မော့ကြည့်တယ်။

''ဘာလဲ''

''ဘာမှမဟုတ်ပါဘူး၊ နင့်နာမည်ကို ငါမသိသေးလို့''

သူက မျက်စောင်းထိုးပြီး မျက်နှာလွှဲသွားတယ်။ 'ရေခဲအရိုးကိုက်'တို့ ဘာတို့ သူ ပြန်မပြောပါဘူး။ ရေခဲက မအေးဘူးလား၊ အရိုးကိုက်တာက မကျင်ဘူးလား၊ ငါ့နာမည် မအေးကျင်တို့ ဘာတို့ ပြန်မပြောပါဘူး။ ဂရုတောင် မစိုက်ဘူး၊ သူ့စာသူ ဆက်ဖတ်နေတယ်။

ကျွန်တော်ကသာ စားပွဲပေါ်မှာချထားတဲ့ သူ့ဗလာစာအုပ်လေးက သူ့နာမည်ကို လှမ်းဖတ်ရတာ...။ ဖတ်ပြီးတော့ ကျွန်တော် ဇဝေဇဝါဖြစ်သွားတယ်။

''နင့်နာမည်ကြီးကလည်း...''

သူက ခါခနဲ မော့ကြည့်တယ်။

''ဘာလဲ''

''ဂဏန်းတွေ ရေးထားပါလား၊ 'ဝ၀၁၀ရ'တဲ့''

သူ့မျက်နှာက ရှုံ့ခနဲ စူပုပ်ထွက်သွားတယ်။ မခံမရပ်နိုင်ဖြစ်ပြီး ပြန်ဖြေတယ်။

''ဘာ 'ဝ၀၁၀ရ'လဲ၊ 'ထာဝရ'လို့ ရေးထားတာဟဲ့''

အဲဒီတော့မှ ကျွန်တော် သဘောပေါက်သွားတယ်။

''ဩော်...နင့်နာမည်က 'ထာဝရ'လား''

သူက ဘာမှပြန်မပြောဘူး။ ကျွန်တော်နဲ့ အဲဒီကောင်မလေးနဲ့ စသိခဲ့ကြတာကတော့ အဲဒီလိုပါပဲ...။ သတိတရ ပြန်ပြောပြတော့ ကျော်တင့်နဲ့ အေးလွင်က ရယ်လိုက်ကြတာ။

''သူ...မင်းကို အဖြေပေးဖို့ ကျန်သေးတယ်နော်''

''အေး...အခု ထပ်တောင်းရမှာပေါ့၊ ဝေလင်းနဲ့ သူနဲ့က သမီးရည်းစားမှ မဟုတ်သေးဘဲ''

''ပထမတစ်ခါ မင်းကို ခွဲသွားပြီးပြီ၊ အခု ပြန်ဆုံတယ်၊ ထပ်ခွဲသွားရင်ရော သရေပွဲကြီးလား''

ကျွန်တော် တွေဝေသွားမိတယ်။ ပြီးမှ တစ်လုံးချင်းနဲ့





ပြောလိုက်တယ်။

''ကံကြမ္မာဒိုင်သူကြီးဆီမှာ အချိန်ပိုထပ်တောင်းပြီး လိုက်သွားရဦးမှာပေါ့ကွာ...''

''မောင်နှမလိုပဲ ချစ်နိုင်မယ်ဆိုရင်ကော...''

''သူ့မှာ ၅၂၈ ပဲရှိတယ်၊ ငါ့မှာက ၁၅၀၀ တောင်ရှိတယ်၊ သူ့ကို ငါနိုင်တယ်၊ရှုံးတဲ့သူကို နိုင်တဲ့သူက စားလိုက်ရံပေါ့ကွာ''

# အခန်း[၉]

## ပျင်းပျင်းရိရိ

သူခိုးတွေက ကြက်တစ်ကောင်ကို ဝင်ခိုးတယ်။ သူတို့ အခိုးရကြပ်အောင် လူတွေကို အိပ်ရာကနိုးအောင် နှိုးပေးလို့တဲ့၊ အဲဒီကြက်ကြီးကို သတ်စားလိုက်ကြတယ်။

[သူတို့ အခိုးရလွယ်အောင်၊ လူတွေကို အိပ်ရာဝင်အောင် လုပ်ပေးတာလည်း ကြက်ပါပဲ။ အမြင့်မှာထားပြီး ရှစ်ခိုးဖို့ တောင် ကောင်းပါတယ်။]

နိုလာ-၀၁၆ပ
B-ဆောင်(A)၊ထိုက်(၁၅)၊အခန်း(၀၀၄)
စုံ- ၁၉၃၁၂၇

''နင့် ကြီးတော်ကြီး ငါ့ကို ဘာပြောသေးလဲ''

''မပြောဘဲ နေမလား၊ ပြောတာပေါ့''

''ငါ့ကိုရော မှတ်မိရဲ့လား''

''မှတ်မိတာပေါ့၊ ဒီကောင်က ဘယ်လိုလုပ် ဒီရောက်နေတာ လဲတဲ့''

ကျွန်တော်က ပိုလ်အောင်ဒင်လေသံနဲ့ ကျော်ရဲအောင်လေသံ ကိုရောပြီး ရယ်လိုက်တယ်။

''ဟဲဟဲ...ဟဲဟဲ...''

သူက ကျွန်တော့်ကို မကြည့်သလို တစ်ချက်ကြည့်ပြီး

သူ့ စာသူ ဆက်ဖတ်နေပါတယ်။

အင်္ဂလိပ်ကဗျာသင်တန်းမှာ ပြန်ဆုံနေကြတာပါ။ သူနဲ့ သူ့သူငယ်ချင်းက အရင်ရောက်နေတယ်။ သူ့သူငယ်ချင်းနာမည်က 'ဆွေဆွေ'တဲ့။ သူ့အစ်ကို နိုင်ငံခြားကပို့လိုက်တယ်ဆိုတဲ့အင်္ကျီ ဝတ်လာတယ်။ ကျောကတံဆိပ်ကို လူမြင်အောင် ခဏခဏ ကိုယ်ကို လှည့်နေတယ်။

ပရိသတ်ဆိုလို့လည်း ကျွန်တော်တစ်ယောက်တည်းရှိတာကိုများ…။ ကျွန်တော်ကလည်း သေသေချာချာ လှည့်မကြည့်ဖြစ်ဘူး ထာဝရနဲ့စကားပြောနေရလို့ မအားဘူး။

''နင့်ကြီးတော်ကြီး ကြွက်တွေ မွေးသေးလား''

စကားမရှိ စကားရှာနေလိုက်တာပါ…။ နယ်မှာတုန်းက သူ့ကြီးတော်ကြီးက ကြွက်တွေမွေးတယ်။ အိမ်နေရင်း အပျင်းပြေ မွေးတာဖြစ်ပေမယ့် အတော်အောင်မြင်တယ်။ သူ့ကြွက်တွေကလည်း သူ့လို အမြဲအော်ဟစ်နေတာပဲ။

ထာဝရက စာဖတ်နေရင်းက ပြန်ဖြေတယ်။

''သိပ်မမွေးတော့ဘူး၊ နည်းနည်းပဲ ရှိတော့တယ်''

''အရင်ကလို အများကြီး ဥသေးလား''

''ဘယ်ကလာ…အစာတွေစွတ်ကျွေးပြီး သူ့ကြွက်မတွေက





စွတ်'ဝ'နေတော့ ဘယ်လိုလုပ် ဥတော့မှာလဲ''

''ကျွေးသာ ကျွေးပါစေဟာ၊ တကယ်မဥရင်လည်း နေပါစေ၊ ကြွက်မဝဝကြီးက ဥမယ့် ကြွက်ဥဝဝကြီးမျိုး တွေးကြည့်ရုံနဲ့တင် ငါ အားရလိုက်တာ''

ကျွန်တော်တို့ စကားကို စိတ်မဝင်စားချင်ယောင်ဆောင်နေတဲ့ 'ဆွေဆွေ'က ပြုံးပါတယ်။ ထာဝရလည်း ရယ်ချင်သွားတယ်။ သူက လက်ထဲက စာအုပ်ကို ပိတ်လိုက်တယ်၊ ကျွန်တော့်ကို အရေးမလုပ်ဘဲ ဆွေဆွေ့ကို လှမ်းပြောတယ်။

''ငါ့မျက်နှာ ဘာမှတောင် မလိမ်းခဲ့ရဘူး''

ဆွေဆွေက…

''အေးလေ…ဘာလို့ မလိမ်းခဲ့တာလဲ''

ကျွန်တော် ဝင်ပြောလိုက်တယ်။

''နင်က လိမ်းစရာမလိုပါဘူး ထာဝရရယ်''

ဘာဖြစ်လို့လဲဆိုတဲ့ အကြည့်မျိုးနဲ့ သူက ကျွန်တော့်ကို မျက်လုံးလှန်ကြည့်တယ်။

''သနပ်ခါးဆိုတာက ဆေးလိမ်းတဲ့သဘော လိမ်းကြတာဟ၊ နင်က လိမ်းစရာမလိုဘူး၊ နင့်မျက်နှာမှာ အရုပ်ဆိုးတဲ့ရောဂါ မရှိဘူး''

''အောင်မာ…''

''အံမယ်...''

သူတို့နှစ်ယောက်လုံးဆီက အသံတွေ ထွက်လာကြတယ်။ မိတ်ကပ်တွေလိမ်းထားပြီး မျက်နှာမှာ အရုပ်ဆိုးတဲ့ရောဂါရှိသလို ဖြစ်နေတဲ့ ဆွေဆွေက စူအောင့်အောင့် ကြည့်တယ်။

အဲဒီအချိန်မှာပဲ ဆရာက စာသင်ဖို့ အခန်းထဲက ထွက်လာတယ်။

ဝေလင်း မလာသေးဘူး။ ဒါပေမယ့် ဆရာက သင်စရာရှိတာ ဆက်သင်တယ်။

ဆရာက စာသင်သိပ်ကောင်းတယ်။ SIREN ဆိုတဲ့ စကားလုံးနဲ့ပတ်သက်ပြီး ရှင်းပြနေတယ်။

''SIREN ဆိုတာ ငှက်ဘီလူးမတွေကို ပြောတာ၊ နောက်ခံဒဏ္ဍာရီကို သိထားရမယ်''

အထိုက်အလျောက် ဆက်ရှင်းပြတယ်။ 'လိုတရ ဦးချို' (The horn of plenty) ဆိုတဲ့ စကားလုံးလည်း ထပ်ပါလာတယ်။ 'အကီးလုစ်' ဆိုတဲ့ နတ်နဂါးရယ်၊ 'ဟီရာကလီးစ်' ဆိုတဲ့ လူစွမ်းကောင်းရယ်၊ သူတို့နှစ်ယောက်တိုက်ပွဲမှာ 'အကီးလုစ်ရဲ့' ဦးချိုကသွေးတွေ ထွက်ကျလာတယ်။ အဲဒီသွေးတွေက SIREN ငှက်ဘီလူးမတွေ ဖြစ်လာတယ်တဲ့...။





ကျွန်တော် အရမ်းစိတ်ဝင်စားပါတယ်။ ဆရာ့လို ဆရာမျိုးကို အဲဒါကြောင့် ဆရာတင်တာပါပဲ။

ဆရာစာသင်လို့ အတော်အာပေါက်ပြီးခါမှ ဝေလင်း ရောက်လာပါတယ်။ မလွဲသာမရှောင်သာ ကျွန်တော့်ဘေးမှာ ဝင်ထိုင်ရပါတယ်။

(သူနဲ့ကျွန်တော် တွဲထိုင်တာကို နောက်နေ့မှာသိသွားတဲ့ ကျော်တင့်တို့က နာမည်တစ်လုံး ပေးပါတယ်။ နှစ်ယောက်စလုံးကို တွဲခေါ်တာ 'လင်းဝေဝေလင်း' တဲ့။

ကျွန်တော် ဒေါက်နိတာပေါ့။ 'မင်းအဖေမြင်း' လို့ ပြန်ဆဲလွှတ်လိုက်တယ်။)

ဆရာက စကားလုံးအသစ်တွေ တီထွင်မှုနဲ့ပတ်သက်ပြီး ဆက်ရှင်းပြပါတယ်။

''လူဆိုတာ တီထွင်စိတ်ကလေး အနည်းနဲ့အများတော့ ရှိကြတာချည်းပဲ။ လူတိုင်းမှာ စမ်းသပ်လုပ်ကိုင်မှုလေးတွေ ရှိကြတယ်''

တစ်ဆက်တည်း ကျွန်တော်တို့ကို မေးတယ်။

''ပြောစမ်းပါဦး မင်းတို့ကရော ဘာတွေတီထွင်ချင်ကြလဲ''

ဘယ်သူကမှ ဘာမှပြန်မပြောကြပါဘူး။ မြန်မာလူမျိုးတွေ

ပီသစွာ ဆရာ့ကို ရယ်ပြနေလိုက်ကြတယ်။

ဆရာက တစ်ယောက်ချင်းနာမည်ခေါ်ပြီး မေးပါလေရော။

''ကဲ…ထာဝရ၊ သမီးဖြေစမ်း''

''ဟင်…ဆရာကလည်း''

ထာဝရ ရှက်နေပါတယ်။

''ပြော…ပြော…၊ သမီး တီထွင်လုပ်ကိုင်ချင်တာလေး တစ်ခုကိုပြော၊ ဘယ်လိုအရာမျိုးပဲ ဖြစ်ဖြစ်ပေါ့''

ထာဝရ မျက်လုံးလေးဝိုင်းပြီး စဉ်းစားပါတယ်။ ပြီး…

''ဟိုလေ… သမီးတီထွင်ချင်တာက…''

''အင်း…ပြော…ပြော၊ မရှက်နဲ့''

''သမီး…နှီးစက်ကောင်းကောင်း ထွင်ချင်တယ် ဆရာ''

ဆရာက သူ့ကို တစ်ချက်ကြည့်ပြီး မျက်မှန်ပြင်တပ်တယ်။

''ပြောပါဦး…ဘာဖြစ်လို့လဲ''

''အခု…သမီးကြုံဖူးသမျှနှီးစက်တွေက စိတ်တိုစရာ အရမ်း ကောင်းတယ်ဆရာရဲ့။ အဲဒီနှီးစက်တွေနှီးတာ ကြမ်းတမ်းတယ်လို့ ထင်တယ်၊ အိပ်ရာကသာ ထလာရတယ်၊ စိတ်က မကြည်ချင်ဘူး''

''အင်း…ဟုတ်ပြီ၊ အဲဒီတော့…''

ဆရာက စကားထောက်ပေးတယ်။ သူက အားရပါး





ဆက်ပြောတယ်။

''အသံသာတဲ့နှီးစက်မျိုး ထွင်ချင်တယ်၊ နှီးသံက တိုးလည်း တိုးရမယ်၊ သာလည်း သာယာရမယ်၊ နှီးလည်း နှီးစေရမယ်၊ စိတ်လည်း ကြည်လင်စေရမယ်၊ အဲလိုနှီးစက်မျိုးကို သမီး ထွင်ချင် တယ်''

ဆရာက သဘောကျပြီး တဟားဟား ရယ်ပါတယ်။ ကျွန်တော်က ခပ်တိုးတိုး လှမ်းပြောလိုက်တယ်။

''အဲဒါဆိုရင် လွယ်ပါတယ်၊ နှီးစက်မှာ နင့်ကြီးတော်ကြီး အသံ တပ်ထားလိုက်ပေါ့''

သူ အောင့်သွားပုံ ရပါတယ်။ သူ့ကြီးတော်ကြီးအသံနဲ့ နှီးစက်ကို တွေးမိပြီး မသက်မသာဖြစ်သွားပုံလည်း ရပါတယ်။

ဆရာက…

''ဆိုပါဦး…ကိုဝေလင်းကရော…''

ဝေလင်းက သူ့လည်ပင်းကို ကုတ်နေတယ်။ အပြင်းအထန် တွေးစားပြီး မျက်လုံးကလည်း တောင်ရောက်မြောက်ရောက် ဖြစ်နေ တယ်။ ဖြေသံက ထွက်မလာဘူး။ လည်ပင်းကိုပဲ အရေးကြီးသလို ကုတ်နေတယ်။

ကျွန်တော်က မနေသာလို့ ဘေးက ဝင်ပြောလိုက်တယ်။

"ဖြေလိုက် ဖြေလိုက်၊ ဖြေစရာရှိတာကို ဖြေလိုက်၊ မင်း လည်ပင်းကို ငါကုတ်ပေးထားမယ်"

"ဟင်း"

' အဲဒါကျတော့လည်း သူက လက်မခံပါဘူး။ ကျွန်တော့်ကို ချိုကြည့် တစ်ချက်ကြည့်တယ်။

အကုတ်ရပ်သွားပြီး ဆရာ့ကို ပြန်ဖြေတယ်။

"ခုနက ထာဝရပြောသွားတာနဲ့ပဲ ဆက်စပ်ပြီး ဖြေရမှာပဲ ဆရာရေ..."

"အင်း...လုပ်စမ်းပါဦး"

"အိပ်စက် တီထွင်ချင်တာ ဆရာရဲ့"

ဆရာ့မျက်လုံးတွေ မြင့်တက်သွားတယ်။

"ဘယ်လို..."

"နိုးစက်တွေသာရှိပြီး အိပ်စက်တွေ မရှိသေးဘူးလေ ဆရာ လူတစ်ယောက်ကို အိပ်မွေ့ချပေးတဲ့စက်မျိုး တီထွင်ချင်တယ်၊ လိုအပ်တယ်လို့ ကျွန်တော်ထင်တယ်"

သူ့ကိုသူ သူနိုးကျနေတာပဲ၊ လူတွေကို အိပ်မွေ့ချတဲ့စက်တဲ့ မကြားတကြား လှမ်းပြောလိုက်တယ်။

"အဲဒါဆို... မင်း စောရနက္ခတ်နဲ့ညှိပြီးထွင်ရင် ပိုအောင်မြင်





လိမ့်မယ်"

ဝေလင်းက ကျွန်တော့်ကို စောင်းကြည့်တယ်။ ဘာမှတော့ ပြန်မပြောဘူး။ လည်ပင်းကို ပြန်ကုတ်နေတယ်။

"ကဲ...ဆွေဆွေကရော"

"ဒီ...ဒီ"

ဘာမှတောင် မပြောရသေးဘူး၊ ရှက်သလို ကြောက်သလိုနဲ့ သူ့ကျောကုန်းပေါ်က တံဆိပ်ကို ပေါ်အောင် ရယ်လိုက်တယ်။ ခါးကို ကိုင်းကိုင်းပြီးတော့လေ...။

ပြီးမှ...

"ခစ်...သမီးက ဆံလည်ကုတင် ထွင်ချင်တာ၊ အိပ်ရင်း ဆွဲဆွဲလှည့်နေရရင် အရမ်းမိုက်မှာပဲ၊ ခစ်...ခစ်ခစ်"

ဆရာက မိန့်မိန့်ကြီးပြုံးတယ်။ ပြီး သူ့မျက်လုံးက ကျွန်တော့်ဆီ ရောက်လာတယ်။ မေးဆတ်ပြတယ်...။

"ကဲ..."

"ဟုတ်ကဲ့"

"ပြောလေ...၊ မောင်ရင်ကရော ဘာထွင်မလဲ"

"ကျွန်တော်က ဘာမှမထွင်ချင်ပါဘူး ဆရာရယ်၊ ထွင်သူတွေကို အားပေးမယ်"

''ဘယ်လိုအားပေးမှာတုံး''

''ဆွေဆွေထွင်ထားတဲ့ ခုတင်ကြီးပေါ်မှာ ဝေလင်းထွင်ထားတဲ့အိပ်စက်နဲ့ အိပ်မယ်၊ ထာဝရထွင်မယ့် နိုးစက်နဲ့ ထမယ်ဗျ်ပဲ''

''အောင်မယ်...အောင်မယ်''

ကောင်မလေးတွေဆီက ထွက်လာတဲ့အသံပါ။ သူတို့ကျွန်တော့်ကို မနာလိုကြဘူး။ ကျွန်တော်က ဆက်ပြီး လေရှည်လိုက်တယ်။

''ကျွန်တော် လွန်ခဲ့တဲ့သုံးနှစ်ကျော်က ကောင်မလေးတစ်ယောက်ကို ရည်းစားစကား ပြောထားတယ်၊ အဖြေမရသေးဘူး အဲဒီအဖြေကို စောင့်ရင်း စိတ်ကူးတွေယဉ်ရင်း၊ အိပ်မက်လှလှလေးတွေ မက်ရင်း၊ ခုနပစ္စည်းတွေနဲ့အိပ်ရမှာ ပျော်စရာကြီးပေါ့ ဆရာရယ်...ဟဲ...ဟဲ''

ကျွန်တော့်စကားအဆုံးမှာ ထာဝရက ကျွန်တော့်ကို ဖျတ်ခနဲလှမ်းကြည့်တယ်။ သိပ်လှတာပဲ။ ကျွန်တော်နဲ့ မျက်လုံးချင်းဆုံလိုက်ကြတယ်။ ခဏကလေးပါ။ ဒါပေမယ့် တစ်ယောက်ကို တစ်ယောက်အများကြီး နားလည်လိုက်ကြတယ်။

ဝေလင်းက ကျွန်တော့်ကို ထောမနာပြုတယ်။





''မင်းက အပျင်းပဲ...''

အဲဒီလောက်နဲ့တော့ ကျွန်တော်က မဖြုံပါဘူး။ လူ့ဘောင်လောကထဲမှာ အပျင်းစိတ်ကလည်း တန်ဖိုးရှိတယ်ဆိုတာ ဆရာကြီးတစ်ပတ်ကပဲ ပြောသေးတယ်။

ထာဝရဆိုတဲ့ကောင်မလေးကို ကျွန်တော်ချစ်တယ်။ ဝေးရမှာ ခွဲရမှာတွေကို ပျင်းတယ်။ သူ ကျွန်တော့်ကို ပြန်ချစ်အောင် လုပ်ရလိမ့်မယ်။

ကောင်မလေးရယ်...

ပျင်းလို့ပါ...

ငါ့ကို နားလည်ပါ။

# အခန်း [၁၀]

## အသစ်တစ်ဖန်

‘လာရင်လည်း မြန်မြန်လာပါတော့ သေမင်း ရယ်…’ ထင်းစည်းကို ကျောပိုးထားတဲ့အဘိုးအိုက…ခရီး ဝေးကို လျှောက်နေရင်း မောမောပန်းပန်း ညည်းတယ်။ အမှန်တကယ်ပဲ သေမင်းက ရောက်လာတယ်။

‘ဘာအလိုရှိသလဲ’ လို့ မေးတယ်။

အဲဒီတော့ အဘိုးအိုက ‘သူ့အောက်မှာ ချထားတဲ့ ထင်းစည်းကို ကျောပေါ်တင်ပေးပါ’ လို့ ပြောသတဲ့။

[တကယ့်တကယ်မှာ သေမင်းက အဘိုး
အိုကို ကူညီလိုက်တယ်။ အဘိုးအို သေ
သွားလေရဲ့ အဘိုးအိုရဲ့ထင်းစည်းတွေကို
ကျောပိုးပြီး ပို့ရမယ့်နေရာဆီ သေမင်းက
သွားတယ်။ လိပ်စာမေးမထားလိုက်မိလို့
ခုထက်ထိ မရောက်ဘူး။ ထင်းစည်းကို
ကျောပိုးထားရလို့ သေမင်းလည်း သူ့
အလုပ်ကိုသူ တိတိကျကျ မလုပ်နိုင်ဘူး။
တချို့လူတွေ…သေမယ်ထင်ရပေမယ့်
မသေဘူး။ တချို့လူတွေ မသေဘူးထင်ရ
ပေမယ့် သေသွားတယ်။]

ညနေခင်းတစ်ခုမှာ သူရယ်၊ ကျွန်တော်ရယ် ဆုံကြပါတယ်။ လဆန်းတစ်ရက်ရဲ့ သာမန်ညနေခင်းဖြစ်ပေမယ့် သူ့ရဲ့ ပါဝင်ပတ်သက်မှုကို ခံယူလိုက်ရတဲ့အခါမှာ ကျွန်တော့်အတွက်တော့ ရွှေရောင်ညနေခင်း ဖြစ်သွားတယ်။

ကျွန်တော် လာလေ့လာထရှိတဲ့ ကန်ပေါင်ပေါ်ကို စက်ဘီးလေးနဲ့ သူရောက်လာတာပါ။ အပြာရောင်ဂျင်းဝမ်းဆက်ကို ချပ်ချပ်ရပ်ရပ်ဝတ်ဆင်ထားပြီး ဆံနွယ်မျှင်တွေ ဖွာလျားချထားတဲ့ သူ့ရဲ့ ကိုယ်ဟန်အနေအထားဟာ မိုးပေါ်ကတိမ်တိုက်တွေ ပြုတ်ကျလာလောက်အောင် လှပါတယ်။

ကျွန်တော် သူ့ကိုတွေ့ပေမယ့် သူက ကျွန်တော့်ကို မတွေ့ သေးဘူး။ ကျွန်တော်ကလည်း သူမြင်အောင် ကိုယ်ယောင်မပြဖြစ် သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့မလှမ်းမကမ်းမှာ ဝေလင်း ရှိနေလို့ပါ။

သူတို့နှစ်ယောက်ကိုပဲ ကျွန်တော် ငေးကြည့်နေမိတယ်။ သူတို့နှစ်ယောက်က သပ်သပ်စီ ရောက်လာကြတာပါ။ ထာဝရက စက်ဘီးလေးစီးပြီး ရောက်လာတယ်။

တစ်အောင့်လောက်ကြာမှ ဝေလင်းက သူ့ခွေးကြီးနဲ့ ရောက် လာတယ်။ ထာဝရက စက်ဘီးလေးစီးလာသလိုမျိုး ဝေလင်းလည်း သူ့ခွေးကြီးကို စီးလာသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမယ့် သူက စီးမလာပါဘူး။

''စက်ဘီးကို ဖြည်းဖြည်းနင်း၊ အတတ်ဆန်းပြီး နင်းမနေနဲ့''

ထာဝရကို သူက အော်လားငေါက်လားလုပ်ပါသေးတယ်။ ထာဝရကလည်း ဘာစိတ်ကူးပေါက်တယ်မသိဘူး၊ စက်ဘီးကို ပုံစံ အမျိုးမျိုးနဲ့ စတန့်ထွင်ပြီး လျှောက်စီးနေပါတယ်။

ဝေလင်းရဲ့စကားကို အလေးတယူတော့ မရှိလှပါဘူး။ ရယ်ကျဲကျဲမျက်နှာထားနဲ့ သူလုပ်ချင်တာတွေပဲ လျှောက်လုပ်နေတယ်။ ဒီကောင်မလေးတော့...





''ဒုန်း''

''ဝုန်း''

ကျွန်တော်တွေးလို့မှ မဆုံးသေးဘူး။ မြေပေါ်မှာ ရှည်တန်း ထွက်နေတဲ့ သစ်မြစ်တစ်ခုကိုတိုက်မိပြီး သူ့စက်ဘီး လဲကျပါတယ်။

''ထာဝရ...ရလား''

ဝေလင်းက ပြေးထူပေးဖို့ ကြိုးစားတယ်။ ဒါပေမယ့် ထာဝရ က ဘာမှမဖြစ်ဘူး။ လူလည်း မနာဘူး၊ ဖျတ်ဖျတ်လတ်လတ် ပြန်ထ လာတယ်။ သနားပါတယ်... ဝေလင်း မထူလိုက်ရဘူး။

''အဲဒါကြောင့် အစောကြီးကတည်းက ပြောနေတယ်၊ စက်ဘီးစီးတာ ကောင်းကောင်းစီးစမ်းပါလို့၊ ကံကောင်းလို့ ဘာမှ မဖြစ်တာပေါ့...''

ပြန်မပြော နားမထောင် ကောင်မလေးဟာ သူ့စက်ဘီး အပေါ်မှာပဲ အာရုံစိုက်နေပါတယ်။ အဲဒီအနေအထားကို ကြည့်ပြီး ဝေလင်းက စိတ်ပျက်လက်ပျက် ခေါင်းခါတယ်။

''မလွယ်ပါဘူးကွာ...''

အဲဒီအချိန်မှာပဲ...

''ဂလောင်...ဂလောင်...ဂလောင်...''

ခေါင်းလောင်းသံတစ်ခုက ဆူညံ ဆူညံ ထွက်လာတယ်။

ဝေလင်းရဲ့ခွေးကြီးနဲ့ တခြားခွေးတွေနဲ့ ကိုက်ကြတာပါ။

‘‘ဝုတ်...ဝုတ်’’

‘‘ဂရဲ...ဝေါင်း...ဝေါင်း’’

ခွေးသံတွေဆူညံနေတယ်။ ဝေလင်းကလည်းအားကျမခံ...

‘‘ဟေး...ဟေ့...ဟေ့’’လို့အော်ပြီး အဲဒီနေရာကို ပြေးသွားတယ်။ ခွေးတွေ ကစဉ့်ကလျားပြေးထွက်သွားတယ်။ သူ့ခွေးကြီးက ကန်ရဲ့အနောက်မြောက်ထောင့် သုံးဆယ်ဒီဂရီလောက်ရှိတဲ့ အရပ်ကို ထွက်ပြေးသွားတယ်။ ဝေလင်းခမျာလည်း ပြေးလိုက်သွားရတာပေါ့။

အဲဒီလို သူ မရှိတော့မှ...

ကျွန်တော်က ထာဝရဆီ အေးအေးဆေးဆေး လျှောက်သွားလိုက်တယ်။ ပထမတော့ သူက ကျွန်တော့်ကိုမမြင်ဘူး။ စက်ဘီးကို အရှိန်နဲ့ နင်းချလာတယ်။

အနားရောက်မှ ကျွန်တော့်ကို မြင်တယ်။ ဒါပေမယ့် သူ စက်ဘီးကို မရပ်ဘူး၊ တစ်ဟုန်ထိုး ဆက်နင်းသွားတယ်။ ဒါပေမယ့် ခပ်ဝေးဝေးရောက်တော့ ပြန်ကွေ့လာတယ်။ ဒါပေမယ့် ပြန်ရောက်လည်း မရပ်ဘူး၊ သူ့အရှိန်နဲ့သူ ဆက်နင်းသွားတယ်။ ခပ်ဝေးဝေးကနေ ပြန်ကွေ့လာတယ်။

ဒါပေမယ့် မရပ်ပါဘူး။





အဲဒီလိုမျိုး ငါးခေါက်လောက်လုပ်ပြီးမှ သူ့ဘာသာ ခပ်လှမ်းလှမ်းမှာ သွားရပ်ပါတယ်။ ကျွန်တော့်ကို လှည့်တောင် မကြည့်ပါဘူး။ အဲဒီတော့ ကျွန်တော်ကပဲ သူ့ဆီ လျှောက်သွားရတော့တာပေါ့။

သူက အဝေးကို ငေးနေတယ်။ မောဟိုက်နေသလိုလည်း အသက်ကို ပြင်းပြင်းရှူနေတယ်။ ကျွန်တော် သူ့အနားကို ကပ်သွားမှ သူက ခပ်တည်တည်လှည့်ကြည့်တယ်။

ကျွန်တော်ရယ်...၊ သူရယ်... မျက်လုံးချင်းဆုံနေကြတယ်။ မှိတ်မသုန်လည်း ကြည့်နေမိကြတယ်။ ခဏကြာမှ သူက မျက်နှာလွှဲတယ်။ သက်ပြင်းတစ်ချက်ကိုလည်း ခိုးချတယ်။

သူ ရင်ခုန်နေတယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော့်ရင်ထဲမှာလည်း နွေးလိုက်လို့...။

‘‘ထာဝရ...’’

ကျွန်တော်က တိုးတိုးလေး ခေါ်လိုက်တယ်။ သူ့အကြည့်က ကျွန်တော့်ဆီ ပြန်ရောက်လာတယ်။

‘‘ဘာလဲ...’’

‘‘စက်ဘီးကို ဘာလို့ ဒီလောက်အကြမ်းပတမ်း စီးနေရတာလဲ’’

‘‘ဘာဖြစ်လဲ...’’

အဲလိုပြောပြီး သူက တခစ်ခစ်ရယ်ပါတယ်။ ကိုယ်ဟန်လေး ယိမ်းနွဲ့ပြီး အဲဒီလို သူရယ်လိုက်ပုံက ပွင့်လင်းလွတ်လပ်လွန်းလှတယ်။

ကျွန်တော် မျက်တောင်မခတ် ငေးကြည့်နေမိပေါ့။

"ငါက ကောင်းဘွိုင်တွေကို သဘောကျလို့ဟ..."

သူ့စကားကို ကျွန်တော် နားမလည်ဘူး။

"ဘာဆိုင်လို့လဲဟ..."

"ကောင်းဘွိုင်နဲ့တူအောင် ဂျင်းဝတ်စုံဝတ်လာတာ၊ ငါ့မှာ မြင်းမရှိလို့ ရှိတဲ့စက်ဘီးကိုပဲ စီးနေရတာ..."

တော်သေးတာပေါ့။ ခါးကြားမှာ သေနတ်ချိတ်မလာလို့။

သူ့ကိုကြည့်ပြီး ကျွန်တော်ပျော်လာတယ်။

"နင်က ဘာလို့ ကောင်းဘွိုင်တွေကို အားကျရတာလဲ"

"အားကျတာ ဘာဖြစ်လဲ၊ ဘာဖြစ်လို့ အားမကျရမှာလဲ"

သူ့ တုံ့ပြန်မှုက ကောင်းလှပါတယ်။ ဒါပေမယ့် ကိစ္စမရှိပါဘူး။ ကျွန်တော့်မှာ ရှင်းပြစရာအချက်အလက်တွေ ရှိပါတယ်။

"ကောင်းဘွိုင်တွေက လူမည်းတွေဟ၊ နင်က ရုပ်ရှင်ထဲက မင်းသားတွေကိုကြည့်ပြီး စမတ်ကျကျလူဖြူတွေလို့ ထင်နေပုံရတယ်"

သူ ကြောင်သွားတယ်။

"ဘယ်သူပြောလဲ"





"ကောင်းဘွိုင်ဆိုတာ အမေရိကန် တက္ကဆက်ပြည်နယ်က အများစုထွက်တာဟ၊ ငွေဝယ်ကျွန် လူမည်းတွေက အဲဒီအလုပ်ကို လုပ်ကြတာ..."

သူ ဇဝေဇဝါဖြစ်သွားပါတယ်။ မသင်္ကာတဲ့ မျက်လုံးတွေနဲ့ ကျွန်တော့်ကို ကြည့်ရင်း၊ သူ့ဘာသာလည်း စိတ်မသိုးမသန့် ဖြစ်နေပုံရတယ်။ သူလည်း ငွေဝယ်ကျွန်လူမည်းမကြီးလိုလို ဖြစ်နေတာကိုး။ ကျွန်တော့်စကားအရပေါ့လေ...။

"အို...ဘာပဲဖြစ်ဖြစ်ဟာ၊ ငါက သူတို့မြင်းစီးတာကို ကြိုက်တယ်"

"အေး...အခု သူတို့သွားကျောင်းတာ မြင်းနဲ့မဟုတ်တော့ဘူးဟ၊ ထရပ်ကားတွေ ဟယ်လီကော့ပတာတွေနဲ့ ကျောင်းနေတာ"

သူ့စက်ဘီးကိုသူ ငုံ့ကြည့်ပါတယ်။

"ဒီစက်ဘီးနဲ့ရော မရဘူးလား"

အိုး အရမ်းချစ်ဖို့ကောင်းတဲ့ မိန်းကလေးပါလား။

"နင် ဆန္ဒရှိရင်တော့လုပ်ပါ၊ အရေးကြီးတာတစ်ခုလောက်ပဲ ငါက တားချင်တာပါ..."

"ဘာလဲ..."

သူက မျက်လုံးဝိုင်းဝိုင်းကလေးနဲ့ ပြန်မေးပါတယ်။

"ဩော်...အရက်ဘားကို သွားပြီး သူများတွေနဲ့ ရန်မဖြစ်နဲ့ပေါ့၊ ပြီး... ဆေးပြင်းလိပ်ကြီးလည်း မခဲနဲ့ပေါ့"

ကြည်ကြည်စင်စင် သူပြုံးပါတယ်။ နူးညံ့တောက်ပတဲ့အပြုံးဖြစ်လို့ ညနေခင်းကြီးကိုတောင် မျက်နှာသစ်ပေးလိုက်သလိုပါပဲ။

ကျွန်တော် အလဲအကွဲ ယစ်မူးနေမိတယ်။

"ဟိုး...မှာ ကြည့်စမ်း..."

သူက လက်ညှိုးထိုးပြတယ်။ ကျွန်တော် မြင်ပြီးသားပါ။ အမူးသမားတစ်ယောက် မူးလဲနေတာ။

"ငါ အစောကြီးကတည်းက တွေ့တယ်၊ ငါရောက်ကတည်းက ဒီလူ မူးလဲနေတာ။ အေးလာပြီ... မချမ်းဘူးလား မသိဘူး သူကဖြင့် လမင်းအင်္ကျီကြီးနဲ့"

သူ မျက်မှောင်ကလေး ကြုတ်သွားပါတယ်။ လဲနေတဲ့အမူးသမားက ကိုယ်ပေါ်မှာ စွပ်ကျယ်လက်ပြတ်ကလေးတစ်ထည် ပါပါတယ်။

မျက်နှာလေးမော့ပြီး မေးတယ်။

"လမင်းအင်္ကျီ...ဟုတ်လား"

"အင်း..."

"နင် ဘာကို ပြောတာလဲ၊ ငါမသိဘူး"





ကျွန်တော် ရယ်လိုက်တယ်။ သူက ကျွန်တော့်မျက်နှာကို လိုက်ကြည့်နေတယ်။

"ဒီလိုဟ...လမင်းက လူတွေကို ပြောတယ်။ သူ့အတွက် အင်္ကျီတစ်ထည် လိုချင်တယ်တဲ့။ ဒါပေမယ့် သူက ဆုတ်လိုက်ဆန်း လိုက်၊ ပိန်လိုက် ဖောင်းလိုက်ဖြစ်နေတော့၊ သူနဲ့ကိုက်မယ့်အင်္ကျီ မရှိ ဘူး။ နောက်မှ သူ့အမြဲတမ်းဝတ်လို့ရမယ့် စွပ်ကျယ်ကို တီထွင်ထုတ်လုပ်လိုက်ရတာ၊ ဆုတ်ဆုတ်ဆန်းဆန်း သူဝတ်လို့ ရသွားတယ်"

ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ သူရယ်ပါတယ်။

"ဩော်...အဲဒါကြောင့် နင်က စွပ်ကျယ်ကို လမင်းအင်္ကျီလို့ ခေါ်တာလား"

"ဒါပေါ့..."

သူက ကျွန်တော့်မျက်လုံးထဲကို စိုက်ကြည့်ပါတယ်။ ဒီကောင်မလေး စိတ်လှုပ်ရှားနေပြီဆိုတာ ကျွန်တော်သိတယ်။ မပြောမဆို စက်ဘီးပေါ်တက်ပြီး တရကြမ်း နင်းထွက်သွားပြန်ပါတယ်။

"ဟော့..."

ကျွန်တော်အော်လို့တောင် မရလိုက်ဘူး၊ တစ်ဟုန်ထိုး ထွက်သွားပြီး...

"ဝုန်း"

ဘာနဲ့တိုက်မိလဲ မသိဘူး၊ လဲကျသွားပြန်ပါတယ်။ ဒီတစ်ခါ အီသွားပုံရတယ်။

ကျွန်တော် ပြေးသွားလိုက်တယ်။ ထူပေးခါနီးမှာ ဝေလင်းလို့ ပေါက်ရင် ကောင်းမလားလို့ စဉ်းစားမိပါသေးတယ်။

ဒါပေမယ့်...

"လာတာက ကြာလိုက်တာ၊ ဒီမှာက နာနေပြီ။ မြန်မြန် ထူတာ မဟုတ်ဘူး၊ ဘာမှ အားကိုးလို့မရဘူး၊ ပေါက်ကရပြောဖို့ပဲ သိတယ်"

သူက အရင် ဆီးပေါက်ပါတယ်။

"တောဗျာ..."

လွှတ်ခနဲ ညည်းတွားရင်း ကျွန်တော့်ရင်ထဲမှာ ကြည်နူး ရတယ်။ သူ့ကို ဖေးကူထူမနေရင်းက အဲဒီညနေဟာ ကျွန်တော့် အတွက် အမှတ်တရ ဖြစ်ရတယ်။

သေပြီထင်ပြီး ပစ်ထားခဲ့မိတဲ့ ပန်းကလေးတစ်ပွင့်က ကျွန်တော့်ရင်ထဲမှာ တစိမ့်စိမ့် ပြန်ပွင့်လာတယ်။ ရှင်းသန့်တဲ့ မွှေးရနံ့ဖြူဖြူလေးတွေနဲ့မို့လို့ ကျွန်တော်နေပျော်တယ်။

ကောင်မလေးရယ်...။

⚜



# အခန်း [၁၁]

## မသီတာသီ

The 'Boots' worn by Mongolian tribesmen in their ritual tam dance are decorated with human bones.

မွန်ဂိုလီးယန်းလူမျိုးစုဝင်တွေ၊ သူတို့ရဲ့ရိုးရာ 'တမ်' အကကို ကတဲ့အခါမှာ စီးတဲ့ဖိနပ်တွေကို လူရိုးတွေနဲ့ တန်ဆာဆင်ထားကြတယ်။

[စာအုပ်တစ်အုပ်ထဲမှာ
အဲဒီလို ဖတ်ဖူးတယ်။
ကျွန်တော့်အရိုးဖိနပ်နဲ့ကော…
အဘယ်သို့သောမိန်းမက…
ကပွဲတက်မှာလဲ…။]

အခုလို တိမ်ခိုးရာသီ တစ်ခုပြီးတစ်ခုတိုင်အောင်
ကြာ…ခဲ့…တယ်။
သီချင်းတွေနဲ့ ကိုယ့်ကိုယ်ကိုကုတ်ခြစ်
ဂစ်တာပျော့တစ်လက်လိုလည်း ဆန်မော့ညွတ်ကွေး
သူ့နာမည့်ကို
ခွေးရေပုရပိုက်မှာ မရေးဘူးလို့လည်း
ငြင်း…ခဲ့…တယ်။
နားလည်ပါရဲ့ကွယ်
နှင်းဆီဖြူဆွတ်လေး တစ်ပွင့်အတွက်

ဒီလောက်တော့ ရင်နင့်ပေးရမှာပေါ့။
ရိုးရိုးစင်းစင်း ခလုတ်တိုက်လဲခဲ့တာပါ။
အစိတ်စိတ်အမြွှာမြွှာ ကွဲပြီးခါမှ
'လမင်း'ပြန်လုပ်ရမှာမို့လို့
နည်းနည်းတော့ ကြာမယ်...
ကြာ...လိမ့်...ဦး...မယ်...။
အဲဒီလိုနဲ့
မားကျိုးကြီးတစ်လက်ကို စိုက်ပျိုးခံစား
ငါ့တောင်ယာလေး စကားနည်းနေတုန်းပဲကွယ်...။

ကျွန်တော့်စိတ်တွေ ပြာဝေထစ်ချုန်းနေတယ်။

ဝါးတို့ ယိုးယိုင်တဲ့ လက်ဖက်ရည်ဆိုင်လေးထဲမှာပါ။ အဝေ မှာ မီးရောင်လက်လက် ပွင့်လို့။ အနီးမှာလည်း မီးရောင်တွေ လွင့်လွင့်ဖြူပြီ။

လွယ်အိတ်အဝါကျားလေးကလည်း သိလိမ့်မယ်။ လက်ဖက် ရည်သက်ပြင်းခါးခါးတစ်ခွက်ကလည်း သိလိမ့်မယ်။ ခရမ်းပြာရိုး တွေက တုန်ယင်ဝေ့ပတ်လို့...။

လွမ်းတယ်...။





ငါ လွမ်းတယ် ထိပ်ထားရယ်...။

ကျွန်တော့်ရင်ခွင်ကို ကဗျာဝိညာဉ်က စိမ့်ဝင်ထွင်းဖောက် နေတယ်။ လွမ်းနေရတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်။ နှစ်ကာလတွေ ဘယ်လိုပြောင်းပြောင်း တချို့သမိုင်းတွေက မဟောင်း ဘူးနော်။

ကဗျာထဲမှာ ကျွန်ုတော်တည့်ဖွဲ့ခဲ့ဖူးတယ်။ သူ့ရုပ်လွှာ၊ သူ့ရဲ့ မျက်လုံးစိမ်းလဲ့၊ သူ့အတွက် နန်းသုံးအက္ခရာ၊ သူ့ရှေ့မှာ မှောက်ထား ခဲ့ရတဲ့ ကျွန်တော့်ရဲ့ ကံ့ကော်ရွက်ဖဲချပ်။

လွမ်းတယ်။

လွမ်းတယ်...ထိပ်ထားရယ်...။

ကျွန်တော့်အာရုံထဲမှာ ထိပ်ထားဆိုတဲ့ မိန်းမပျိုဟာ နေရောင် ခြည်တွေ စို့ရွှဲပြီး ရောက်ရှိလာတယ်။ ကျွန်တော် ဖန်တီးထားရတဲ့၊ ကျွန်တော်ချစ်မြတ်ခွဲခွာခဲ့ရတဲ့ စိတ်ကူးထဲက မိန်းမပျို...။

ကျွန်တော် သူ့ကို အပြင်လောကမှာ တွေ့ချင်တယ်။

မမေ့ဘူး၊ ဘယ်တော့မှာ မမေ့ဘူး။ နှင်းကြောင့် လဲရမယ့် သစ်ခေါက်ပင်ကြီးလို ကျွန်တော် တအိအိပြိုကျနေတယ်။

"ဟင်း..."

လရောင်ပါးပါးနဲ့ လမ်းထိပ်အုတ်ခုံကလေးက ဆွေးမြည့်

ကြေကွဲဖွယ်ရာ တိတ်ဆိတ်နေကြတယ်။ ထိပ်ထားကို ကျွန်တော် ဆုံစည်းရမှာလား။ စိတ်ကူးထဲက မိန်းမပျိုမျိုးဟာ စိတ်ကူးထဲမှာ ပြီးဆုံးသွားရတော့မှာလား…။

တစ်ယောက်ယောက်က ကျွန်တော့်ကို ဖြေကြားစေချင် တယ်။

ခွေးတစ်ကောင်ရဲ့ ဆွဲဆွဲငင်ငင်အူသံကို ကြားရတယ် ဘယ်ဆီကနေ ဆွတ်ပျံ့လာမှန်းမသိတဲ့ ပန်းရနံ့စိမ်းစိမ်းတစ်ခု…။

ကျွန်တော်…

ဘယ်သူကမှ ကျွန်တော့်ကို နားလည်ကြမယ် မထင်ပါဘူး ထိပ်ထားဟာ ကျွန်တော့်အတွက်တော့ တကယ်ရှိတယ်။ ကျွန်တော် တစ်ယောက်တည်း တွေးနေချိန်တိုင်းဟာ သူနဲ့အတူ ရှိနေချိန်တွေပဲ

''ထိပ်ထားရေ…''

တစ်ကိုယ်တည်း တိုးတိုးလေး ရေရွတ်နေမိတယ်။ ထိပ်ထား ဟာ မိုးသောက်ကျူးမှာ နှင်းဆီဦးတွေနဲ့အတူ မွေးပါလိမ့်မယ်။

နိုင်းမြစ်ရေ စီးဆင်းနေသရွေ့ ကျွန်တော့်ရဲ့ တစ်ကိုယ်ရေ ကျယ်ဝန်းမှုမှာ အနုပညာမိုးမှုန်တွေ စီးသုန်တိုက်ခတ်နေသရွေ့

သူ… ချမ်းမြေ့ပါလိမ့်မယ်။

''လင်းဝေ''





''ဟင်…''

''မင်း ထာဝရကို တကယ်ချစ်သလား''

ကျွန်တော် မဖြေဘဲ နေလိုက်တယ်။

ထာဝရဟာ ကျွန်တော့်ကဗျာထဲက ထိပ်ထားလား၊ ဒါမှ မဟုတ် ကျွန်တော့်ရင်ထဲမှာ ရေလောင်းပေါင်းသင်ပြီး စိုက်ပျိုးရမယ့် အေးရှည်ချွန်ချွန်တစ်လက်လား…။

ခေါင်းကို ဖြည်းဖြည်းချင်း ခါနေမိတယ်။ မျက်လုံးအစုံကို မှိတ်လိုက်တယ်။ စိတ်ရဲ့ပိုးတဝါးအမှောင်ထဲမှာ မြင်ယောင်နေမိတာက ထာဝရ…ထိပ်ထား…။

ထိပ်ထား…ထာဝရ…။

အတူတူလား…၊ တကွဲတပြားလား…၊ တစ်ဦးစီလား…၊ တစ်ယောက်တည်းလား…။ ကျွန်တော် စဉ်းစားတယ်။ ဒီအကြောင်း တွေ စဉ်းစားရင် ကျွန်တော်ဟာ မထေမဲ့မြင် ရီဆွေးပစ်လိုက်ချင်စိတ် ပေါ်တယ်။

ချစ်သူ…။

ချစ်သူကို ကျွန်တော်ချစ်တယ်။

ကျွန်တော့်လက်ဖျားမှာ ပြာလဲ့နေအောင်ရေးချင်မိတာက သူ့အတွက် သစ္စာပဲ။

မိုးနှောင်းတစ်ရက်မှာ စေတန်က ကျွမ်းထိုးချလာနိုင်တယ်။ အဝါရောင် မိုးကြိုးတန်းမျှင်တွေကလည်း တလူလူဝေ့ဝဲ ဆင်းချလာနိုင်တယ်။

ဘာတွေဖြစ်ဖြစ်၊ ဘယ်လိုဖြစ်ဖြစ် သူ့ကို ကျွန်တော်ချစ်မယ်။ အဲဒီလို အခြေအနေမျိုးမှာလည်း ကျွန်တော်ဟာ သူ့အတွက် မီးထဲက ကောက်ရတဲ့ ဒိုင်းတစ်လက်ဖြစ်ပြနိုင်တယ်။

ဒါပေမယ့်…

ကျွန်တော် စဉ်းစားနေတယ်။ ထိပ်ထားဟာ ထာဝရလား။ ထာဝရဟာ ထိပ်ထား ဖြစ်လာနိုင်သလား…။

“လင်းဝေ”

“ဟင်…”

“မင်းကဗျာထဲက ကောင်မလေးကို မင်းပြန်သတိရနေတာလား…”

“အင်း…”

“ထာဝရဟာ…အဲဒီကောင်မလေး ဖြစ်မလာနိုင်ဘူးလား”

ဝေဝေဝါးဝါး ကျွန်တော်တုံ့ပြန်လိုက်တယ်။

“ဘယ်သူ ပြောနိုင်မှာလဲ…”

ဟုတ်ပါရဲ့၊ ဘယ်သူပြောနိုင်မှာလဲ။ ဒီဘဝမှာ ဆုံစည်းခွင့်





ရှိပါဦးမလား။ မဆုံနိုင်သောနက္ခတ်တွေနဲ့ ကျွန်တော်ဟာ ခရီးတစ်ခုကို သွားနေသူများလား။ ဒါမှမဟုတ် ဆုံစည်းမှာလား။

“ထာဝရ…ရယ်”

ဘာရယ်မဟုတ်ဘဲ ဆိုမြည်ဟစ်ကြွေးမိတယ်။ သူ့ရဲ့မျက်ဝန်းလှလှတွေ၊ သူ့ရဲ့ နက်မှောင်ဆံကေသာရဲ့ အရွှေ့အမျှော။ ပြီးတော့ သူ့ရဲ့ ချိုလွင်နူးညံ့တဲ့ စကားသံတိုးတိုး။ အဲဒါတွေအားလုံးက…

ကျွန်တော့် ကောင်းကင်ထောင့်တစ်နေရာကို အုပ်မိုးနေရဲ့။ သူဟာ ကျွန်တော့်ရဲ့နတ်သမီးလား၊ ဒါမှမဟုတ် နတ်သမီးရေ မြို့လာတဲ့ တစ်ပါးသူတစ်ယောက်လား…။

ဒါမှမဟုတ်…

နတ်သမီးရေမြို့လာတဲ့ နတ်သမီးတစ်ယောက်လား။

တစ်ခါတစ်ခါကျတော့လည်း အသိရခက်တဲ့ လောကရယ်၊ အသိရခက်တဲ့ ကိုယ့်ကိုယ်ကိုရယ်၊ အသိရခက်တဲ့ ချစ်ခြင်းတရားရယ်၊

အားလုံးကို…

မေ့ထားလိုက်ချင်တယ်။

“လင်းဝေ…”

“ဟင်…”

“ပြန်ကြရအောင်…”

တိတ်တိတ်ဆိတ်ဆိတ် ပြန်လာခဲ့ကြတယ်။ အိမ်နားရောက်ခါနီးကျမှ 'ဒတ္တ'ရဲ့ ကဗျာစာသားတစ်ပိုဒ်ကို အော်ဆိုလိုက်တယ်။

''အားလုံးကို စွန့်လွှတ်ရရင်တောင်မှ
သတိရခြင်းကို ငါပိုင်တယ်''



အခန်း[၁၂]

ကျွာကျွာဝေးဝေး

နွားတစ်ကောင်လောက် ကြီးချင်တဲ့ ဖားက သူ့ကိုယ်သူ အသက်ပြင်းပြင်းရှူပြီး ဖောင်းကားလာအောင်လုပ်တယ်။ နောက်ဆုံးမှာ ခန္ဓာကိုယ်ပေါက်ကွဲပြီး သေပွဲဝင်သွားတယ်။

[ဖားကတော့ ကြီးချင်လို့ မရဘူး။
မေးစရာ တစ်ခုပေါ်လာတယ်။
နွားကရော ငယ်ပေးမှာလား။]

"ဘယ်ဆိုင်မှာ ထိုင်မှာလဲ..."

သူက ကျွန်တော့်ကို မေးပါတယ်။ သနပ်ခါးရေကျဲ လိမ်းထားတဲ့ သူ့မျက်နှာဝါဝါဝင်းဝင်းလေးက ချစ်စရာကောင်းနေတယ်။

မနက်က...

ကျွန်တော့်တို့အိမ်ရဲ့ နောက်ဘက်ကနေ သူတစ်ယောက်တည်း လမ်းလျှောက်လာပါတယ်။ ဘယ်ကိုသွားမလို့လဲ မသိဘူး။ ကျွန်တော်ကလည်း သိပ်ပြောပြချင်နေတဲ့အကြောင်းအရာကို အောင့်ထားနိုင်ဘူး။ ဘေးဘီဝဲယာမှာ တခြားပြောရမယ့်လူလည်း မရှိဘူး။

အဲဒါနဲ့ သူ့ကိုပဲ လှမ်းခေါ်ရတယ်။

''ဟော့…ဟော့…''

သူက လှည့်မကြည့်ဘူး။ သူ့လမ်းသူ ဆက်လျှောက်နေတယ်။ ကျွန်တော်က မရရအောင် လိုက်ခေါ်တာ။

''ဟော့…ထာဝရ…ထာဝရ''

သူက မျက်လုံးဝင့်ပြီး တစ်ချက်ကြည့်ပါတယ်။ ဒါပေမယ့် မလာဘူး။ သူ့ကိုခေါ်တာ မဟုတ်သလိုဘဲ ဆက်လျှောက်နေတယ်။

''ဒီမှာ လာကြည့်စမ်းပါဟ၊ ထူးဆန်းတာပြမလို့''

သူ နည်းနည်းစိတ်ဝင်စားသွားပုံ ရတယ်။ ကျွန်တော့်ကို တစ်ချက်ထပ်ကြည့်တယ်။ ကျွန်တော်က ကျွန်တော့်ရှေ့က ပုံးစုတ်ကြီးကို လက်ညှိုးထိုးပြတယ်။

''လာကြည့်စမ်း…ဒီမှာ''

သူက စိတ်မဝင်စားသလိုလိုနဲ့ သိချင်နေပါတယ်။ မိန်းမကိုး…။

''ဘာလဲ''

''လာကြည့်စမ်းပါဆို…''

''နင့်ဘာသာနင် ပြောပါ၊ ဘာလဲဆိုတာကို…''

ကျွန်တော် ခေါင်းကို ဖွကုတ်လိုက်တယ်။

''နင့်ဘာသာလာကြည့်မှ အရသာရှိမှာဟ''





သူက ခပ်လှမ်းလှမ်းက ငဲ့စောင်းကြည့်ပါတယ်။ ပုံးစုတ်ကြီးထဲကို တစ်ပိုင်းတစ်စပဲ မြင်ရလိမ့်မယ်။ ဝေးလည်းဝေးနေတယ်။

''ဘာမှန်းလဲမသိဘူး''

ပွစိပွစိနဲ့ အဲဒီလိုပြောပြီး မြင်သာအောင် ရွှေ့ပြောင်းကြည့်ပါတယ်။ အားလုံးမျှော်လင့်ထားတဲ့အတိုင်း သူ ကျွန်တော့်နား ရောက်လာတယ်။

''ဟိုမှာ…''

''ဟယ်…''

ကျွန်တော် လက်ညှိုးထိုးပြတာကိုကြည့်ပြီး သူ အသည်းယားသွားတယ်၊ ပျော်လည်း ပျော်သွားတယ်။

''ငှက်ကလေးတွေ…''

''အေး…ဟုတ်တယ်''

သူက ချစ်စရာအမူအရာလေးတွေနဲ့ ကျွန်တော့်ကိုလှည့်မေးပါတယ်။

''သူတို့ ဘယ်တုန်းက ဒီထဲကို ရောက်နေတာလဲ''

ကျွန်တော်က ဖွင့်ဆိုရှင်းပြနည်းနဲ့ အကျယ်ရှင်းပြလိုက်ပါတယ်။

''ငါက ဒီပုံးစုတ်ကြီးကို အိမ်ထဲမှာ ထားတယ်ဟ၊ ငါ

ငယ်ငယ်က ကစားတဲ့ပုံးကြီး၊ အိမ်ကလူတွေက မကြိုက်ဘူး၊ အဲဒါနဲ့ ဟိုတစ်နေ့က ဒီနောက်ဖေးမှာလာပစ်ထားလိုက်တာ၊ ငှက်ကဘယ်တုန်းက အသိုက်ဖွဲ့လိုက်သလဲ မသိဘူး၊ အခု နင်မြင်တဲ့အတိုင်းပဲ''

''နင်လည်း အခုမှ တွေ့တာလား''

''အေးပေါ့...ငါပြောပြရမယ့်လူ မရှိလို့ လိုက်ရှာနေတာ၊ နင်ရောက်လာတာနဲ့ အတော်ပဲ''

ငှက်ကလေးတွေကိုကြည့်ရင်း သူ့မျက်နှာလေးက ကြည်စင်ဝင်းလဲ့နေပါတယ်။

''ပျော်စရာကြီးနော်''

''အေး...ပျော်စရာကြီး''

''ငှက်ကလေးတွေက ချစ်စရာလေးတွေ...''

''အေး...ချစ်စရာလေးတွေ''

သူပြောသမျှကို ကျွန်တော်က သံယောင်လိုက်ပြီး ထောက်ခံနေလိုက်ပါတယ်။ သူ့ကို ဖားတာမဟုတ်ပါဘူး။ သူပြောသွားတဲ့စကားတွေအားလုံးက ကျွန်တော်လည်း ပြောချင်နေတဲ့စကားတွေပါပဲ။

'Lady First' ဆိုတဲ့ သဘောတရားအရ အရင်ပြောပါစေဆိုတဲ့သဘောနဲ့ သူ့ကို ဦးစားပေးထားလိုက်တာပါ။





''ဒီငှက်ကလေးတွေကို နင် ဘယ်လိုဆက်လုပ်မလဲ''

သူက အလေးတယူ မေးပါတယ်။ ကျွန်တော်က ချက်ချင်းဆိုသလို ပြန်ဖြေလိုက်တယ်။

''ဘယ်လိုမှ မလုပ်ပါဘူး၊ ဒီအတိုင်းပဲ ထားမှာပေါ့။ သူတို့ဘာသာ နေပါစေ...''

အဲဒီ အဆိုပြုတင်ပြချက်ကို သူကလည်း သဘောတူထောက်ခံပါတယ်။

''အေး...ကောင်းတယ်၊ အဲဒါပဲ ကောင်းတယ်''

''နင်က အခု ဘယ်သွားမလို့လဲ''

အဲဒီတော့မှ သူက လက်ကနာရီကို သာသာလေးလှမ်းကြည့်ပါတယ်။

''မြို့ထဲသွားမလို့၊ ဆွေဆွေနဲ့ချိန်းထားတာ နောက်တောင်ကျနေပြီ၊ သွားမယ်...သွားမယ်''

စကားအဆုံးမှာ သူ ခပ်သွက်သွက် ထွက်သွားတယ်။

ဒီနေ့မနက် ကျက်သရေရှိတယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒီနေ့ ကျွန်တော့်မွေးနေ့ပါ။ ခဏအကြာမှာ ကျွန်တော်လည်း ရေမိုးချိုးပြီး မြို့ထဲ ထွက်ခဲ့ပါတယ်။

မြို့ထဲမှာ ဝယ်စရာရှိတာဝယ်ပြီး ပြန်အလာ ကိုငွေတိုးနဲ့

သွားဆုံပါတယ်။

"ဟော့...ကိုလင်းဝေ"

"ဟာ...ကိုငွေတိုးကြီး"

ကိုငွေတိုးဟာ အပြာရောင်ပိုးပုဆိုးနဲ့ လှပနေပါတယ်။ ဒါပေမယ့် ကျွန်တော်က သူ့ကို အပြစ်တင်လိုက်တယ်။ သူ့တစ်ကိုယ်လုံးကို ခြုံငုံကြည့်ပြီး...

"ခင်ဗျားကလဲဗျာ..."

သူ ကြောင်အမ်းအမ်းဖြစ်သွားတယ်။

"ဘာဖြစ်လို့လဲ..."

သူ့ကိုသူလည်း ပြန်ငုံ့ကြည့်တယ်။ ကျွန်တော်က လိုရင်းကို တိုက်ရိုက်ရှင်းပြလိုက်တယ်။

"တစ်ခါတလေ အရပ်ဝတ် ဝတ်တာကို လွတ်လွတ်လပ်လပ် ဝတ်စမ်းပါဗျာ၊ လုပ်ငန်းသဘောတွေ ထည့်မစဉ်းစားစမ်းပါနဲ့..."

ကိုငွေတိုးက သူ့ပိုးပုဆိုး အပြာအသစ်စက်စက်ကြီးကို ဇဝေဇဝါနဲ့ ထပ်ငုံ့ကြည့်ပါတယ်။ မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့ ကျွန်တော့်ကို မေးတယ်။

"ဘာဖြစ်လို့လဲ..."

"ခင်ဗျားဝတ်ထားတဲ့ပုဆိုးကလည်း ပို့စ်မင်းအရောင်ကြီး





တခြားအရောင် ဝတ်ပါလားဗျာ"

ကိုငွေတိုးက ရယ်ပါတယ်။ ရယ်ရင်းပြောတယ်...

"ဒီမှာ ကြက်ပိုင်းကောင်းလို့ ကြည့်နေတာ"

မြို့ထဲ လမ်းကြားတစ်ခုမှာပါ။ လူတွေအုံခဲပြီး ကြက်တိုက်နေကြပါတယ်။ ကျွန်တော်ကတော့ ဝါသနာမပါဘူး။ ကိုငွေတိုးကို...

"ခင်ဗျားကလည်းဗျာ၊ ကြက်ပိုင်းကြီးများ ကြည့်နေရသေးတယ်"

"အာ...ဒီလို ကိုလင်းဝေရ၊ ကြက်တိုက်တယ်ဆိုတာက အင်္ဂလန်မှာဆိုရင် အေဒီ ၁၄ ရာစုနှစ်လောက်ကတည်းက စတာ"

ကိုငွေတိုးကတော့ လုပ်ပြန်ပြီ။ ဆက်ပြောဖို့လည်း ပြင်နေသေးတယ်။ ကျွန်တော် ကမန်းကတန်း ဝင်ပြောရတယ်။

"ဟုတ်လား၊ အင်း...အင်း...သွားလိုက်ဦးမယ်နော်"

ကိုငွေတိုးက စကားပြောဖို့ လက်ကြီးမြှောက်ရင်း တန်းလန်းကျန်ရစ်ခဲ့တယ်။ ကျွန်တော် တစ်ချိုးတည်း လစ်ထွက်ခဲ့တယ်။

အဲဒီလို ကိုငွေတိုးဆီက ထွက်လာပြီးမှ ထာဝရနဲ့ ဆုံတာပါ။ သူကလည်း ဆွေဆွေ့ဆီက ပြန်လာတာ။

"အအေးသောက်ရအောင်ဟာ..."

အစကတော့ သူက ငြင်းပါတယ်။

''ငါ့မွေးနေ့မို့လို့ပါဟ…''

အဲဒီအခါကျမှ သူက လိုက်လာတယ်။ မိန်းကလေး တစ်ယောက်ကို အအေးသောက်ဖို့သာ ခေါ်လာတာ၊ ဘယ်ဆိုင်သွား ရမှန်း မသိဘူး။

ကျွန်တော် ယောင်လည်လည်ဖြစ်နေလို့ လမ်းမှာ သူက မေးတာ။

''ဘယ်ဆိုင်မှာ ထိုင်မှာလဲ''

''အင်း…ငါမသိဘူးဟ၊ နင်ထိုင်ချင်တဲ့ဆိုင် ထိုင်ဟာ၊ ငါက နင့်ကို အအေးတိုက်ချင်တာပဲ သိတယ်…''

''ဒါဖြင့် တွေ့တဲ့တစ်ဆိုင်ဆိုင်ပဲ ဝင်ကြတာပေါ့''

''သဘောပဲ''

အဲဒီလိုပဲ သူက ဆိုင်ရွေးပါတယ်။ ဆိုင်ထဲဝင်ဖို့အရေးကို ဘာသီချင်းဖွင့်နေလဲဆိုတာ သူက အရင်နားစွင့်ပါတယ်။

''ဘာသီချင်းဖွင့်နေလဲ မသိဘူး''

ရှေ့ဆိုင်တွေက သူ မကြိုက်တဲ့သီချင်းတွေချည်း ဖွင့်နေလို့ သူ မထိုင်ပါဘူး။ နောက်မှ ဘာသီချင်းမှ ဖွင့်မထားတဲ့ဆိုင်တစ်ဆိုင် မှာ ဝင်ထိုင်မိကြပါတယ်။

မျက်နှာချင်းဆိုင်ထိုင်ပြီး မှာထားတဲ့အအေးတွေ လာချပြီးတဲ့





အချိန်မှာ ကျွန်တော် ဘာသီချင်းမှဖွင့်မထားတဲ့ ကက်ဆက်ကြီးကို ကြည့်ပြီး…

''ဘာသီချင်း 'ပိတ်'နေသလဲ မသိဘူး…''

သူက ကျွန်တော့်ကို မမြင်ဘူးသလို ကြည့်တယ်။

''နင် ဘာပြောတာလဲ''

''ဒီလိုလေဟာ…ဒီကက်ဆက်ကြီးထဲမှာလည်း ပိတ်မိနေတဲ့ သီချင်း ရှိမှာပေါ့။ ဖွင့်လိုက်ရင် သူထွက်လာမှာ၊ အဲဒီပိတ်မိနေတာ ဘာသီချင်းလဲ မသိဘူး''

သူ မအောင့်နိုင်ဘဲ ရယ်ပါတယ်။

''နင်က ခွစာပဲ၊ နင့်ကိုမွေးထားရတာ နင့်အမေတော့ ချူ…''

ကျွန်တော် ပြန်ငြင်းမနေလိုက်ပါဘူး။

စားပွဲပေါ်ကို ကျွန်တော်ဝယ်လာတဲ့ပစ္စည်းတွေ တင်တော့ သူက လိုက်ကြည့်တယ်။

ကျွန်တော်က ပြောပြလိုက်တယ်။

''ငါ့မွေးနေ့မို့လို့ ဝယ်လာတာ၊ ငါ့ကိုငါ လက်ဆောင် ပြန် ပေးမလို့…''

သူပြုံးပါတယ်။ ဘာမှတော့ ကျွန်တော့်ကို မှတ်ချက်မပေး

တော့ဘူး။

''ဘာတွေလဲ...''

ကျွန်တော်က ထုတ်ပြလိုက်တယ်။

''ဟင်...အဲဒါ ခရာကြီးမဟုတ်လား''

''အင်း...ဒါက နဲ့''

''နင် ဘာလုပ်မလို့လဲ''

ကျွန်တော်က ရှင်းပြရသေးတယ်။

''ဒီလိုဟ...ငါ့မှာ ဒဿနတစ်ခု ရှိတယ်''

ဒီတစ်ခါတော့ သူက ကျွန်တော့်ကို မြင်ဖူးသလိုကြည့်တယ်။

''အောင်မြင်လည်း သူတစ်ပါးကို မဝါကြွားပါနှင့်၊ ကိုယ့်ဘာသာ အခန်းတံခါးပိတ်ပြီး ခရာမှုတ်နေလိုက်ပါ။ ရှုံးနိမ့်လျှင်လည်း သူတစ်ပါးကို မညည်းတွားပါနှင့်၊ ကိုယ့်ဘာသာ အခန်းတံခါးပိတ်ပြီး နဲ့မှုတ်နေလိုက်ပါ...တဲ့''

အဲလိုရွတ်ပြလိုက်ပြီး ကျွန်တော်က ဟဲခနဲရယ်တယ်။ ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး သူကလည်းဟက်ဟက်ပက်ပက် လိုက်ရယ်ပါတော့တယ်။

အိုး...ထာဝရရယ်။

သူနဲ့ ကျွန်တော့်အကြားမှာ အကွာအဝေးသိပ်မရှိတော့ပါ





လား။ ကျွန်တော့်ရင်ခုန်သံ မြန်လာတယ်။

''ထိပ်ထား၊ အဲ...ထာဝရ''

''ဘာလဲ...''

''နင့်ဆီက ငါကြားရမယ့် အဖြေစကားတစ်ခွန်း ရှိသေးတယ်။ ငါစောင့်နေတယ်၊ အဲဒီစကားကို ငါခရာမှုတ်ပြီး ကြိုရမှာလား၊ နဲ့မှုတ်ပြီး ကြိုရမှာလားဟင်...''

''အို...''

ဘာမှ ပြန်မပြောပါလား။ သူ ခေါင်းကလေး ငုံ့ထားတယ်။ သူ့မျက်နှာပေါ်က 'ချစ်သူဘာသာဗေဒ'ကို ကြိုးကြိုးစားစားလိုက်ဖတ်ရတာ နည်းနည်းလေးတော့ ခက်နေသေးတယ်။

⚜

နိုလာ-စာပေ
B-ဆောင်(A)၊ တိုက်(၁၅)၊ အခန်း(၀၀၄)
ဖုန်း- ၅၉၃၀၂၃

## အခန်း[၁၃]

## တိုးတိုးညင်ညင်

ပဒေဝ-[illegible]
(၃၀၀) [illegible] (A) [illegible]
[illegible]

တစ်ခါက နေမကောင်းတဲ့ ကြက်မတွေရှိရာကို ကြောင်တစ်ကောင်က ဆေးဆရာဟန်ဆောင်ပြီး လာတယ်။

တံခါးခေါက်ပြီး အော်ပြောတယ်။

'ဆေးကုပေးဖို့ လာပါတယ်' တဲ့။

ကြက်မတွေက ပြန်ပြောတယ်။ 'ရှင်ပြန်သွားရင် ကျွန်မတို့ နေကောင်းသွားကြမှာပါ' တဲ့။

[ကျွန်တော်ဆိုရင်တော့
တစ်ခွန်းတည်း ပြောမယ်။
'ဆေးဆရာမှန်ရင်...
'ညောင်...' လို့ အော်ပြပါ'။]

''ကျွန်တော်က အသီးအရွက်မစားဘူး၊ အသီးအရွက်ထက် စာရင် အသားကိုပဲ စားတယ်၊ အသားထဲမှာ အဆုတ်ကို ကြိုက်တယ်၊ အမြဲလိုလို စားလေ့ရှိတယ်''

ဘယ်သူ့အသံပါလိမ့်။ တံခါးဝကနေ ရပ်စဉ်းစားသေးတယ်။ ဖော်ကြည့်လို့ မရဘူး။ အဲဒါနဲ့ပဲ အခန်းထဲဝင်လိုက်တယ်။

အသံရှင်ဟာ ကျွန်တော်ထင်မထားတဲ့ လူပါပဲ။ ဝေလင်း ဖြစ်နေတယ်။

''သြ...''

''ဟော...''

အခန်းထဲ ကျွန်တော်ဝင်လိုက်တော့ ဝေလင်းနဲ့အေးလွင်ဆီက အာမေဋိတ်သံတွေ ထွက်ကျလာတယ်။ ကျွန်တော့်အိမ်ပါ။ ဧည့်ခန်းမှာ အေးလွင်နဲ့ ဝေလင်းတို့ ထိုင်စကားပြောနေကြတယ်။

တစ်ခါမှ မမြင်ဖူးတဲ့ မြင်ကွင်းမျိုးပဲ။ ကျွန်တော့်စိတ်ထဲမှာ လည်း အံ့သြနေမိတယ်။

ဝေလင်း ဘာလာလုပ်တာလဲ။ အေးလွင်က ဆီးပြောတယ်။

"မင်းကို စောင့်နေတာကွ၊ ကိုဝေလင်း ရောက်နေတာ တောင် တစ်အောင့်လောက် ရှိသွားပြီ"

အေးလွင်ကတော့ လာနေကျပါ၊ သိပ်မထူးဆန်းပါဘူး...။ ကျွန်တော်က ဝေလင်းရှေ့က ကုလားထိုင်မှာ ထိုင်လိုက်တယ်။

"ဆိုပါဦး...ဘာကိစ္စများတုံး"

ဝေလင်းက ကျွန်တော့်ကို ရှုးသိုးသိုးနဲ့ ကြည့်တယ်။

"မင်း လျှောက်လျှောက်ပြောနေတယ်ဆို..."

သူ့စကားကို ကျွန်တော်မှ နားမရှင်းဘဲ ပြန်မေးလိုက်တယ်။

"ဘာပြောတာလဲ..."

"ငါတို့အိမ်မှာ ဗီဒီယိုအပြာကား ငှားတယ်ဆိုပြီး လျှောက်လျှောက်ပြောနေတယ်ဆို၊ ငါ့ဆေးဆိုင်မှာ လာလာမေးနေကြတယ်၊ ငါ ဒိုင်ခံဖြေရှင်းနေရတယ်"





"ဩော်..."

ကျွန်တော် နှာခေါင်းကို ပွတ်နေလိုက်မိတယ်။

ဟုတ်ပါရဲ့...၊ ဝေလင်းကို ရယ်ပြလိုက်ရတယ်။

"ဩော်...ငါက ဘာရယ်မဟုတ်ပါဘူး၊ နောက်လိုက်တာပါ"

ဝေလင်းက ကျွန်တော့်ကို ရှုးသိုးသိုးနဲ့ ကြည့်နေတုန်းပဲ။

"ဒီလိုကွာ..."

အစချီပြီး ကျွန်တော်ရှင်းပြရတယ်။ လေပြေလေးထိုးလို့ပေါ့။

တချို့လူတွေက ကျွန်တော့်ဆီမှာ ဗီဒီယိုအပြာကား လာလာငှားကြပါတယ်။ ကျွန်တော့်ဆိုင်မှာ အဲဒါမျိုးကားတွေ မရှိပါဘူး။

နီးစပ်တာဆိုလို့ ဝေလင်းတို့အိမ်မှာ 'ကက'အပြာရောင် တစ်စီးရှိပါတယ်။ ကားအပြာလည်းဖြစ်၊ အငှားလိုက်တဲ့ တိုက်စီလည်း ဖြစ်လို့၊ အပြာကားငှားချင်ရင် အဲဒီအိမ်ကိုသွားလို့ လက်ညှိုးထိုးပြလိုက်တာပါ။

ကိုယ်က ရိုးရိုးနောက်မိတာပါ၊ သူ့အတွက် အနှောင့်အယှက် ဖြစ်နေတယ်ဆိုရင်တော့ လွန်သွားတာပေါ့။ ကျွန်တော် တောင်းပန်ရမှာပေါ့။

"အဲဒီလိုဖြစ်သွားတာ ဝေလင်းရေ၊ ဆောရီး...ဆောရီးကွာ"

အေးလွင်က မျက်လုံးပြူးနဲ့ ကျွန်တော့်ကိုလှမ်းကြည့်ပြီး…

''မင်းကတော့ အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ''လို့ ပြောတယ်။

ကျွန်တော် ရယ်ပဲ ရယ်နေလိုက်တယ်။ နောက်မှ သတိရပြီး အိမ်ခန်းထဲက စာတစ်စောင်ကို ဝင်ယူလိုက်တယ်။ အဲဒီစာအိတ်ကို ဝေလင်းရှေ့ ပစ်ချပေးလိုက်တယ်။

''မင်းစာကွ၊ မနက်က ငါ့ဆီကို မှားရောက်လာတာ''

သူက စာကို သေသေချာချာကြည့်ပြီး သူ့အိတ်ထဲ ထည့်ပါတယ်။ ''သူ့စာပါ''ဆိုတဲ့သဘောနဲ့ ကျွန်တော့်ကို ခေါင်းကြီး ညိတ်ပြတယ်။ ကျွန်တော်ကလည်း ''ဟုတ်ရင်ယူသွားပေါ့ကွာ''ဆိုတဲ့ သဘောနဲ့ ခေါင်းပြန်ညိတ်ပြလိုက်ပါတယ်။

ဒါပေမယ့် ခက်တာက…

ဝေလင်းဆိုတဲ့ကောင်က မပြန်သေးဘူး။ ငုတ်တုတ်ကြီး ဆက်ထိုင်နေတယ်။

ကျွန်တော်ကလည်း သူ့ကိုပြောစရာ ဘာစကားမှ မရှိဘူး။ ငူငူကြီး ဆက်ထိုင်နေလိုက်တယ်။

ခဏအကြာမှာ ဝေလင်းက…

''ဟို…''





ဒါပေမယ့် သူ့စကားကို မပြောလိုက်ရဘူး၊ မဂ္ဂဇင်းဖတ်နေတဲ့ အေးလွင်က အသံပြကြီးနဲ့ ကျွန်တော့်ကို လှမ်းမေးတယ်။

''ဟေ့ကောင် လင်းဝေ''

''ဘာလဲ''

''ဒီမဂ္ဂဇင်းထဲမှာရေးထားတဲ့ မင်းရဲ့ကဗျာကို ငါ နားမလည်ဘူး…''

''အဲဒါ ဘာဖြစ်လဲ''

''ဟင်…''

အေးလွင် ကြောင်သွားပါတယ်။ ပြီးမှ…

''ဟ…နားမလည်တဲ့လူကို ရှင်းပြဖို့ မင်းမှာ တာဝန်ရှိတာပေါ့ကွ''

ကျွန်တော်က တစ်ဆင့်လျှော့ပေးလိုက်တယ်။

''ပြောပါဦး၊ မင်းက ဘာကို နားမလည်တာလဲ''

အေးလွင်က ကဗျာကို သေသေချာချာ မျက်လုံးပြူးကြီးနဲ့ ပြန်ကြည့်တယ်။ ခေါင်းပြန်မော့လာတယ်။

''ဒီမှာ… ဒီစာသားကို ငါနားမလည်ဘူး''

''ပြော…ဘာစာသားလဲ''

''ရေတစ်ပိုင်း၊ မီးတစ်ပိုင်းဆိုတာ နားမလည်ဘူး''

''ဩော်...အဲဒါလား၊ ဒီလိုကွ''

''အင်း...ရှင်းစမ်းပါဦး''

''ရေလည်းဖြစ်တယ်၊ မီးလည်းဖြစ်တယ်ကွာ၊ အငွေ့တထောင်းထောင်းထနေတဲ့ ရေနွေးကို ပြောတာ''

''ဟင်...''

သူ မယုံကြည်နိုင်လောက်အောင် ဖြစ်နေပါတယ်။

(မယုံတာ မှန်တာပေါ့။)

ကဗျာကို မျက်မှောင်ကြီးကြုတ်ပြီး ပြန်ဖတ်နေတယ်။ အသံထွက် ရွတ်တယ်။

''ဒီမှာ... ငါ ရွတ်ပြမယ်''

အဲဒီအပိုဒ်ကို ရွတ်တယ်။

'ရေတစ်ပိုင်း မီးတစ်ပိုင်းနဲ့

ချစ်သူအပေါ်

ငါဟာ ရိုင်းခဲ့ဖူးတယ်'တဲ့။ အဲဒီအတိုင်းဆို မင်းကဗျာက ဘာအဓိပ္ပါယ်လဲ''

ကျွန်တော် စိတ်ပေါက်ပေါက်နဲ့ ပြန်ပြောလိုက်တယ်။

''ငါ့ရည်းစားကို ငါ ရေနွေးပူနဲ့ လောင်းလွှတ်လိုက်တာ အဲဒါကို ပြောတာ''





အေးလွင်က ကျွန်တော့်ကို မိုက်ခဲထွန်းရွှေလို ကြည့်ပါတယ်။

''မင်းက ငါ့ကို အနုပညာမခံစားတတ်ဘူး ထင်လို့လား''

''အဲဒါဆို ခံစားလိုက်ပေါ့ကွာ၊ တစ်ခါတစ်ခါ နားလည်အောင် ကြိုးစားဖို့မလိုဘူး၊ နားမလည်တဲ့အတိုင်း တိုက်ရိုက်ခံစားလို့ရတယ်''

''မင်း...ဟို၊ 'မီးတောက်ရစ်သမ်'လို ကဗျာမျိုးဆို ငါ အရမ်းကြိုက်တာ''

အဲဒီအချိန်မှာ ကျော်တင့်ရောက်လာလို့ စကားဝိုင်းရပ်သွားတယ်။ စကားဝိုင်းကို ပြန်အသက်သွင်းဖို့ ကြိုးစားတာက ဝေလင်းပါ။

''ငါ...ဟို''

ဒါပေမယ့် သူ့စကားကို ဆက်ပြောခွင့် မရလိုက်ဘူး။ ကျော်တင့်က သူ့လာရင်းကိစ္စကို ကျယ်လောင်ကျယ်လောင်ပြောတယ်။

''လင်းဝေ...မင်း မကောင်းဘူးကွာ''

ကျွန်တော်က အံ့ဩပေးလိုက်တယ်။

''ဟေ...ဘာဖြစ်လို့လဲ''

''ငါ့တူမလေးအတွက် စာစီစာကုံးရေးပေးပါဆိုတာ မင်း ဘာတွေရေးပေးလိုက်လဲ''

''စာစီစာကုံးပဲလေ...''

ကျော်တင့်က ကျွန်တော့်ကို စောစောက အေးလွင်ကြည့်သလိုမျိုး ကြည့်ပါတယ်။ အေးလွင်က ဝင်မေးတယ်...။

"ဘာတွေ ရေးပေးလိုက်လို့လဲ"

ကျော်တင့်ကလည်း ပြောချင်နေတာပါ။

"ငါ့တူမလေးအတွက် စာစီစာကုံး ရေးခိုင်းတာကွ၊ စာစီစာကုံးနာမည်က လပြည့်ည...တဲ့"

"အေး...အဲဒါကို ဒီကောင်က ဘာတွေရေးပေးလိုက်လို့လဲ"

"ဒီမှာ ငါရွတ်ပြမယ်"

ကျော်တင့်က စောစောက အေးလွင်ရွတ်သလိုပဲ ရွတ်ပြန်ပါတယ်။

"အမရကောသ အဘိဓာန်ကျမ်းအရ လမင်းကို 'ဂေါလ'ဟု ခေါ်သည်။ ဂေါမစွဲသူများက လမင်းကိုကြည့်ပြီး ဟိုလူ့အပြစ်တင်၊ ဒီလူ့အပြစ်တင် လုပ်လေ့ရှိသောကြောင့် 'ဂေါလ'ဟု တွင်ခြင်းဖြစ်သည်"

အဲဒီလောက်ပဲရွတ်ပြီး သူက ဆက်မရွတ်တော့ဘူး။ ဒါပေမယ့် အနေအထားကို အားလုံး သဘောပေါက်သွားကြပြီ။

ကျွန်တော်ကတော့ အေးအေးဆေးဆေးပါပဲ။





"မင်းတို့ကို စောင်းရေးတာမှ မဟုတ်ဘဲ"

"အောင်မာ..."

အဲလိုကျတော့လည်း သူတို့ မခံချင်ဘူး။ ကျွန်တော်ရယ်နေလိုက်တယ်။ အဲဒီအချိန်မှာ ဝေလင်းက သူ မပြောလိုက်ရတာ နှစ်ခါ ရှိပြီဖြစ်တဲ့ စကားကို မှတ်မှတ်ရရ ပြန်'တင်'ပါတယ်။

"ဟို...လင်းဝေ"

ကျွန်တော်က သူ့ကို စိုက်ကြည့်လိုက်တယ်။

"ပြောလေ..."

အရေးထဲမှာ သူက ထစ်နေသေးတယ်။

"ဟိုဟာကွာ...၊ ဟိုဒင်း..."

"ပြောပြော...အားမနာနဲ့၊ မင်းပြောချင်တာကို ပြော"

"ဟို...ငါနဲ့ ထာဝရအကြောင်း ပြောမလို့"

ကျော်တင့်နဲ့ အေးလွင်တောင် မျက်နှာတွေ တစ်မျိုးဖြစ်သွားကြတယ်။ ကျွန်တော်ကတော့ ဘာမှမဖြစ်သလို ခေါင်းကိုမော့ပြီး ရယ်လိုက်တယ်။

"ဒါများကွာ၊ ဘာပြောမလို့လဲ...ပြော"

"ငါနဲ့ ထာဝရက စေ့စပ်ထားကြတာတော့ မဟုတ်ဘူး၊ ဒါပေမယ့် လူကြီးချင်း သဘောတူထားကြတယ်"

"အင်း...အဲဒီတော့"

"အဲဒါပါပဲ...မင်းသိအောင် ပြောတာ"

"အေး...အေး၊ ကျေးဇူးပဲ"

စကားဝိုင်းက တိတ်သွားတယ်။ ဝေလင်းလည်း အူကြောင်ကြောင် ဖြစ်နေတယ်၊ ကျော်တင့်နဲ့အေးလွင်က ဘေးကနေ အကဲခတ်သလို ရှိနေကြတယ်။

"နောက်ပြီး..."

ဝေလင်းက ဆက်ပြောတယ်။

"ခုန မင်းမလာခင် ကိုအေးလွင်က ပြောတယ်၊ မင်းရဲ့ မီးတောက်ရစ်သမ်ဆိုတဲ့ ကဗျာတစ်ပုဒ်က အရမ်းကောင်းဆိုပဲ၊ ငါ့ကို ခဏပေးဖတ်လို့ ရမလား"

ကျွန်တော်တောင် မျက်လုံးကျယ်သွားတယ်။

"ရပါတယ်၊ ရပါတယ်"

အဲဒီကဗျာစာရွက်ခေါက်ကလေး သူ့ကို ယူပေးလိုက်တယ်။

"ကျေးဇူးပဲ၊ ကျေးဇူးပဲ"

ခဏအကြာမှာ သူပြန်သွားတယ်။ ခေါင်းခါပြီး ကျန်ရစ်ခဲ့တဲ့ ကျွန်တော့်ကို ကျော်တင့်က...

"ကဲ...ဘယ်လိုလဲ လင်းဝေ"





"ဘယ်လိုမှ မလဲဘူး၊ ထာဝရဆိုတဲ့ ကောင်မလေးကို ပုဂ္ဂလိကပိုင်ဖြစ်ဖို့အတွက် ငါ ကြိုးစားရတော့မယ်"

"သနားပါတယ်...၊ ဝေလင်းက မင်းကို ကောင်းကောင်း မှန်မှန်တော့ ဆက်ဆံရှာသားပဲ"

အေးလွင်က ဝင်ပြောတယ်။

"ဒီကောင်က ကောင်းလိုက် မကောင်းလိုက်ဖြစ်နေတာကြီး၊ မုန်းရခက်တယ်"

"ငါမလာခင်က မင်းကို သူပြောနေတာ မဟုတ်လား၊ သူက အဆုတ်အရမ်းကြိုက်ဆို..."

"ဘာဆိုင်လဲကွ..."

"ဆိုင်တယ်...လူသားအဆုတ်နဲ့ သူအသက်ရှူနေတဲ့ အချိန်မှာတော့ သိပ်မဆိုးလှဘူး၊ တိရစ္ဆာန်အဆုတ်တွေနဲ့ သူ အသက်ရှူတဲ့ အချိန်မှာတော့ တောပြောတောင်ပြော၊ ဟိုလုပ်သည်လုပ်နဲ့"

ပြီး...ကျွန်တော်ပြုံးနေမိတယ်။ ဝေလင်းဟာ ကျွန်တော့်ဆီကို လူကြီးလူကောင်းဆန်ဆန် လာသွားတာပါပဲ။ 'ညောင်'လို့ တစ်ချက်ပဲ အော်သွားတယ်။

# အခန်း[၁၄]

## အပေးအယူ

ဆာလောင်နေတဲ့ဝံပုလွေက သိုးအုပ်ထဲကို သိုးရေခြုံပြီးဝင်နေတယ်။ သူအကြံနဲ့ သူပေါ့။

ဒါပေမယ့် နည်းနည်းလေး ကံခေသွားတယ်။ ဆာလောင်နေတဲ့ သိုးကျောင်းသားက သတ်စားသင့်တဲ့ သိုးတစ်ကောင်လို့ ထင်ပြီး သူ့ကို ဓားနဲ့ လာထိုးလိုက်တယ်။

[မကျန်းမာတဲ့ သိုးတစ်ကောင်လို့ထင်ပြီး မြက်နုနုလေးတွေ လာကျွေးမှာထက်စာရင်တော့ တော်ပါသေးတယ်။ ဓားနဲ့သာ အထိုးခံလိုက်ပါ ဝံပုလွေရယ်၊ မြက်ကိုတော့ မစားပါနဲ့။]

''ငါ့ကြီးတော်ကြီးနဲ့ကတော့ မလွယ်ပါဘူးဟာ...''

သူက ညည်းညည်းညူညူ ပြောပါတယ်။

''ခုမှ သိသလား''

''သိတာတော့ ကြာပြီပေါ့ဟာ...''

''သိတာတော့ကြာပြီ၊ ခုမှ ရင်းနှီးတာ ဟုတ်လား''

သူ ကျွန်တော့်ကို မျက်စောင်းလှဲ့လှဲ့ ထိုးပါတယ်။

''စိတ်ရှုပ်ရတဲ့ကြားထဲ နင်ကလည်း တစ်မျိုး''

ကျွန်တော် ရယ်ကျဲကျဲ လုပ်နေလိုက်တယ်။

''နင့်ကြီးတော်ကြီးက မလွယ်ဘူးဟ၊ စကားအရမ်းများ

တယ်''

သူက ခေါင်းလေးညိတ်ပြတယ်။

''သူများကို မကောင်းပြောဖို့ဆိုရင် သူ့ပါးစပ်က အရမ်း သွက်တာပဲ၊ သူ့အသံကိုလည်း လူကြားအောင် အမြဲလုပ်တတ်တယ်''

ကျွန်တော်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး...

''အင်း...အရင်ဘဝက ဝေဖန်ရေးဆရာ ဖြစ်ခဲ့သလားမှ မသိတာ''

သူဘာမှ ပြန်မပြောဘူး။ ကျွန်တော်က စကားစကို ဆက်ဆွဲ ထုတ်ပေးလိုက်တယ်။

''အသက်ကြီးလာတော့လည်း အဲဒီလိုပေါ့ဟာ...''

အဲဒီစကားကို သူက လက်မခံပါဘူး။

''အသက်ကြီးတာနဲ့ ဒီလိုဖြစ်ရရောလားဟ''

''ဒီလိုရှိတယ်ဟ''

သူက ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေပါတယ်။ အဲဒါနဲ့ ကျွန်တော်က တည်တည်တံ့တံ့ ဆက်ပြောရတယ်။

''လူတွေကဟာ... အသက်ကြီးလာရင် သေရမှာကို ကြောက်တယ်၊ အဲဒီစိတ်က တစ်ဖက်ရှိတယ်။ နောက်တစ်ခါ သေ မှာကို ကြောက်လည်း မကြောက်ချင်ဘူး၊ ငယ်ငယ်ရွယ်ရွယ်တွေက





သေရမှာ ကြောက်တယ်ဆိုရင် ဟုတ်သေးတယ်၊ လူပြည်မှာ အကြာကြီးနေလာတဲ့ သူတို့လို အိုအိုမင်းမင်းကြီးတွေကတော့ သေဖို့ကို ကြောက်ရင် သိပ်မတရားဘူး၊ အဲဒီစိတ် အဲဒီအသိကလည်း တစ်ဖက်ရှိတယ်...''

သူက မျက်မှောင်လေး ကြုတ်နေပါတယ်။

''အဲဒီတော့...''

''အင်း...အဲဒီတော့၊ နင့်ကြီးတော်ကြီး စိတ်တိုတာပေါ့ဟာ''

''ဟင်...ဘာဆိုင်လို့လဲ''

''အဲဒီစိတ်နှစ်ခုကြားမှာ နင့်ကြီးတော်ကြီး ဗျာများပြီး ဟိုအော် ဒီအော် ဖြစ်နေတာပေါ့''

''ဩော်...ဒီလိုလား''

''အေး...ဒီလို''

သူက သူ့နားသယ်စပ်က ဆံပင်လေးကို လက်နဲ့သပ်တင်ပါတယ်။ တွေးတွေးဆဆနဲ့ ကျွန်တော့်ကို ထပ်မေးတယ်။

''အဲဒါဆို...အဲဒီစိတ်နှစ်ခုကြားမှာ ဗျာမများရအောင် ငါ့ကြီးတော်ကြီးက ဘယ်လိုလုပ်ရမတုံး''

''အဲ...''

ခက်တော့တာပါပဲ။ ကျွန်တော်လည်း မဖြေတတ်တော့ဘူး။

တစ်ခုတော့ စဉ်းစားမိတယ်။

သေမင်းကို ကြောက်လည်းကြောက်တယ်၊ မကြောက်သင့်ဘူးဆိုတဲ့အသိလည်း ရှိတယ်။ အဲဒါဆိုရင်…

'ဘာကိုမှ ဂရုမစိုက်ဘူးဟေ့'ဆိုတဲ့ မျက်နှာထားမျိုးနဲ့ပေါ့။ မျက်စိထဲမှာ မြင်ယောင်ရင်း ကျွန်တော်ရယ်ချင်သွားတယ်။

''လင်းဝေ''

သူက ကျွန်တော့်ကို ခပ်စူးစူးလေးကြည့်ရင်း ခေါ်တယ်။

''ဟေ…''

''နင် ဘာပြုံးနေတာလဲ''

''မပြုံးပါဘူး''

''ပြုံးပါတယ်၊ နင် တစ်ယောက်တည်း ပြုံးနေတာ၊ ဘာကိုပြုံးတာလဲ''

''ဩော်…ဘာမှ မဟုတ်ပါဘူး''

''ဘာလို့ ဘာမှမဟုတ်ရမှာလဲ…ပြော''

စကားလွှဲလိုက်တယ်။

''ဘာမှမဟုတ်ပါဘူး၊ ဝေလင်းအကြောင်း စဉ်းစားမိလို့ပါ''

''ဝေလင်းအကြောင်း…ဟုတ်လား''

''အင်း…''





သူ့အတွက် ထူးဆန်းနေပုံရပါတယ်။

''ဝေလင်းက ဘာဖြစ်လို့လဲ''

ကျွန်တော်က နှာခေါင်းလက်နဲ့ပွတ်ရင်း…

''ဩော်…ဒီကောင်ကဟာ တွေ့လိုက်ရရင် သူ့ခွေးကြီးနဲ့''

''အဲဒါ ဘာဖြစ်လဲ''

''ဖြစ်တယ်ဟ၊ သူ့ကိုယ်ပေါ်မှာကလည်း အမြဲတမ်း အထုပ်တွေ အပိုးတွေနဲ့''

သူက ထပ်မေးပါတယ်။

''အဲဒါ ဘာဖြစ်လဲ''

''ဖြစ်တော့ ဖြစ်တာပေါ့ဟ၊ အမှတ်တမဲ့ကြည့်ရင် ဘယ်သူက သခင်လဲလည်း မသိဘူး…''

သူက ခစ်ခနဲတစ်ချက်ရယ်ပါတယ်၊ ကျွန်တော့်ကို နှာခေါင်းလေးရှုံ့ကြည့်နေပြီး…

''နင်ကတော့ မလွယ်ပါဘူး''

''အေး…ဟုတ်တယ် မလွယ်ဘူး၊ ဒါပေမယ့် ခက်လည်း မခက်ပါဘူး''

သူက တစ်စုံတစ်ခုကို သတိရလိုက်သလိုမျိုး ဖြစ်သွားပြီး ပြောတယ်။

''နင်ပြောတာတွေ လျှောက်နားထောင်ပြီးမှ ညဘက် လမင်းလေးကြည့်ရတာတောင် မကောင်းတော့ဘူး''

ဒီတစ်ခါကျတော့ ကျွန်တော်က ပြန်မေးရပါလေရဲ့။

''ဘာဖြစ်လို့လဲ''

သူက သူ့ဆံပင်လေးတွေ ခါခနဲဖြစ်သွားအောင် ပြန်ဖြေပါတယ်။

''အိုး…နင်ပဲ ပေါက်ကရတွေလာပြောထားပြီးတော့၊ ငါ့မှာ လမင်းကိုကြည့်ရင်တောင် စွပ်ကျယ်ကြီးဝတ်လျက် မြင်နေတယ်၊ ရယ်ရခက် ငိုရခက်နဲ့''

ဟုတ်တာပေါ့။ လမင်းက ကောင်းကင်ပေါ်မှာ စွပ်ကျယ်ကြီးဝတ်ပြီး ခပ်တည်တည် တက်ထိုင်သလိုဖြစ်နေရင်တော့ ကြည့်ရတာကဗျာမဆန်ဘူးပေါ့။

ညကပဲ ကျော်ကင့်ကလည်း ပြောတယ်။ ''မင်းနဲ့ပေါင်းရတာ လမင်းကိုတောင် မော့မကြည့်ရဲတော့ဘူး၊ ဂေါ်မစွံကြီးမို့လို့ မော့ကြည့်နေတယ် ထင်မှာစိုးတယ်''တဲ့။ အဲဒါကို သတိရပြီး ကျွန်တော် ရယ်ချင်လာပြန်ရော။

သူက ဆောင့်ကြီးအောင့်ကြီး အော်ပါတယ်။

''လင်းဝေ''





''ဟင်…''

''နင်တစ်ယောက်တည်း ပြုံးနေပြန်ပြီ''

သူများတကာ ကိုယ့်ဘာသာပြုံးတာကို ဒီကောင်မလေး နောလို လိုက်ဖြစ်နေတယ်။

''လင်းဝေ…''

''ဘာလဲဟ''

''နင်ဘာတွေ တစ်ယောက်တည်းပြုံးနေရပြန်တာလဲ''

''ဘာဖြစ်လဲဟ၊ ကိုယ့်ဘာသာကိုယ် ပြုံးတော့…''

''မရဘူး၊ ပြော…ပြော၊ ဘာကိုပြုံးတာလဲ ပြော''

ရော်…အတင်းကြီးပါလား။ ပေကပ်ကပ်မျက်နှာထားနဲ့ ပြန်ပြောလိုက်တယ်။

''တစ်ယောက်တည်းပြုံးတာကို နင် မကြိုက်ဘူးလား''

သူက စူပွပွပြန်ဖြေတယ်။

''မကြိုက်ဘူး…''

''ဒါဖြင့် နှစ်ယောက်တွဲပြုံးမယ်''

အဲလို ကျွန်တော်စိန်ခေါ်တော့ သူ့မျက်နှာက ပြုံးစိစိဖြစ်လာတယ်။ ဒါပေမယ့် သူကလည်း အလျှော့မပေးဘူး။ ကျွန်တော့်စိန်ခေါ်ချက်ကို လက်ခံလိုက်တယ်။

''အေး…ပြုံးမယ်''

''နှစ်ယောက်တွဲနော်''

''အင်း…''

''တစ်ပြိုင်တည်းနော်''

''အင်း…''

သူ့ကို စိုက်ကြည့်တော့ သူက ကျွန်တော့်ကိုပြန်စိုက်ကြည့်တယ်။ ကျွန်တော်က ဖြည်းဖြည်းချင်း တိုင်ပေးလိုက်တယ်။

''တစ်…''

''နှစ်…''

''သုံး…''

''ဟီး…''

''အဟီး…''

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ပြိုင်တူပြုံးလိုက်ကြတယ်။ ပြီးမှ သဘောကျပြီး ဝါးလုံးကွဲ ထရယ်လိုက်ကြတယ်။

ရယ်သံတွေက တော်တော်နဲ့မဆုံးဘူး၊ ရယ်သံလည်းဆုံးရော တစ်ယောက်ကိုတစ်ယောက် ထောမနာပြုမိကြပါလေရော။

''ငပေါ…''





''ငပေါမ…''

''အရူး…''

''အရူးမ…''

ကံကောင်းထောက်မစွာ အဲဒီအချိန်မှာပဲ ဆွေဆွေရောက်လာပါတယ်။ သူ့အစ်ကို နိုင်ငံခြားကပို့လိုက်တဲ့ဖိနပ်ကို စီးလာပါတယ်။ ခြေထောက်ကို မြှောက်မြှောက်ပြီး လျှောက်လာလို့ သူ့ကို ကြည့်ရတာ ကော့လန် ကော့လန် ဖြစ်နေပါတယ်။

မရှေးမနှောင်းမှာပဲ ဝေလင်းလည်း သုတ်သီးသုတ်ပျာ ဝင်လာ ပါတယ်။ ထာဝရကို ကြည့်ပြီး…

''နင် ဘယ်တုန်းက ရောက်နေတာလဲ''

''ကြာလှပြီ''

ကျွန်တော်ကလည်း ဝင်ဖြေလိုက်တယ်။

''ငါလည်း ကြာလှပြီ''

ဝေလင်းက ကျွန်တော့်ကို လှည့်မကြည့်ဘူး၊ ထာဝရကိုပဲ ဆက်ပြောတယ်။

''ငါတောင် နင့်အိမ် ဝင်ခဲ့သေးတယ်''

''ဟုတ်လား၊ ကြီးကြီးနဲ့ တွေ့ခဲ့မှာပေါ့''

''အင်း…ထွက်သွားပြီဆိုလို့ အမြန်လိုက်လာတာ''

ပြီး… ဝေလင်းက ကျွန်တော့်ဘေးမှာ ဝင်ထိုင်ပါတယ်။ 'လင်းဝေဝေလင်း'ဖြစ်သွားပါတယ်။

နောက်ဘက်အခန်းထဲကနေ မသိမသာချောင်းကြည့်နေတဲ့ ဆရာက လူစုံတာတွေ့လို့ ထွက်လာပါတယ်။ ခပ်တည်တည်နဲ့ 'လူတောင် စုံနေပါရောလား…'လို့ ပြောပါတယ်။

နောက်တော့ အင်္ဂလိပ်ကဗျာတွေထဲမှာ တွေ့ရတတ်တဲ့ KHI ဆိုတဲ့ အလင်္ကာအကြောင်း ရှင်းပြပါတယ်။

တကယ်တမ်း စိတ်ဝင်တစားနားထောင်တဲ့လူက ကျွန်တော် တစ်ယောက်တည်း ရှိတယ်လို့ ထင်တာပဲ။ ကိုယ်က ကဗျာဆရာကိုး။

စာသင်ပြီးလို့ ပြန်ခါနီးမှာ ကျွန်တော်က ထာဝရကို တိုးတိုး ကလေး ကပ်ပြောပါတယ်။

"ဟိုစာထဲကအတိုင်းပဲ ငါ့ကို အဖြေပြန်ပေးပါတော့ဟာ"

"ဘာ…"

တိုးတိုးလေး ကပ်ပြောတာမို့လို့ ဘယ်သူကမှ မသိလိုက်ကြ ပါဘူး။ ဝေလင်းက စာတွေမပြီးသေးဘဲ အလုပ်ရှုပ်နေတုန်း ဆွေဆွေ ကကျတော့ သူ့ဖိနပ်ကို ကျွန်တော်က ဈေးကပ်မေးနေတယ်လို့ ထင်ပုံရတယ်။

အခွင့်အရေးကို ကျွန်တော်က လက်လွှတ်မခံဘူး။





**(နို့မို့ မြက်စားရကိန်း ဆိုက်လိမ့်မယ်။)**

"ဟိုစာထဲမှာ ရေးထားသလိုပဲ၊ ငါ့ကို နက်ဖြန်ခါ အဖြေ ပြန်ပေးပါတော့၊ အဲဒီနက်ဖြန်ခါကို ငါ သုံးနှစ်ကျော် စောင့်ခဲ့ရပါ တယ်"

ပြီး…အရင်ဆုံး ဆင်းလာခဲ့တယ်။

ကဗျာဆရာ လုပ်မှတော့ အသည်းကွဲရမှာကို ကြောက်မနေ သာတော့ပါဘူးလေ…။

နီလာ-စာပေ
ဗိ-လမ်း(A)၊တိုက်(၁၅)၊အခန်း(၀၀၄)
ဖုန်း- ၅၉၃၁၂၇

ပခုက္ကူ-ကြယ်မို
(၄၀၀)၊နှိုးဆော်(၁၃)လမ်း၊(A)ကွက်-မြ

# အခန်း [၁၅]

## ဝေဝေဝါးဝါး

ကမ္ဘာဦးက 'စွန်'တွေဟာ 'ငန်း'တွေလိုပဲ သီချင်းဆိုတတ်တယ်တဲ့။ မြင်းဟီသံကို လိုက်တုပမိတဲ့အချိန်ကပြီး သူတို့ဟာ ပင်ကိုယ်အသံ ပျောက်သွားကြတယ်တဲ့။

မြင်းလိုလည်း မဟီနိုင်တော့ဘူး၊

ငန်းလိုလည်း မအော်နိုင်တော့ဘူးတဲ့။

[သူကမှ မပြတ်သားခဲ့တာကိုး။ 'မြင်းလို ဟီမှာလား၊ ငန်းလို အော်မှာလား' ထပ်မေးချင်သေးတယ်၊ 'ကြာပွတ်ကို ကြောက်မှာလား လေးမြှားကို ကြောက်မှာလား'။]

ရင်ခုန်ရင်းနဲ့ပဲ ကျွန်တော်ပျော်နေမိတယ်။

ပျော်နေတဲ့ ကျွန်တော့်ကို ကျော်တင့်နဲ့ အေးလွင်တို့က နယ်ဇင်းသမားလိုလို ဘာလိုလိုနဲ့ အင်တာဗျူးကြပါတယ်။

''ကိုလင်းဝေခင်ဗျား''

''ဗျား...''

''ကိုလင်းဝေရဲ့စိတ်ထဲမှာ အခု ဘယ်လိုခံစားနေရပါသလဲ''

''ကျွန်တော့်ကဗျာထဲမှာ ရေးထားတဲ့အတိုင်းပါပဲ''

ထိပ်ထားရယ်...

ဖြစ်နိုင်မယ်ဆိုရင်

ဂန္ထဝင်ပန်းပုရုပ်မှာ

နန်းသုံးအကွာရာနဲ့ ခြယ်မှုန်း

နှင့်နာမည်လေး စာသုံးလုံးကို

စီရရီ သီကုံးပေးချင်တယ်...။

အဲဒီအတိုင်းပါပဲ ခင်ဗျား...။

(ရယ်သံများ)

မေး။ "အချစ်ဆိုတာကို ကိုလင်းဝေ ဘယ်လိုများ မှတ်ယူခံစား ပါသလဲခင်ဗျား..."

ဖြေ။ "ကျွန်တော့်ကဗျာထဲမှာ ပါပါတယ်ခင်ဗျ..."

မေး။ "ထာဝရဆိုတဲ့ကောင်မလေးက နက်ဖြန်ခါမှာ ကိုလင်းဝေ ကို ပြန်ချစ်မယ်လို့များ ယုံကြည်ပါသလား"

ဖြေ။ "ဒီနေရာမှာတော့ Wait and See Policy ကို သုံးရပါ လိမ့်မယ်၊ စောင့်ကြည့်ပြီးမှ ပြောနိုင်ပါမယ်"

မေး။ "တကယ်လို့ ချစ်တယ်ဆိုတဲ့အဖြေရခဲ့ရင် ကိုလင်းဝေ ဘာလုပ်မလဲဗျ..."

ဖြေ။ "ရှေ့ကျွမ်းတစ်ပတ်ထိုးပြီး ပြန်ခဲ့ပါ့မယ်..."





မေး။ "တကယ်လို့ မချစ်ဘူးဆိုတဲ့အဖြေရခဲ့ရင်ရောခင်ဗျား..."

ဖြေ။ "နောက်ကျွမ်းတစ်ပတ်ထိုးပြီး ပြန်ခဲ့ပါ့မယ်ခင်ဗျား..."

(ရယ်သံများ)

မေး။ "ကိုလင်းဝေက ကဗျာဆရာဆိုတာ ဟုတ်ပါသလားခင်ဗျား"

ဖြေ။ "ကြိုးစားဆဲအဆင့် ရှိပါသေးတယ်"

မေး။ "ခင်ဗျားရဲ့ကဗျာထဲက ထိပ်ထားကို ခင်ဗျား အတော်ချစ် သလား"

ဖြေ။ "အဲဒီကဗျာထဲမှာ ရေးထားပါတယ်။

'နှင့်အပေါ်ထားတဲ့ ငါ့ရဲ့ချစ်ခြင်းမေတ္တာဟာ

မိုးပေါ်ကို ဦးမော့ပြီး

ဝင်းပစွာ၊ လင်းမြတုန်ခါနေတဲ့

ရွှေဝါရောင် မီးတောက်မီးလျှံလိုပါပဲ...'လို့"

မေး။ "ကောင်းပြီ...ဒါဖြင့် အဲဒီရွှေဝါရောင်မီးတောက်မီးလျှံ အတွက် လောင်စာဟာ ဘယ်အရာဖြစ်မယ်လို ခင်ဗျား ထင်ပါသလဲ"

ဖြေ။ "ကျွန်တော်ကိုယ်တိုင် ဖြစ်ပါလိမ့်မယ်"

မေး။ "ကဗျာထဲကထိပ်ထားနဲ့ အပြင်ကထာဝရဟာ တစ်ယောက် တည်းလို့ ယူဆပါသလား..."

ဖြေ။ ''တစ်ယောက်တည်းတော့ မဟုတ်သေးပါဘူး''
(ပြုံးသနာပဲ)
(ကြည့်လည်းလုပ်ဦးနော်)

မေး။ ''ဒါဖြင့်ရင် သူတို့နှစ်ယောက် ဘာတွေကွဲပြားကြလဲ... ဘာတွေခြားနားကြလဲ...''

ဖြေ။ ''မတူသေးဘူးဆိုတာကလွဲရင် ဘာတွေကွဲပြားခြားနားတယ်ဆိုတာတော့ အကျယ်မပြောပြနိုင်သေးပါဘူးခင်ဗျာ''

မေး။ ''ထိပ်ထားအတွက် ကဗျာရေးခဲ့သလိုမျိုး၊ ထာဝရအတွက်ရော ကဗျာရေးဦးမှာလား''

ဖြေ။ ''သူ့ဘာသာ ဖြစ်ချိန်တန်ရင် ဖြစ်လာပါလိမ့်မယ်''

မေး။ ''ထိပ်ထားကို လွမ်းခဲ့ဖူးသလား''

ဖြေ။ ''ကျဆုံးတော့မယ် စစ်သူရဲအိုက
ငယ်ဘဝက ဓား နဲ့ ချစ်သူကို
ပြင်းရှစွာ သတိရလိုက်သလိုမျိုး
နင့်ကို ငါ သတိရနေတယ်...
... ... ....... ...
'လောကဓံဦးတုန်းက
အလွန်အကြူးသောက်ခဲ့တဲ့ အရက်တစ်ခွက်





ခုမှ စံပယ်ရွက်ပေါ်မှူးလဲ...
အသည်းကွဲတယ်ဆိုတာ...
သီချင်းလေးတွေ တိုးတိုးညည်းရင်းက...
ထိရှခဲ့တဲ့...သွေးမဲ့ဒဏ်ရာတစ်ချက်ပါ...
ထိပ်ထားကို အဲဒီလို...လွမ်းခဲ့ဖူးတယ်...''

မေး။ ''ထာဝရကိုရော ဘယ်လိုလွမ်းဦးမှာလဲ''

ဖြေ။ ''မရောင့်တက်နဲ့ကွာ...နိမိတ်မရှိ နမာမရှိ မမေးကြနဲ့..''
(ရယ်သံများ)

မေး။ ''မိန်းမတစ်ယောက်ရဲ့အမုန်းကို ခံရတာ ကြောက်စရာကောင်းတယ်လို့များ ယူဆပါသလား...''

ဖြေ။ ''ယူဆပါတယ်၊ အတော်ကို ကြောက်စရာကောင်းပါလိမ့်မယ်''

မေး။ ဒါဖြင့် မိန်းမတစ်ယောက်ရဲ့အချစ်ကို ခံရတာရော ဘယ်လိုနေမလဲ''

ဖြေ။ ''အင်း အဲဒါလည်း ကြောက်စရာကောင်းနိုင်တာပါပဲ''

မေး။ ''ကောင်းပြီ...ဒါဖြင့် နောက်ဆုံးမေးခွန်းကို မေးမယ်၊ ခင်ဗျားအနေနဲ့ မိန်းမတစ်ယောက်ရဲ့အချစ်ကို ကြောက်မလား၊ အမုန်းကို ကြောက်မလား''

ဖြေ။ "ဒီမေးခွန်းကို ကျွန်တော် မဖြေပါရစေနဲ့ခင်ဗျာ..."

(တိတ်ဆိတ်သွားကြ...)

✤



## အခန်း [၁၆]

## အပြယ်အာလွင့်

တစ်ခါက ဆိတ်တစ်ကောင်ကို စားခါနီးမှာ ဆိတ်ရဲ့ မြားယောင်း မြှောက်ပင့်မှုကြောင့်၊ ဝံပုလွေက ပလွေမှုတ်သတဲ့။ ဆိတ်က မသေခင်မှာ 'က' တယ်၊ ပလွေသံကြောင့် ခွေးတွေရောက်လာပြီး ဝံပုလွေကို ဝိုင်းလိုက်ကြတယ်။ ထွက်ပြေးလိုက်ရတဲ့ ဝံပုလွေက သူ့ဘာသာ မှတ်ချက်ချတယ်။

'သားသတ်သမား လုပ်ရမယ့်အချိန်မှာ ပလွေသမား မလုပ်သင့်ဘူး' တဲ့ . . .။

[ခွားကျောင်းသားလုပ်တဲ့အချိန်မှာတော့
ပလွေသမားလုပ်လို့ ရပါတယ်။
တစ်ခါတစ်ခါ
အနေအထားဆိုတာကို
ကိုယ့် စေတနာကလည်း ပြဋ္ဌာန်းတယ်။]

မနက်ဖြန်ခါဟာ အမှန်တကယ်ပဲ ရောက်ရှိလာခဲ့ပါပြီ။ ကျွန်တော့်ရင်ထဲကို တဝုန်းဝုန်းရွာချလိုက်တဲ့ မမြင်ရသောမိုးစက်များ၊ မိုးစွတ်သော မိုးစက်များ။ ဒါ့အပြင်...

အဲဒီမိုးနဲ့ ထိတွေ့သင်းပျံ့ခဲ့ရတဲ့ မရှုရှိုက်ရသော ပန်းရနံ့များ။

ကျွန်တော်ဟာ ထုတ်ချင်းပေါက် မျှော်လင့်နေမိတဲ့ လူသား တစ်ယောက်ပေါ့။

သူ့ရယ်၊ ကျွန်တော်ရယ်...

မှောင်ရီပျိုးစ ညခင်းကလေးမှာ ဆုံတွေ့ကြပါတယ်။ ညခင်း ဟာ အေးအေးသင်းသင်းနဲ့ လှပလွှမ်းရီလျက်ပါပဲ။ ကောင်းကင်မှာ

တိမ်ခိုးတိမ်မျှင်တွေ လွင့်မြူးနေတာကို အမှောင်ယူးယူးနဲ့ မြင်နေ
တယ်။

ပြီးတော့ ကြယ်ကလေးတွေ သူတို့ရဲ့အလင်းတန်းတွေကို ကျွန်တော့်အတွက် တစ်ခြမ်းစီ ပစ်ချပေးတယ်။ ကျန်တဲ့တစ်ခြမ်းကတော့ ကောင်းကင်ပေါ်မှာပဲ အားကုန်ပျက်ပြယ်သွားခဲ့ပေါ့။

ထာဝရ…

သူ…လှပါတယ်။

ဖားလျားချထားတဲ့ ဆံနွယ်မျှင်တွေက ပြူစားနိုင်တဲ့ စုန်းပျို တစ်ကောင်လို လှပလို့။

''လင်းဝေ…''

''ဟင်…''

''နင်က ငါ့ကို စပြောမှာလား၊ ငါကနင့်ကို စပြောရမှာ လား…''

''ငါ့ဘက်က ပြောပြီးပြီပဲဟာ၊ နင့်စကားကိုပဲ ကြားချင် တယ်…''

''ကောင်းပြီလေ…''

ကျွန်တော်တို့နှစ်ယောက်ကြားမှာ မီးပုံတစ်ပုံ ခြားပါတယ်။ မီးညွန့်တွေက တလွန့်လွန့်နဲ့ လွတ်လပ်လောင်ကျွမ်းနေကြတယ်။





ရွှေတဲ့ အလင်းဖန့်ဖန့်က ကျွန်တော်တို့နှစ်ယောက်ကြားမှာ ရှင်းသန့် ဝင်းနေတယ်။

ထာဝရ…။

သူ ဘာမှမပြောဘူး။ သူ အဝေးကို ငေးနေတယ်။ ကျွန်တော်က သူ့ကို ငေးနေတယ်။ ကျွန်တော်တို့ကိုရော ကြယ် ကလေးတွေက ငေးကြည့်နေသလား။

ခဏကြာမှ သူက စကားစတယ်။

''လင်းဝေ…''

''ပြောလေ…''

သူ့ခေါ်သံက နူးညံ့သိမ်မွေ့လှတယ်။ ဒါပေမယ့် အဲဒီနူးညံ့ သိမ်မွေ့မှုနောက်မှာ အရောင်၊ အနံ့၊ အရသာမရှိတဲ့ စွမ်းအင်တစ်ခု ပါလာသလိုပဲ။

''နင့်ကို ငါ အဖြေပြန်ပေးရမှာပေါ့…''

ကျွန်တော် ရှက်သလိုဖြစ်သွားတယ်။ ရင်ထဲမှာလည်း ခုန် တယ်၊ ဝင်သက်ထွက်သက်မှာတောင် အချစ်ဓာတ် နွေးနွေးကလေး နေသလို ခံစားရတယ်။

ကျွန်တော် စကားဆွံ့အနေတာကို မြင်တော့ သူက ရယ် တယ်။ သူ့ရယ်သံအောက်မှာ မီးပုံက တဟုန်းဟုန်းသက်ဝင် နိုးထ

လာတယ်။

"နင့်မှာ အရင်က ချစ်သူရှိခဲ့ဖူးသလား၊ လင်းဝေ…"

"… …"

"ဟင်…ဖြေလေ လင်းဝေ၊ ငါမေးနေတာ"

ကျွန်တော် ဘာကို ပြန်ဖြေရမှာလဲ။ ကျွန်တော့်အာရုံထဲမှာ တစ်စုံတစ်ရာကို မြင်ယောင်နေမိတယ်။

ထိပ်ထား…။

ကျောင်းရှေ့က စံပယ်ရုံနံဘေးမှာ။ ထိပ်ထား…သူမရဲ့ အပါးမှာ ကချေသည်တွေ မူးမိုက်လဲပြိုကျ။ ထိပ်ထား…ပန်းခူးရင် သီချင်းဆိုနေလိမ့်မယ်။ ထိပ်ထား…လေစီးထဲမှာ သူ့ဆံမျှင်တွ ဖွာဆန်လွင့်ကျဲ။ အို…

ကျွန်တော့်စိတ်အာရုံထဲမှာ ထိပ်ထားက ပိုးတဝါးရောက် ခိုဝင်လာတယ်။ ပိုးတဝါးဆိုပေမယ့် ပြတ်သားခိုင်ကျည်မှုလည် ရှိတယ်။

ကျွန်တော်…

စကားဆွံ့အ…

ထာဝရက ဆက်မမေးတော့။

ကျွန်တော်တို့နှစ်ယောက်ကြားက မီးပုံကို ငေးစိုက်ကြည့်နေ





တယ်။ မီးပုံက အစွယ်တမြားမြား ခုံးကြွလို့။

ခဏကြာမှ သူကပဲ စကားကို ဆက်ပြန်တယ်။

ညအမှောင်ကို နားစွင့်သလို ဟန်ပြရင်း…

"တစ်ခါတစ်ခါ…ညဘက်မှာ ဂစ်တာသံတွေ ကြားရရင် ပျော်တယ်၊ ဒါပေမယ့်…"

တစ်ချက်ရယ်တယ်၊ ပြီးမှ ဆက်ပြောတယ်။

"လကွယ်ညမှာကြားရတဲ့ ဂစ်တာသံတွေကိုတော့ ငါ မုန်းတယ်…"

အိုး…ဘာကြောင့်လဲ။ ကျွန်တော့်စိတ်ထဲမှာ ထိပ်ထားဟာ ဝေးချည်နီးချည်ဖြစ်နေပါတယ်။ ကျွန်တော့်အပါးက ပျောက်သွားလိုက်၊ ကျွန်တော့်နဲ့အတူ ရှိနေလိုက်။ ကသီကဝေ ကျွန်တော် သတိရလာတယ်။

သွေးနဲ့ယက်တဲ့ကတ္တီပါစလို နီလွှရှင်းတောက် ကြောက်ခမန်း လိလိလှပတဲ့နှလုံးသားက ဂီတသံစဉ်၊ နှင်းဆီဝိညာဉ်မှာတင်တဲ့ တမှည်း၊ လကွယ်ညရောက်တိုင်း ငါဂစ်တာတီးနေမယ်။ ကျွန်တော်က ဂစ်တာတီးတတ်တယ်။ လကွယ်ညတွေမှာ ဂစ်တာတီးနေကျ။

ကျွန်တော့်စိတ်တွေ ပွင့်ရင်း ကြွေရမလို။

သူ့စကားက တံတိုင်းတစ်ဖက်က လာသလို ကြားနေရ

တယ်။

''လင်းဝေ…''

''ဟင်…''

''နင် မိန်းမတစ်ယောက်ကို စွဲလမ်းခဲ့ဖူးတယ် မဟုတ်လား''

ကျွန်တော် ဘာမှ ပြန်မဖြေတော့။ သူက ဆက်ပြောတယ်။

''အဲဒီမိန်းမအကြောင်း နင် ကဗျာရှည်ကြီးတစ်ပုဒ်ကိုတောင် ရေးခဲ့သေးတယ်လေ…''

''သူက အပြင်မှာ တကယ်မရှိပါဘူး၊ ငါ့စိတ်ကူးနဲ့ ငါ ရေးထားတာ…''

ကျွန်တော့်ဖြေသံက ခြောက်ကပ်နေသလိုပဲ။ သူက ရယ်တယ်။ သူ့ရယ်သံနဲ့အတူ မီးတောက်ရဲ့ ရစ်သမ်သစ်က တရိပ်ရိပ် မြန်လာသလို ဖြစ်နေတယ်။

''ထားပါတော့၊ စိတ်ကူးထဲမှာပဲ ရှိရှိ၊ အပြင်မှာတကယ်ပဲ ရှိရှိ၊ နင် သူ့ကို သတိရနေတုန်းပဲလား''

သိုးကျောင်းသားရဲ့ ခံနိုင်ရည်နဲ့ နတ်ဘီးလူးတွေရဲ့ သတိရခြင်းမျိုးက ကျွန်တော့်ကို စီးမိုးခဲ့တာပဲလေ။ ထိပ်ထားကို ကျွန်တော် မေ့လို့မရတာကိုက ကဗျာပဲပေါ့။

ကျွန်တော်က ဘာကိုမှ ပြန်မဖြေဖြစ်သေးပါဘူး။ ထာဝရက





နှင်းဆီပန်းလေးတစ်ပွင့်ကို ထုတ်ကိုင်တယ်။ သူ့လက်ထဲမှာ လှည့်ပတ်ကြည့်တယ်။

(မီးတောက်ကလည်း နှင်းဆီပွင့်ကလေးကို သူ့ရဲ့ သွားရှည်ချွန်ချွန်ကြီးတွေနဲ့ လှမ်းလှမ်းဟပ်တယ်။)

ရုတ်တရက်…

သူက နှင်းဆီပွင့်ကလေးကို မီးတောက်ထဲ ပစ်ချလိုက်တယ်။

''ဟင်…''

ကျွန်တော်…ထိပ်ထား…ထာဝရ။

အခုလို လှပအေးစက်နေတဲ့ညမျိုးမှာ ကျွန်တော်ပျိုးထားတဲ့ နှင်းဆီဟာ ကြယ်တစ်ရာခြံရံပြီး ကြွေကျသွားခဲ့ဖူးတယ်။ ထိတ်လန့်တကြား မိုးပေါ်ကို မော့ကြည့်မိတယ်။ ကြယ်တွေ အုပ်စုလိုက်ကြွေကျသာတာကို မြင်လိုက်ရသလိုပဲ။

ကဗျာကယာ အကြည့်လွှဲလိုက်တယ်။ မျက်စိတူရူမှာ မြင်ရတာက မီးတောက်မီးလျှံ။ ပြီး…အဲဒီမီးတောက်တွေကြားက တောက်လန့် လောင်ကျွမ်းနေရတဲ့ နှင်းဆီပန်းတစ်ပွင့်…။

အိုး…ကျွန်တော်ကိုယ်တိုင် အလောင်ကျွမ်းခံနေရသလို။ ကျွန်တော်ကိုယ်တိုင် အနီရောင်တွေ ပွက်အန်ကျတဲ့အထိ စူးစူးဝါးဝါး

လောင်ကျွမ်းခံနေရသလို။

ကျွန်တော်…

… …။

ထာဝရ…။

သူ့ကို ကြည့်ရတာလည်း မီးတောက်တွေကြားက ခံနေတယ်။ မီးတောက်တွေကို ကျော်လွှားပြီး တစ်ပိုင်းတစ်ခြားစီ မြင်နေရတဲ့ ထာဝရရဲ့မျက်နှာလေးဟာ မှော်မျက်နှာဖုံး စွပ်ထားသလိုပါပဲ။

လှပခြင်း၊ ဆန်းကြယ်ခြင်း၊ လျှို့ဝှက်ခြင်း၊ စွမ်းအင် ကိန်းဝပ်ခြင်း၊ အတိုင်းအဆ နက်နဲခြင်း။ ပြီး…မီးတောက်ရဲ့ ဝါဝင်းတဲ့ အလင်းတွေနဲ့။

ကျွန်တော့်မျက်နှာကို သူ စေ့စေ့ကြည့်တယ်။ ကျွန်တော့် မျက်လုံးတွေကို သူ ထွင်းဖောက်ကြည့်တယ်။ ကျွန်တော့်ရင်ဘတ်ကို သူ ထိုးခွဲကြည့်တယ်။

သူ ကျွန်တော့်ကို ကြည့်တယ်။

သူ ကျွန်တော့်ကို ကြည့်နေတယ်။

သူ ကျွန်တော့်ကို… …

''လင်းဝေ…''

အိပ်မက်ထဲကနေ သူ ကျွန်တော့်ကို ခေါ်လိုက်သလိုပဲ။





''ဟင်…''

အိပ်ပျော်နေရာကနေ ကျွန်တော် ထူးလိုက်သလိုပဲ။

''ဒီမှာကြည့်စမ်း…''

မီးပုံဘေးက ထင်းစတွေကို သူပြတယ်။

''အဲဒါ ဘာတွေလဲ… သိလား…''

''ဟင့်အင်း…''

ကျွန်တော် ခေါင်းခါပြလိုက်တော့ သူက နှုတ်ခမ်းပိတ်ပြီး ပြုံးတယ်။

''အဲဒါ ဒီမီးပုံအတွက် ခွဲထားတဲ့ သစ်ကိုင်းတွေ၊ သေချာကြည့်ရင် နင် မှတ်မိမှာပါ၊ မြရာကိုင်းတွေလေ''

''… …''

ကျွန်တော် နာကျင်ခံစားလိုက်ရတယ်။ အရှေ့လေတွေ တိုက်တုန်းက ခါးကုန်းနေတဲ့ ကျွန်တော်တို့ရဲ့ မြရာပင်ကြီး၊ တုန်ယင်ချည့်နဲ့စွာ ယိမ်းထိုးနေခဲ့တာကို… ကျွန်တော် ဖန်တီးခံစားဖူးခဲ့တယ်။

အခု အစိတ်စိတ်အမြွာမြွာ ခွဲခံထားရတဲ့ မြရာကိုင်းတွေ၊ တစ်ကိုယ်လုံး ပွင့်ထွက်အောင် ဖြတ်တောက်ခံထားရတဲ့ မြရာကိုင်းတွေကိုကြည့်ပြီး…

ရင်ထဲမှာ ခါးသီးလိုက်တာ။

“လင်းဝေ…”

ကျွန်တော် ပြန်မထူးမိဘူး။

“နင်…ငါ့ကို ချစ်တယ်ဆိုရင် ကဗျာထဲကမိန်းမကို မေ့ပစ်ရလိမ့်မယ်”

“… …”

“ဒါတင်မကသေးဘူး…”

မီးပုံပေါ်မှာ သူ့လက်ကို ဆန့်တန်းပြတယ်။

သူ့လက်ထဲမှာက ကျွန်တော့်ရဲ့ ကဗျာစာရွက်ခေါက်ကလေး။ ‘မီးတောက်ရစ်သမ်’ ကဗျာစာရွက်ခေါက်ကလေး။

(ဝေလင်းက သူ့ကို ပေးထားတာဖြစ်မယ်။)

“ဒီကဗျာကိုလည်း နင် မေ့ပစ်ရလိမ့်မယ်၊ ခု ကဗျာကို ငါမီးရှို့မယ်၊ နင် လက်ခံနိုင်မလား”

“ဟင်…ဟို…”

ကျွန်တော့်အဖြေကိုတောင် မစောင့်တော့ပါဘူး။ ကဗျာစာရွက်ခေါက်ကလေးကို မီးတောက်ထဲ ပစ်ချလိုက်တယ်။ မီးတောက်ကြီးက သူ့ဗိုက်ကို အဖုံးဖွင့်ပြီး မျိုချမလို့ လုပ်တယ်။

“အိုး…”

မီးတောက်ကြီးဆီကနေ ကျွန်တော် ပြန်လုယူလိုက်တယ်။





လက်တွေ ပူခြစ်သွားပေမယ့် ဂရုမစိုက်အားဘူး။ အရေပြားတွေ မီးကျွမ်းသွားရတဲ့ ကဗျာစာရွက်ခေါက်ကလေးကိုပဲ တယုတယ ကြည့်နေမိတယ်။

“ကောင်းပြီလေ…”

ထာဝရက မတ်တတ်ထရပ်တယ်။ ကျွန်တော်လည်း ယောင်ယမ်းပြီး လိုက်ရပ်မိပါရဲ့။

(လက်ထဲမှာ ကဗျာစာရွက်ခေါက်ကလေးကို ကိုင်တွယ်အကာအကွယ်ပေးရင်း…)

“ရော့…”

ထာဝရက ကျွန်တော့်ကိုကမ်းပေးတယ်။ ဒီတစ်ခါ ကမ်းပေးတာက ဖဲကြိုးဝါတစ်စ…။

“နင်ယူသွား…၊ နင် ပြန်လည်ချည်နှောင်ချင်ပါတယ်ဆိုတဲ့ ချစ်သော ဖဲကြိုးဝါလေးလေ…”

ကျွန်တော် လှမ်းယူလိုက်တဲ့အချိန်မှာ ထာဝရရဲ့အကြည့်တွေက အေးစက်လွန်းမက အေးစက်စူးရှနေခဲ့ပြန်ပြီ။

“နင်…သူ့ကို ချစ်သလား”

သူဆိုတာ ဘယ်သူ့ကို ပြောတာလဲ။ ထိပ်ထားကိုလား။ ကျွန်တော် ဖြည်းဖြည်းကလေး ခေါင်းညိတ်ပြလိုက်တယ်။

"မမေ့ဘူးလား"

ခေါင်းညိတ်ပြရုံပါပဲ။

"ကောင်းပြီ...နင် သွားနိုင်ပြီ"

မီးတောက်ကြီးက အမောက်ထောင်ထောင်ပြီး သူ့နဲ့အတူ ကျွန်တော့်ကို မောင်းချလိုက်တယ်။

လူမိုက်တစ်ယောက်ရဲ့ အိမ်အပြန် ညပေါ့။ လုတော့ မလုပခဲ့ဘူးကွယ်။

ငါကလည်း ခက်တယ်...
ကဗျာတစ်ပုဒ်နဲ့
နေမဝင်အင်ပါယာ
ဘယ်ဟာယူမလဲလို့ မေးလာရင်
ဒုတိယအရာကို ငါ...ငြင်းတယ်...။

ဒီလိုနဲ့ပဲ
မှောက်ထားတဲ့
ငါ့ရဲ့ကံ့ကော်ဖဲချပ်ကလေးတွေ
လောကကြီးကို အမျှဝေရင်း
မြေမျိုခံခဲ့ရတာ...ကာလများစွာ ကြာပြီကောလေ...။





ထိပ်ထားရေ...

ထိပ်ထားရေ...

ထိ ပ် ထ ာ း ေ ရ ...

ထိ ပ် ထ ာ း ေ ရ ...

ထိ ပ် ထ ာ း ေ ရ ...

ထိ ပ် ထ ာ း ေ ရ...။

# အခန်း [၁၇]

## ဖြူဖြူစင်စင်

မြစ်တွေက မကျေနပ်ကြဘူး။ သူတို့ပေးလိုက်တဲ့ ရေတွေကို ပင်လယ်က ငန်အောင် လုပ်ပစ်လို့တဲ့။ ပင်လယ်ကတော့ အေးအေးဆေးဆေးပဲ။ 'ငါကသာ ယူမထားရင် မင်းတို့ရဲ့ ရေတွေဟာ ကမ္ဘာကြီးကို လွှမ်းသွားလိမ့်မယ်။ အားလုံးက မင်းတို့ကို ကျိန်ဆဲကြမှာပဲ' တဲ့။

[ပင်လယ်ပြောတဲ့စကားက မှန်တယ်။ ဒါပေမယ့်မှန်တဲ့စကားမို့လို့လား၊ပင်လယ်ရဲ့ စကားမို့လို့လား မသိဘူး။ မြစ်တွေရဲ့ နားထဲမှာတော့ ကြားရတာ ငန်ကျိကျိနဲ့။]

''ကလင်...ကလင်...ကလင်...''

ဖုန်းခွက်ကို ကောက်ကိုင်လိုက်တယ်။

''ဟဲလို...အမိန့်ရှိပါ''

''ဟော့ကောင်...လင်းဝေ၊ ငါပါ မျိုးကြီးပါ''

မျိုးတင့်အောင်ပါ။ နယ်တက္ကသိုလ်မှာတုန်းက ကျွန်တော်တွဲခဲ့တဲ့ သူငယ်ချင်းပါ။ အခုလည်း နယ်က လှမ်းဆက်တာဖြစ်ပုံရပါတယ်။

ဖုန်းခွက်ထဲက ကြားရတဲ့စကားသံက တိုးသဲ့နေတယ်။

''အေး ပြောပါဦးကွ...''

''ဘာကိစ္စမှ မရှိပါဘူးကွာ၊ သတိရလို့ ဆက်တာပါ။ စိတ်လည်း နည်းနည်းလေနေလို့...''

''ဘာလို့ စိတ်လေရတာလဲ''

''ငါ အိမ်ထောင်ပြုမလို့ကွ၊ အဲဒါကို ငါ့ဆွေမျိုးတွေက သဘောမတူကြဘူး...''

''သူတို့က ဘာလို့ သဘောမတူတာလဲ''

''ကောင်မလေးက မျိုးရိုးဂုဏ်မရှိဘူးလို့ ပြောကြတယ်ကွာ။ အေးကွာ...ပြီးတော့ သူတို့က ပြောသေးတယ်၊ ငါ့ ကောင်မလေးကို ရုပ်ရင့်တယ်တဲ့...''

''ဩော်...အဲဒါကတော့ နာစရာမရှိဘူးကွ၊ ရုပ်ရင့်တယ်လို့ ပြောတာဟာ... အသက်ကတော့ ငယ်သေးတယ်လို့ ပြောတာနဲ့ အတူတူပဲ''

''အေး...မင်းပြောတာနဲ့ ငါလည်းအားတက်လာပြီ ကောင်မလေးရဲ့အဖေက မုတ်ဆိတ်မွေးအရှည်ကြီးနဲ့ကွ၊ အဲဒါကိုလည်း ငါ့ဆွေမျိုးတွေက ကြည့်မရကြဘူး''

''ကောင်းပါတယ်ဟ၊ မင်းယောက္ခမကို ငါတောင် သဘောကျသွားပြီကွ၊ ဆောင်းတွင်းမနက်တွေ သူနဲ့ လမ်းအတူလျှောက်ရရင် ကောင်းမယ်''





မျိုးကြီး အူကြောင်ကြောင် ဖြစ်သွားပုံရတယ်။

''ဘာဖြစ်လို့လဲ...''

''ဩော်... သူ့မုတ်ဆိတ်မွေးမှာ နှင်းတွေဆွတ်နေတာ အတော်စိတ်ဝင်စားဖို့ ကောင်းမယ်၊ လှမ်းကိုင်ကြည့်ရရင် ဖီလင်ပဲ...''

မျိုးကြီး တစ်ဘက်မှ လွတ်ခနဲရယ်၏။

''တကယ်တော့ သူတို့ ကောင်မလေးအကြောင်းကို သေချာမသိကြပါဘူးကွာ၊ ငါ့လောက် ဘယ်သူ သိမှာလဲ''

''အေးပေါ့...''

''သူတို့က တစ်ကွက်တလေလောက် မြင်တာနဲ့ လျှောက်ပြောနေကြတာပါ၊ အနီးကပ် ပေါင်းဖူးတာလည်း မဟုတ်ဘူး''

''ဒါပေါ့ကွာ...ပျားရည်ဆိုတာ ပန်းတစ်ပွင့်တည်းက ရတာမှ မဟုတ်ဘဲ၊ ပန်းအားလုံးကိုမြင်တဲ့လူမှ ပျားရည်ကို မြင်တတ်တာပါ''

''ဟား...ဟား...ဒါပေါ့ သူငယ်ချင်းရာ''

မျိုးကြီး သဘောကျနေတယ်။

''ဘာပဲပြောပြော ငါကတော့ သူ့ကိုပဲ လက်ထပ်မယ်လို့ စိတ်ကူးထားတယ်...''

''ကောင်းတယ် သူငယ်ချင်း၊ မင်းဆုံးဖြတ်တာ မှန်မှာပါ၊

လုပ်သာလုပ်''

''အေးကွာ...မင်း အားပေးတာကို အများကြီးကျေးဇူးတင်တယ်၊ အခု မင်း ဘာလုပ်စရာရှိသေးလဲ''

တစ်ဖက်ကမကြားအောင် သက်ပြင်းချရင်း...

**''ဒီနေ့ လကွယ်ညကွ၊ ငါ ဂစ်တာတီးရဦးမယ်''**

''အေး...အေး၊ ဒါဖြင့်လည်း ငါဖုန်းချလိုက်ပြီ''

မျိုးကြီး ဖုန်းချသွားမှ ဂစ်တာကို ကောက်ကိုင်လိုက်တယ်။

**ဂစ်တာမှာ စည်းနှောင်ထားတာက အဝါရောင်ဖဲကြိုးလေး။**

ည...ဘာသံမှ မကြားဘူး။ တိမ်ခိုးတိမ်ငွေ့တွေ ယှက်ဖြာနေတယ်။ ဘာရယ်မဟုတ်ဘဲ ဆုတောင်းနေမိတယ်။

ချစ်သောထိပ်ထား အေးချမ်းပါစေ...။

ပိုင်အပ်တဲ့အိပ်မက်တို့လည်း ကြယ်တို့ရဲ့အရပ်မှာ မွှေးသက်ပွင့်ဝေ...ရွှေအဆင်းနဲ့ ဝင်းပါစေ...။

ထိပ်ထားရေ...။

⚜



အခန်း[၁၈]

တစ်မျှော်တစ်ခေါ်

အသားတုံးကိုက်ထားတဲ့ ခွေးတစ်ကောင်ဟာ ရေထဲကသူ့အရိပ်ကို သူမြင်တယ်။ ရေထဲက ခွေးရဲ့အသားတုံးကို သူက ခုန်လုလိုက်တယ်။ နောက်မှ သူ့အရိပ်မှန်း မြန်သိပြီး သူ့အမှားကို သူတွေ့တယ်။ သူ့အသားတုံးကို သူမတွေ့ရတော့ခြင်းဟာ သူ့အမှားကို သူတွေ့ခြင်းပေါ့။ အသားတုံးက ရေထဲမှာ မျောမြုပ် ပျောက်ဆုံးသွားပါပြီ။

[တစ်ခါတစ်ခါမှာ တစ်စုံတစ်ခုကို မတွေ့
လိုက်ရတော့ခြင်းဟာ အခြားသော တစ်စုံ
တစ်ခုကို တွေ့လိုက်ရခြင်းဖြစ်နေတယ်။]

ငါ့ကို သတိရရင် 'မြေ'ကို ကြည့်ပေါ့။ ငါက သတိရရင် 'မိုး'ကို ကြည့်မယ်။ ထိပ်ထားရယ်...ဘာပဲဖြစ်ဖြစ် ငါ နင့်ကို ဆက်ချစ်နေဦးမယ်။

ရာဇဝင်တို့ ညွတ်ကွေး...

အိုးရာဇဝင်တို့ အထပ်ထပ်ညွတ်ကွေး...

နောင်နှစ်များစွာ တိုင်အောင် နင့်မှတ်တမ်းကို ငါဆက်ရေးမယ်။

ကိုင်ရိုက်ခံရတဲ့ ပုတီးတစ်ကုံးလို ကြိုးပြတ်လွင့်ကျဲပြီးမှတော့ ဘာကို ငါ မာကျောနေရဦးမှာလဲ။

ရှိမန်တစ်ကျေးရွာမှာ ငါရှိနေမယ်။ နင်နဲ့ငါ့အတွက် ကဗျာ တစ်ပုဒ် စပ်ထားတယ်…။

ကဗျာရဲ့နာမည်က… 'မျှော်သူ'တဲ့။

အပြစ်ရှိလျှင် ခွင့်လွှတ်တော်မူပါ
မိုးရည်ချိန်ကျဲပါးသော
ရာသီဥတုအလွတ်တစ်လုံးထဲတွင်
ကျွန်တော် ဝင်ပုန်းခဲ့ရဖူးပါသည်။

အပြစ်ရှိလျှင် ခွင့်လွှတ်တော်မူပါ
ဤပေါက်ချွန်းဖြင့် တစိုက်စိုက်တူးရင်း
ဟင်းလင်းပြင်ထဲတွင် ညပ်နေသည့်သစ်သီးတစ်လုံးကို
ကျွန်တော်ခူးခဲ့မိပါသည်။
ထိုသစ်သီးမှာ ပြာသောရနံ့ ရှိပါသည်။

အပြစ်ရှိလျှင် ခွင့်လွှတ်တော်မူပါ
သို့တည်းမဟုတ်… အပြစ်ယူတော်မမူပါ





မည်သို့ပင်ဖြစ်စေ…
သင်လာသောအခါတွင် တိုက်ကျွေးရန်အတွက်
အေးချမ်းတတ်သော သောက်ရေဖြူဖြူတစ်ခွက်ကို
ယခုပင်လျှင်
ဤလက်များဖြင့် ခပ်ယူခဲ့ပြီး ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ…
ကျွန်တော်ကတော့ မျှော်နေမည်ဖြစ်ပါသည်။

တ ာ ရ ာ မ င် း ဝ ေ

6th, March' 1998 (Friday)

10:55 P.M

နီလာ-စာပေ
၆-လမ်း(A)၊တိုက်(၁၅)၊အခန်း(၀၀၄)
ဖုံး- ၅၉၃၁၂၇